

# ဝိညာဉ်
# တကယ်ရှိသလား

[ အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)၏
ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များ ]

ကြောင်ကောင်းစံ စီစဉ်သည်

၆၄
၁

မဇ္ဈိမစာစဉ် ( ၁၂၈ )


● ပြန့်ချိရေး ●

မဇ္ဈိမစာပေ

အမှတ်( ၂၃၇)၊ ၃၉-လမ်း(ပထမထပ်-ဝဲ)၊ အပေါ်ဘလောက်၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃

# ဝိဇ္ဇာ တကယ်ရှိသလား

အောင်မော်စံဆရာတော် (ကချင်ပြည်နယ်)

၏

ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ

ကြောကောင်းခံ စီစဉ်သည်။

## ဝိဇ္ဇာ တကယ်ရှိသလား

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ပုံနှိပ်ခြင်း | ။ | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသည့်ကာလ | ။ | ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ |
| ထုတ်ဝေသူ | ။ | ဒေါ်မျိုးမျိုးလတ် |
| | | ရွှေခေတ်စာပေ |
| | | အမှတ်(၂၁)၊ ဒါနလမ်း၊ သာယာကုန်း၊ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ။ | ဦးမျိုးမြင့်ကျော် |
| | | မြတ်ထက်ဟိန်းပုံနှိပ်တိုက် |
| | | အမှတ် (၅)၊ ဈေးလမ်း၊ |
| | | တပ်မြေ (၆) ရပ်ကွက်၊ ပုဇွန်တောင်၊ |
| အတွင်းဖလင် | ။ | ကိုဦး (၀၉ ၅၀၇၀၆၆၃) |
| မျက်နှာဖုံး | ။ | ပန်းချီ လင်းဝဏ္ဏ |
| အတွင်းအပြင်အဆင် | ။ | နေရီရီ |
| တန်ဖိုး | ။ | ၁၀၀၀ ကျပ် |

အောင်မော်စံဆရာတော်(ကချင်ပြည်နယ်) CIP - 294.3

ဝိဇ္ဇာတကယ်ရှိသလား – ရန်ကုန်။

မဇ္ဈိမစာပေ၊ ၂၀၁၃။

စာ – ၁၃၆၊ ၁၀.၅ × ၇.၃ စင်တီ။



၂၈၄၈၄

၇-၁၁-၂၀၁၃






ရွှေတိဂုံစေတီတော်ကြီးနှင့် ဆံတော်တွင်း



အောင်မော်စံ ဆရာတော် (ကချင်ပြည်နယ်)



ဒေါင်ဖမ်ာစံဆရာတော်နှင့် ကျောင်းဝင်းအတွင်းမှ စေတီတော်

๑



# မာတိကာ


- အမှာစာ ၁၃
- ဆရာတော်မှ ခွင့်ပြုစာ ၁၈
- နိဒါန်း ၂၀
- ဝိဇ္ဇာတကယ်ရှိသလား ၂၁
- ဘိုးတော်အောင်မင်းခေါင် ၂၅
- ဘိုးတော်အောင်မင်းခေါင် တန်ခိုးပြခြင်းများ ၂၆
  - သွပ်မိုးခေါင်မိုးတွင် အိပ်သူ ၂၉
  - ရေနွေးကြမ်းကြိုက်သောဘိုးတော် ၃၀
  - သတိပေးတရား ၃၁
  - ရောမပြည်တော်သာ ရေတွင်းကြီး ၃၂
  - ကြက်ခေါင်းပြတ်ကြီး ကောင်းကင်ပျံ ၃၄
  - ရွှေဖြစ်ငွေဖြစ် မလုပ်ရ ၃၇
  - မော်လူးအရှေ့ကျောင်းက ဘိုးတော်ကြီး ၃၉
  - ဟိုပင်ရောက် ဘိုးတော်အောင်မင်းခေါင် ၄၂

❈ ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ် ကျောင်းအုပ်နှင့်ဘိုးတော် ၄၃

❈ ကိုတင်ဒွေးနှင့် ဘိုးတော်အောင်မင်းခေါင် ၄၆

❈ ဦးတိုးအောင်နှင့်ဘိုးတော်အောင်မင်းခေါင် ၄၈

❈ လွဲဆွန်းရှာဒေါ်တိုးနှင့် ဘိုးတော်အောင်မင်းခေါင် ၅၀

❈ လောင်ဝေါ် (ကချင်) အဘိုးကြီးနှင့် ဘိုးတော်အောင်မင်းခေါင် ၅၂

❈ ဦးလဗျတောင်နှင့် ဘိုးတော်အောင်မင်းခေါင် ၅၄

❈ ဦးလုပ်ယော်နှင့် ဘိုးတော် ၅၆

❈ ဗန်းမော်မြို့က မြင်းကျောင်းသား ဘိုးတော် ၅၈

❈ အင်္ဂလိပ်လဖွတင်နင်ဗိုလ် ဦးဘအေးနှင့် ဘိုးတော်အောင်မင်းခေါင် ၆၀

❈ ဦးလဖျဲနှင့် (LA HPYE) နှင့် ဘိုးတော်အောင်မင်းခေါင် ၆၃

❈ ကိုလထော်လဆန် (LA HTAW LASENG) နှင့် ဘိုးတော်အောင်မင်းခေါင် ၆၆

❈ မော်လူးကျောင်းဆရာတော်နှင့် ဘိုးတော်အောင်မင်းခေါင် ၆၉

❈ ဒေါ်ဖွားရွှေနှင့် ဘိုးတော်အောင်မင်းခေါင် ၇၁

❋ ဆလကအရာရှိကတော်နှင့် ဘိုးတော်အောင်မင်းခေါင် ၇၃

❋ အရိုက်ခံရလေလေ လာဘ်ရလေလေ ၇၅

❋ ကျောက်ပန်းတောင်း (ကျောက်ပတောင်း) က အပျိုကြီး ၇၇

❋ ဆင်းရဲသား၏အကြွေးကို ဘိုးတော်အောင်မင်းခေါင် ဆပ်ပေးပြီ ၈၀

❋ မီးရထားကိုသံလမ်းပေါ် ပြန်တင်ပေးတယ် ၈၃

❋ ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ဆုံက ကျွန်းတုံးကြီး ၈၄

❋ အင်းတော်ကြီးလမ်းပိတ်နေတဲ့သစ်ပင်ကြီး ၈၅

❋ ကျောက်တုံး၊ ကျောက်ခဲ၊ သံတိုသံစ၊ ဘလိတ်ဓားစားတဲ့လူ ၈၆

❋ အင်းဝိဇ္ဇာ ကိုလလုံနော် ၈၈

❋ ဗိတ်ချင်းဗိတ်ကိုယ့်အိတ်ထဲဗိတ် ၈၉

❋ ရွှေအိုးယူမလား၊ ငွေအိုးယူမလား ၉၂

❋ ဒေါက်တာတီအင်လား (TNLAL) နှင့် ဘိုးတော်အောင်မင်းခေါင် ၉၄

❋ မတရားစစ်မတိုက်နဲ့ဆိုတဲ့ဘိုးတော် ၉၇

❋ ရွှေသုံးပိဿာပေးတဲ့ဘိုးတော် ၁၀၀

❊ မြစ်ကြီးနားမြို့ ဆုတောင်းပြည့်က ဘိုးတော်အောင်မင်းခေါင် မ,ပြီ ၁၀၄

❊ ဆေးနည်းပေးတဲ့ဘိုးတော်အောင်မင်းခေါင် ၁၀၆

❊ အိမ်ထောင်ဖက်ရှာပေးတဲ့ဘိုးတော် ၁၀၇

❊ တစ်နေရာသို့ ပြောင်းပေးသောဘိုးတော် ၁၀၈

❊ မပြောင်းချင်တဲ့ဝန်ထမ်းနဲ့ဘိုးတော် ၁၀၉

❊ အရက်သမားကို ချွတ်တဲ့ဘိုးတော် ၁၁၀

❊ မုဆိုးကြီးလည်းကျွတ်ပြီ ၁၁၂

❊ အလုပ်မပြုတ်အောင်လုပ်နည်း ၁၁၅

❊ အရက်တကွဲအကျိုးနည်းမဖြစ်အောင် ၁၁၇

❊ တံငါကြီးအတွက်နောက်ဆုံးငါး ၁၂၀

❊ မယုံရေးချမယုံ ၁၂၂

❊ မြစ်ကြီးနားတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဘိုးတော်ကြီး ၁၂၄

❊ ဂေါ့ဦးကွာ (God) ၁၂၆

❊ အလစ်သုတ်ခိုင်းတဲ့ ဘိုးတော်ကြီး ၁၂၈

❊ ဝိဇ္ဇာမှာ လိပ်စာ မရှိ ၁၃၁

❊ ဆေး တစ်ဆယ့်တစ်မျိုး ရှိတယ် ၁၃၄


❊ ❊ ❊

# အမှာစာ

✦ **အောင်မော်စံ ဆရာတော်နှင့် စီစဉ်သူ**

ဤစာအုပ်ကို ရေးသားပြုစုသူ အောင်မော်စံဆရာတော်ကို ၂၀၀၁ ခုနှစ်က စတင်သိခဲ့ပါတယ်။ သိတာက စာသိပါ။ ဆရာတော် ရေးတဲ့ ဆရာတော်ရဲ့ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်တဲ့ "ဘဒ္ဒန္တအရိယဝံသ၏ ကိုယ်တိုင်ရေးသော ထေရုပ္ပတ္တိနှင့် အတွေ့အကြုံမှတ်တမ်းများ" စာအုပ်ကို မိတ်ဆွေတစ်ဦးက လာရောက်ပေးခဲ့လို့ ဖြစ်ပါတယ်။ ကိုယ်တိုင် ကျင့်ကြံအားထုတ်မှုကောင်းသလို ကိုယ်တွေ့ဖြစ်ရပ်ဆန်းများကို ရေးသားထားတဲ့ ဆရာတော်ရဲ့ အတွေ့အကြုံများအနက်မှ ရွှေတိဂုံစေတီတော်ကြီးမှာ ကျင့်ကြံအားထုတ်တဲ့အခါ ကြုံတွေ့ရသည့် ထူးခြားဖြစ်စဉ်ကို စာရေးသူ (ယခု စာအုပ်စီစဉ်သူ) က ရွှေတိဂုံ စေတီတော်ကြီး နှစ် (၂၆၀၀) ပြည့် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စာအုပ်မှာ ထည့်သွင်း ဖော်ပြခဲ့ပါတယ်။

စာရေးသူရဲ့ စာအုပ်က ရောင်းအားအထူးကောင်းခဲ့သလို ပြည်တွင်းသာမက နိုင်ငံခြားထိပါ ရောက်ရှိသွားပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားက မော်ဖောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်ဆီကိုလည်း ရောက်သွားပါတယ်။ အဲဒီကစ ဆရာတော်၊ ဆရာတော့်

သာဝကများနဲ့ စာရေးသူ အဆက်အသွယ်ရပြီး ယခုစာအုပ်ကို ထုတ်ဝေဖို့ ဆရာတော်က စာရေးသူထံ အပ်လိုက်ပါတော့တယ်။ စာရေးသူရဲ့ ရွှေတိဂုံစာအုပ်ထဲမှာ ဒီလိုရေးသားခဲ့ပါတယ်။

✦ အောင်မော်စံဆရာတော်

ဆရာတော် အရှင်အရိယဝံသကို အများက အောင်မော်စံ ဆရာတော်လို့ ခေါ်ကြပါတယ်။ ဆရာတော်ဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်းရွာအုပ်စု၊ အောင်ချမ်းသာရွာ၊ အောင်မော်စံကျောင်းတိုက်မှာ သီတင်းသုံးပါတယ်။ ဆရာတော် အရှင်အရိယဝံသကို ၁၉၄၂ ခုနှစ်၊ လားရှိုးခရိုင်၊ ကွတ်ခိုင်မြို့နယ်၊ မုန်ယာဝါးမူရွာမှာ မွေးဖွားခဲ့ပြီး မိဘများက ဦးနမ်ဘူလနဲ့ ဒေါ်ဖော့မိုင်ဘောက်တို့ ဖြစ်ပါတယ်။ ငယ်နာမည်ထူးလုံ (ခေါ်) တိုးလုံဖြစ်ကာ ဂျိန်းဖောတိုင်းရင်းသားပါ။ HSF ခေါ် တန်းမြင့်ကျောင်းထွက် အောင်မြင်အပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ ကျေးရွာ မန်နေဂျာ တာဝန်အထိ ထမ်းဆောင်ခဲ့ပါတယ်။

ယခင်က ခရစ်ယာန်ဘာသာဝင်ဖြစ်သော်လည်း ၁၉၇၁ ခုနှစ်မှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပါတယ်။ လူဘဝမှာပင် သမထ၊ ဝိပဿနာကို ကျင့်ကြံအားထုတ်ခဲ့ပြီး ၁၉၇၆ ခုနှစ်မှာ ဝန်ထမ်းဘဝ၊ လူဝတ်ကြောင်ကိုစွန့်ကာ မြင့်မြတ်တဲ့ ရဟန်းအဖြစ် သာသနာ့ဘောင်ကို ဝင်ခဲ့ပါတယ်။ ဆရာတော်ဟာ မဂ္ဂဇင်းများမှာ ဆောင်းပါးများ ရေးသားခဲ့ပြီး ၁၉၉၉ ခုနှစ်မှာ "ဘဒ္ဒန္တအရိယဝံသ၏ ကိုယ်တိုင်ရေး ထေရုပ္ပတ္တိနှင့် အတွေ့အကြုံမှတ်တမ်းများ" စာအုပ်ကို ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ၂၀၀၁ မှာ ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာမှာ ဆရာတော်ရဲ့ ရွှေတိဂုံဘုရားနဲ့ ပတ်သက်ပြီး တွေ့ကြုံခဲ့သောဖြစ်စဉ် ဟောပြောချက်ကို မှတ်သား၍ ပြန်လည်ဖြည့်စွက် ရေးသားခဲ့ပါတယ်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှာ ဒကာကြီး ဦးစန်းမြင့်ကို အကြောင်းပြုပြီးဟောတဲ့ တရားထဲမှာ ပါတာပါ။ စာမျက်နှာ ၁၆၆ ကနေ ၁၆၈ ထိ ဖော်ပြထားတဲ့ ဆရာတော်ရဲ့ ရွှေတိဂုံစေတီတော်ရဲ့ အောက်ဆံတော်တွင်းသို့ ဆင်းသက်ခဲ့သည့် ထူးခြားသော ကိုယ်တွေ့ရေးသားဖော်ပြချက်ကို မူရင်းသတ်ပုံအတိုင်း ဖော်ပြအပ်ပါသည်။ (ထိုစဉ်က ရဟန်းဘဝမဟုတ်ဘဲ လူ့ဘဝနဲ့ ကျင့်ကြံအားထုတ်နေစဉ်ဖြစ်ကြောင်း သိရပါတယ်။)

## ရွှေတိဂုံစေတီတော်ကြီးအောက်ဆံတော်တွင်းဆီသို့

ဘုန်းကြီးက ရွှေတိဂုံဘုရား ရင်ပြင်တော်ကို ရောက်သွားပါတယ်။ ၁၉၇၅ ခုနှစ်က ဘုန်းကြီးလူ့ဘဝနဲ့ တရားအားထုတ်စဉ်ကပါ။ ရွှေတိဂုံဘုရားကို ပတ်ပတ်လည်ဖူးပြီး ရပ်နေစဉ် လေးထောင့်ကျောက်ပြားတစ်ခုက စောင်းပြီး ရွှေတိဂုံဘုရားအောက် ဌာပနာတိုက်ထဲကို ရောက်သွားတယ်။ ဘုန်းကြီးကျသွားတာက ဓားစက်နဲ့ လှံစက်တွေကြား ကျသွားတာ။ ဒီအချိန်မှာ ဓားစက်၊ လှံစက်တွေက ရပ်နေတယ်။ အဲဒီဘေးမှာ လူတစ်ယောက် အသားညိုညို ထွားထွား ကြိုင်းကြိုင်း ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းတဲ့လူကို တွေ့ရတယ်။ ဒီလောက်ထွားကျိုင်းတဲ့လူကို ဘုန်းကြီး တစ်ခါမှ မတွေ့ဖူးပါဘူး။ အဲဒီလူကြီးက ဘုန်းကြီးကို "မင်း တော်တော်မိုက်တဲ့ကောင်ပဲ။ တို့ကိုအကြောင်းမကြားဘဲ ဘာလို့ဒီအထဲကို ဝင်လာသလဲ" လို့ မေးတယ်။ ဘုန်းကြီးက "ကျွန်တော် လာချင်တဲ့စိတ်နဲ့လာတာ မဟုတ်

ဘူး။ သူ့အလို လို ရောက်လာတာ။ ဒီအထဲကို လာရကောင်းမှန်းလည်း မသိပါဘူး”လို့ ပြောလိုက်တယ်။ “အမှန်တကယ် ဟုတ်ရဲ့လား” လို့ ထပ်မေးတယ်။ ဘုန်းကြီးက “အမှန်တကယ်ပါပဲ” လို့ ဖြေလိုက်တော့ “မင်းရောက်လာမှတော့ လျှောက်ကြည့်ပေါ့ ကွာ။ ခါးစက်၊ လှံစက်တွေ ဖွင့်ထားရင် မင်းဖွတ်ဖွတ်ညက်ညက်ကြေပြီသာမှတ်။ စက်တွေရပ် တုန်း မင်းရောက်တာ ကံကောင်းတာပေါ့” လို့ပြောတယ်။ ဘုန်းကြီး လည်း လက်ယာရစ် လှည့်ပတ်ကြည့်တော့တာပဲ။ အဲဒီအထဲမှာ ဇရာမလှေကြီး နှစ်စင်းမြင်ရတယ်။ တစ်စင်းကဖြူဖြူ တစ်စင်းက ဝါဝါပဲ။ ရွှက်လွှင့်တဲ့လှေကဲ့သို့ ကြိုးတွေက ဘုရားနဲ့ဆက်ထားတယ်။ သာမန်စကားနဲ့ ပြောမယ်ဆိုရင် ပြတိုက်သဘောပဲ။ အဲဒီအပေါ်မှာ ရတနာမျိုးစုံရှိတယ်။ ရွှေရောင်ဝင်းနေတဲ့ လှေထဲမှာ ရှိတဲ့ ပစ္စည်းတွေ က ပိုထူးခြားတယ်။ အရောင်တွေ လက်နေလို့ မျက်စိက ဒဏ်မခံနိုင် ဘူး။ ဥပမာပြောရမယ်ဆိုရင် ရုပ်ရှင်ပြနေစဉ် အပြင်က အထဲဝင်လာ ရင် ဘာမှမမြင်ရသလိုပဲ။ မျက်စိလည်း ကျိန်းသွားတယ်။ အခြား ဘာပစ္စည်းကိုမှ မမြင်ရတော့ဘူး။ ဘုန်းကြီးလည်း ဆက်မကြည့်နိုင် တော့ဘဲ “ကြည့်လို့ ဝပါပြီ” လို့ပြောလိုက်တယ်။ “မင်းပြန်ချင်ရင် ရာဟုထောင့်ကပြန်” လို့ လမ်းညွှန်တာနဲ့ ခြေခုနစ်လှမ်းလောက် လျှောက်တာနဲ့ ရင်ပြင်တော်ကို ရောက်လာတာပဲ။

ဘုန်းကြီး မြင်ခဲ့တာက တစ်ခုကျန်သေးတယ်။ အဲဒါက ကျောက်ရုပ်ဖြစ်နေတဲ့ လူတစ်ဦးပါ။ သူက ထွားထွားကျိုင်းကျိုင်းပဲ။ တစ်ခါကြည့်ရင် လဲလျောင်းနေတဲ့ပုံ၊ နောက်တစ်ခါကြည့်ရင် ပက်လက် ဝလှန်နေတဲ့ပုံ မြင်ရတယ်။ လပြည့် လကွယ်မှာ အစာရှာထွက်တတ် တယ်လို့ သိရတယ်။ သူ့နာမည်က မောင်ကံတဲ့။ တစ်ချိန်က မြန်မာ

ပြည် မှာ လူစွမ်းကောင်းတစ်ဦးပေါ့။ တရုတ်ပြည် ဥတည်ဘွားထံက စွယ်တော်ကို ပထမသွားပင့်တဲ့အခါ ဟိုရောက်တော့ ဥတည်ဘွားက သူ့သမီးနဲ့စေ့စပ်ပြီး ပေးစားခဲ့တယ်။ စွယ်တော်လည်း သူ မပင့်ခဲ့တော့ဘူး။ သူ့သမီးအတွက် မြန်မာပြည်က အဖိုးတန်ရတနာတွေ လာယူတာ။ ဘုရားသိုက်ထဲမှာ ရတနာတွေမရဘဲ လောဘဇောကြောင့် ကျောက်ရုပ်ဖြစ်သွားတယ်လို့ ဘုန်းကြီးသိရပါတယ်” အဲဒီ ရွှေလှေငွေလှေတွေဟာ ရေအိုင်ထဲမှာပဲ။ ရေအိုင်က ပင်လယ်ရေရဲ့ အဆက်ပဲ။ ရွှေလှေကြီးတွေရဲ့ ရွက်တိုင်ကြိုးတွေဟာ ဘုရားနဲ့ဆက်ထားတယ်။ ၎င်းအထက်မှာ မြေကြီးရှိတယ်။ မြေကြီးအထက်မှာ ဘုရားရှိ တယ်။ အထက်က ဘုန်းကြီးပြောခဲ့တာတွေဟာ ဘုန်းကြီးတွေ့ကြုံခဲ့တာတွေပါ။

အောင်မေ်ာစံဆရာတော် ဘဒ္ဒန္တအရိယဝံသရဲ့ ကိုယ်တွေ့ပြောပြချက်က ဒါလောက်ပါပဲ။ ဆရာတော်ဟာ ယခုဆိုရင် သက်တော် (၇၂)၊ ဝါတော် (၃၈)ဝါ ရပြီး ဝိုင်းမော်မြို့နယ် မှန်တောင်တောတွင်းမှာ တောရဆောက်တည်နေသလို အောင်မေ်ာစံတောရကျောင်းမှာ သာသနာပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

စကြာကောင်းစံ

❋ ❋ ❋

# ဆရာတော်မှ ခွင့်ပြုစာ

သို့/

စာရေးဆရာ စကြာကောင်းစံနှင့် ဇနီး ဒေါ်ခင်သန်းမြင့်

မင်္ဂလာပါ။ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်း လိုက်ပါတယ်။ စာရေးလိုက်သူကတော့ မြစ်ကြီးနားက အောင်မော်စံ ဆရာတော် (ကချင်) ဦးအရိယဝံသပါ။

ဓာတ်စီးတဲ့ မရှိုင်းစိန်က ပြောတယ် ""အောင်မော်စံ ဆရာတော် ရေးတဲ့ စာမှန်သမျှကို စာရေးဆရာ စကြာကောင်းစံက စာအုပ်ထုတ် ပုံနှိပ် ထုတ်ဝေပေးမယ်လို့ ပြောတယ်၊ မှာလိုက်တယ်"" ဒီအတွက် ဘုန်းကြီးက ဝမ်းသာပါတယ်။ ယခု စာမူပို့လိုက်ပါတယ်။ ""ဝိဇ္ဇာ ရှိသလား"" ခေါင်းစဉ်နဲ့ ရေးတာပါ။ စာမျက်နှာ (၈၀)ပါ ဗလာစာအုပ် နဲ့ ရေးတာပါ။ ပထမအုပ်၊ ဒုတိယအုပ်လုပ်ထားတယ်။ တစ်ပေါင်း တည်း ထုတ်ဝေရင်လည်း ကောင်းပါတယ်။ တတိယအုပ်က ရေးနေ တုန်းပါ။

ဒကာအနေနဲ့ ဖတ်ကြည့်ပြီးမှ သင့်တော်တယ်ဆိုမှ ပုံနှိပ် ထုတ်ဝေစေလိုပါတယ်။ ဦးစောနွံ့စေဟုန် ဇနီးမောင်နှံမှ တစ်ဆင့်

ပေးပို့လိုက်တာပါ။ ဒကာပို့ပေးလိုက်တဲ့ စာအုပ်နဲ့စာလည်းရပါတယ်။ ဝမ်းသာပြီး ကျေးဇူးတင်ပါတယ်။

အကယ်၍ မြစ်ကြီးနားရောက်ရင်လည်း ဝင်ခဲ့ပါလို့ ဖိတ်ခေါ်လိုပါတယ်။ (ဒီစာအုပ်)ကို အလျင်အမြန်စာအုပ် ထုတ်စေလိုခြင်း သဘောမဟုတ်ပါ၊ ဖြည်းဖြည်းမှလုပ်ပါ။ ဓမ္မဒါနလည်း လုပ်လို့ရ၊ ရောင်းရင်လည်း ရပါတယ်။ ရတဲ့ငွေကို လူမှုရေးအသင်း တစ်ခုခုကို လှူစေလိုပါတယ်။

တော်သေးပြီ။

ဦးအရိယဝံသ
အောင်မောင်စံကျောင်းတိုက်
ဓော်ဖောင်း၊ မြစ်ကြီးနား။

❋ ❋ ❋

# ကျွန်ုပ်နှင့်ဝိဇ္ဇာများ (အပိုင်း-၁)
## နိဒါန်း

❁ လောကီအစုတ်၊ လူတို့နှုတ်ကား
မဟုတ်လည်း ပြော၊ ဟုတ်လည်း ပြော၏။

❁ သကာချိုမျိုးထန်းလျက်အိုးနှင့်၊
ပျားအိုးပျားခွက်၊ ပျားရည်စက်၌၊
ပုရွက်ပိုးရွ၊ မိုက်အနွတို့၊ ရသချိုမြက်
အာဂုံမက်၍၊ အသက်ဆုံးစေ၊
သောက်သေသေသို့။

❁ မောင်က လျှုတော့ မယ်ကြည်ဖြူ၊
မယ်က လျှုဒါန်း မောင်ရွှင်လန်းဖြစ်ရမည်။

ဒါက ဒီလစ်ဘွဲ့ရ စာပေပညာရှင်များ
ရေးခဲ့တာပါ။

# ဝိဇ္ဇာဝိုရ်တကယ်ရှိသလား

၁။ လယ်တီဆရာတော်သည် ဝိဇ္ဇာဒီပနီကျမ်းရေးသားခဲ့သည်။ ထိုကျမ်းတွင် -

(၁) ဗေဒဝိဇ္ဇာ

(၂) မန္တန်ဝိဇ္ဇာ

(၃) ဂန္ဓာရီဝိဇ္ဇာ

(၄) လောကီဟဝိဇ္ဇာ

(၅) အရိယဝိဇ္ဇာ ဟူ၍ဝိဇ္ဇာ (ငါးမျိုး)ရှိကြောင်း ရေးသားခဲ့တယ်။ အကျယ်ကို ထိုကျမ်းမှာ ကြည့်နိုင်တယ်။

၂။ ထင်ရှားကျော်ကြားသော တောင်တန်းသာသနာပြုဆရာတော် (ရေဆူဆရာတော်) ဦးဥတ္တမသာရသည်လည်း "မိမိသည် ဝိဇ္ဇာဓိုရ်ရှိဦးကျော်နှင့် အကြိမ်ကြိမ်တွေ့ဆုံဖူးကြောင်း၊ ပေါင်တဘက်

၂၈၄၈၄

မဇ္ဈိမအာဧပတိုက်

လဲလှယ်ရန် ပြောဖူးကြောင်း၊ ဝိဇ္ဇာမိုရ်ရှိတို့သည် နံနက်လင်းအားကြီး အချိန်တွင်လာတတ်ကြောင်း” ကို ကိုယ်တိုင်မိန့်ကြားသည့်အပြင် ဆောင်းပါးများလည်း အကြိမ်ကြိမ်ရေးဖူးလေသည်။

၃။ စလေဦးပုည

စလေဆရာ ဆရာဦးပုညကလည်း သူ၏မေတ္တာစာ ထဲမှာ -

ဖန်ဆင်းလိုရာ၊ နာနာရုပ်မျိုး မြေလျှိုးမိုးပျံ အကြံ ခပ်သိမ်း၊ အံ့ရှိန်းဆာယာ၊ ပြီးစီးစွာ၍၊ ကမ္ဘာနှင့် အသက် ချင့်တွက် နေမြဲ၊ ဖောက်လွှဲယွင်းယို၊ မအိုနိုင်မနာနိုင်၊ အရေးပိုင်အစိုးရ၊ ဖြစ်ကုန် ကြသူတို့၊ ပစ္စက္ခကုသိုလ်ကံ၊ သံသရာကောင်းမှုကို၊ ပေါင်းစုယှက်ဆုံ၍၊ ကြွဋ္ဌာရုံစီးပွားကို၊ ဝိဇ္ဇာမိုရ်ယောက်ျားကဲ့သို့ ဟူ၍လည်းကောင်း၊

ပါဠိအဋ္ဌကထာ၊ ဋီကာကျမ်းဟောင်း၊ စာဟောင်း စာတမ်း၊ ထုံးတမ်းရာဇဝင်တို့ကို ဆင်ခြင်ထောက်ဆ၍ ဝိဇ္ဇာမိုရ်ဖြစ် ဟန်မှာ - ပြဒါး၊ သံ၊ ဆေးဝါး၊ အင်း၊ မန္တန်အတတ်များဖြင့် ကောင်းကင် သွား ရွှေ၊ ငွေ အထွေထွေတန်ခိုးကို အစိုးရလတ်၊ လူ့ရပ်နတ်ပြည်၊ ဝိဇ္ဇာမိုရ် ငါးရပ်ရှိလေသည်ဟူ၍ လည်းကောင်း ဖော်ပြထားလေသည်။ လူ့ပြည်၌ ဝိဇ္ဇာရှိသည်သာမက နတ်ပြည်၌ပင် ဝိဇ္ဇာမိုရ်ရှိကြောင်း ဖော်ပြထားလေသည်။

၄။ ဓမ္မပဒကျမ်းမြတ်၌ ဇဋိလဝတ္ထုတွင် မြေလျှိုးမိုးပျံသည့် ဝိဇ္ဇာမိုရ်ယောက်ျားတစ်ယောက်သည် ဟိမဝန္တာမှလာ၍ သူဌေးသမီး နှင့်ပေါင်းသင်းရာ ဇဋိလသူဌေးသားကို ဖွားမြင်ပါသည်။

၅။ ပါဠိတော်အပါဒါန်တွင်လည်း အရှင်မဟာကစ္စည်းမထေရ်မြတ်၏ အလောင်းတော်ဝိဇ္ဇာဓိုရ်ရသည် သုမေဓာဘုရားရှင်နှင့် ကောင်းကင်ယံ၌ ဖူးတွေ့ရရာ ကြည်ညိုစိတ် ကြီးမားလှသဖြင့် မဟာလှေခါးပန်းပွင့်ကို လှူဖူးကြောင်း။

ဥတ္တရသာမဏေ အလောင်းတော်ဝိဇ္ဇာသည် သုမေဓာဘုရားရှင် နှင့် ကောင်းကင်ယံ၌ ဖူးတွေ့ရရာ ပန်း၊ ထီး လှူဖူးကြောင်း။

၆။ ဝိဇ္ဇာဓရာဝိဇ္ဇံပရိဇပ္ပေတွာဝေဟာယံဂစ္ဆန္တိ။

(ပဋိသမ္ဘိဒါမဂ်- ဣဒ္ဓိကထာ)

ဝိဇ္ဇာဓိုရ်များသည် ဂါထာမန္တန်ကို ရွတ်ဆို၍ အထက်ကောင်းကင်ဝယ် သွားလာကြသည်။

၇။ ဝိဇ္ဇာဓရောအာသိံအန္တလိက္ခစရောအဟံ။

တိသူလကတံကာယံဂစ္ဆာမိအမ္ဗရေတဒါ။

(ထေရအပါဒါန်ပါဠိတော်)

တပည့်တော်သည် ဝိဇ္ဇာဓိုရ်ဖြစ်ခဲ့စဉ်က အခွံသုံးခုပါသော ဆေးတောင်ဝှေးကိုကိုင်၍ ကောင်းကင်၌ သွားလာခဲ့ပါသည်။

အထက်ဖော်ပြပါ ဝတ္ထုကျမ်းဂန်ပါဠိတော်ကို ထောက်ခြင်းအားဖြင့် ဝိဇ္ဇာဓိုရ်များရှိသည်ကို တွေ့ရှိရပါသည်။

လူဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ ရဟန်းတို့ကိုခွဲခြားတတ်ရန်လိုအပ်ပါသည်။ လူဝိဇ္ဇာသည် လူအလုပ်၊ လူကိစ္စကိုဆောင်ရွက်၍ နတ်ဝိဇ္ဇာသည် နတ်အလုပ်ဆောင်ရွက်သည်။ နတ်စည်းကမ်းထိန်းရသည်။ ရဟန်းဝိဇ္ဇာကလည်း ရဟန်းသိက္ခာ (၂၂၇) သွယ်ကို ထိန်းသိမ်းရပေသည်။

ကဲ့ရဲ့ပြစ်တင်၊ ရှိဖွယ်မြင်သော်၊ အကြင်သို့သော၊ ခေတ္တာနှော၍ သဘောဖြူစင်၊ စိတ်ကောင်းဝင်လျက်၊ ဉာဏ်လျှင် သက်ကြောင်း သူတော်ကောင်းတို့၊ ထုံးဟောင်းသာဓက၊ ရှုမျှော်ဆ၍၊ ဘဝသက်ဆုံး မျက်မမုန်းဘဲ၊ နှလုံးစိတ်ဝမ်း လန်းစေသော်။

အထက်ပါအချက်အလက်တွေက ဗုဒ္ဓဘာသာမှာ ဝိဇ္ဇာမိုရ် တကယ်ရှိကြောင်း လက်လှမ်းမှီသရွေ့ လေ့လာခြင်း ဖြစ်ပါသည်။ နိုင်ငံခြားမှာလည်း စူပါမင်းရှိကြောင်း လေ့လာခြင်းပြုဖူးပါသည်။ တကယ်လေ့လာကြည့်တဲ့အခါ နိုင်ငံခြားက စူပါမင်း (Superman) ကိစ္စဟာ ပုံပြင်ကိုအခြေခံပြီး ကင်မရာလှည့်စားခြင်း၊ ကွန်ပျူတာ လှည့်စားလှည့်ကွက်သာ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

ကျွန်ုပ်သည် ဘာသာခြားဖြစ်၍ ဗုဒ္ဓဘာသာဝိဇ္ဇာမိုရ် အကြောင်းကို တစ်ခန်းတစ်ကဏ္ဍထားပြီး အပူတပြင်း လေ့လာရပါ တော့သည်။ လေ့လာတယ်ဆိုပါသော်လည်း သုတေသနပြုသည်ထက် အောက်ကျတဲ့ လေ့လာခြင်းပါ။ သာမန်ကာလျှံကာ (ရှံကာ) လေ့လာ ထားခြင်းသာဖြစ်ပါသည်။ သို့လင့်ကစား ဤမျှလောက်လေ့လာမိရာ၌ အချိန်ကုန်၊ ငွေကုန်ခြင်း၊ လူပင်ပန်းခြင်း၊ ဒုက္ခအန္တရာယ်တွေ့ကြုံရ ခြင်း၊ ဉာဏ်မမီတဲ့အတွက် ဦးနှောက်ခြောက်ရခြင်း ပြင်းထန်စွာ ကြုံတွေ့ခံစားခဲ့ရပါသည်။

ကျွန်ုပ်အထူးလေ့လာခဲ့သည့် ထွက်ရပ်လိုက် ဝိဇ္ဇာမိုရ်ဘိုးတော် မှာ ဘိုးတော်အောင်မင်းခေါင် ဖြစ်ပါသည်။

☀ ☀ ☀

# ဘိုးတော်အောင်မင်းခေါင်

ဘိုးတော်က ကချင်ပြည်နယ် တောတောင်မြို့ရွာ၊ ဂူတို့တွင် အထူးကျင့်ကြံအားထုတ်ခဲ့သည်။ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဖားကန့်၊ ဆိုင်းတောင်၊ လုံးခင်း၊ ဆိပ်မူဂူတို့တွင် အားထုတ်ခဲ့ပါသည်။ မိုးကောင်းမြို့နယ် နမ္မားခရုချောင်းရွာတွင် အထူးဓာတ်ကျ၍ မွန်မြတ်သော ဓာတ်ပန္နက်ချပြီး ကျင့်ကြံအားထုတ်ခဲ့ သည်။

ခေါင်လေးခေါင်ဘွဲ့ ရသည်။ အင်း၀ သတိုးမင်းခေါင်၊ ဓမ္မစေတီ ဘိုးမင်းခေါင်၊ စမ ဝိဇ္ဇာမိုရ်ဘိုးမင်းခေါင်၊ တိမ်ကြား မင်းခေါင် ဟူ၍ဖြစ်သည်။ ဗုဒဂိုရဘုရားအလောင်းတော်၊ ဆုကြီးပန်ဘိုးတော်ဖြစ် သည်။ (၆၉) ခြောက်ဆယ့်ကိုးပါးသော ဝိဇ္ဇာအဖွဲ့တွင် အတွင်းရေးမှူး ဖြစ်သည်။ ဘိုးဘိုးအောင်က ဥက္ကဋ္ဌဖြစ်သည်။ စမဓာတ်ထူးဓာတ်မြတ် ကို ဘိုးတော်ဘိုးဘိုးအောင်ထံမှ သင်ယူသည်။ အင်းပညာလည်း ထက်မြက်သည်။ ကချင်ပြည်နယ်၌ ကျင့်ကြံအားထုတ် အောင်မြင် ခဲ့သော်လည်း ပုပ္ပားတောင်ကလပ်တွင် ထွက်ရပ်ပေါက်သည်။

* * *

# ဘိုးတော်အောင်မင်းခေါင် တန်ခိုးပြခြင်းများ

ချင်းတွင်းမြစ် ကျွန်းတုံးတစ်တုံးဟာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ဆုံတဲ့နေရာတွင် ကန့်လန့်ဖြစ်နေသဖြင့် သင်္ဘော၊ လှေများအသွားအလာခက်နေသဖြင့် ရေကြောင်းခရီးသည်များ ဒုက္ခ ရောက်နေစဉ် မကြည့်ရက်သော ဘိုးတော် အောင်မင်းခေါင်သည် ထိုနေရာသို့ ရောက်လာပြီး ကျွန်းတုံးကြီးကို အမိန့်ပေးတယ် . .

"ဟေ့ . . မင်း ဒုက္ခတော်တော်ပေးနေတယ်။ ရပ်လိုက်ပါ တော့လား၊ မရပ်ရင် ကြိမ်တုတ်နဲ့ရိုက်မယ်"

ဟု မိန့်ကြား၍ ကြိမ်တုတ်ကိုလေထဲ၌ ဝှေ့ယမ်းလိုက်ရင် ကျွန်းတုံးကလှုပ်ရှားသွားပြီး ဧရာဝတီမြစ်ဘက်သို့ ဦးတည်ရွေ့လျား သွားတယ်။ ထိုအခါ ဘိုးတော်အောင်မင်းခေါင်က အမိန့်ပေးပြန်တယ်။

"မင်းငါ့ကို ပါရမီဖြည့်ပါ။ ငါနဲ့မင်းနဲ့ ကချင်ပြည်နယ်မှာ ဘုရားစေတီတည်မယ်၊ ငါက မင်းကိုစီးပြီး ဧရာဝတီမြစ်အတိုင်း အထက်ကိုဆန်တက်မယ်၊ ငါစေတီတည်မယ့်နေရာမှာ မင်းရပ်တန့် ပေးရမယ်"

ဟု အမိန့်ပေးတဲ့အခါ ကျွန်းတုံးကြီးသည် မြင်ကြီးနားမြို့ရဲ့ တနင်္ဂနွေထောင့် ဧရာဝတီမြစ်တွင် ရပ်တန့်လိုက်တယ်။

"ဩော် . . ဒီမှာ မင်းနဲ့ငါစေတီတည်ရမှာကိုး"

ဆိုကာ ကျွန်းတုံးပေါ်မှဆင်းပြီး ကုန်းပေါ်တက်၍ စေတီ ကလေးငယ်ငယ်ကို တည်ထားတယ်။ "ငယ်သာငယ် ကယ်မဲ့ဘုရား" ဟု ကြုံးဝါးတယ်။ ထိုစေတီတော်နံဘေးတွင် အတော်အတန်ကြီးသော ဆင်ရုပ် (ဝပ်နေတဲ့ဆင်) ကိုပါ ပြုလုပ်တည်ထားတယ်။

ထိုဆင်ရုပ်စေတီတော် ပန္နက်ချပြီး ယခုမြစ်ကြီးနားမြို့၏ တနင်္ဂနွေထောင့်တွင် စေတီတော်တည်ထားခဲ့ပါတယ်။ ထိုစေတီငယ် ကို ခေတ်အဆက်ဆက်က ငုံတည်လာခဲ့ကြရာ ယခုအခါ ၄၅ တောင် ပြည့် "ဆုတောင်းပြည့်စေတီတော်ကြီး" ဟု အမိပတိ ထင်ရှိနေပါတယ်။

ဆုတောင်းပြည့်စေတီတော်၏ အရှေ့တောင်ထောင့် အဂ္ဂိ ထောင့်တွင် မူလကတည်ထားသည့် ဆင်ရုပ်နှင့် စေတီငယ်မှာလည်း ယခုထက်တိုင် မပျက်မစီးအောင် သက်ဆိုင်ရာ ဂေါပကအဖွဲ့ကို မြစ်ကြီးနားမြို့နယ်တစ်ခုလုံးက ရပ်/ကျေး သံဃနာယကဆရာတော်၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ် သံဃနာယကဆရာတော်တို့က ဖွဲ့စည်း၍ စနစ်တကျစောင့်ရှောက် ထိန်းသိမ်းထားတာကိုတွေ့ရပါတယ်။ ဆုတောင်းပြည့်စေတီတော်သည် ရွှေအစစ်ချထား၍ သပ္ပါယ် တင့်တယ်ခြင်းအပြည့် ရှိပါတယ်။

ထိုဆုတောင်းပြည့်စေတီတော်တွင် ရက်ကန်းစင်တောင် ဆရာတော်၊ ရာကျော်ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးတော် အောင်မင်းခေါင်တို့ရဲ့ ရုပ်တုတော်တို့ကိုလည်း ကြည်ညိုဖွယ်တွေ့ရ ပါတယ်။ လောကီချမ်းသာ လောကုတ္တရာ ချမ်းသာကိုရလိုသောသူ

ခုနစ်ရက်သား၊ သမီးတို့ဟာ ထို ဆုတောင်းပြည့်စေတီတော်တွင် အဓိဋ္ဌာန်ဝင်ကြသူများ များပြားစည်ကားနေပါတယ်။ ဤစေတီတော်သည် မြစ်ကြီးနားမြို့တွင်း၌ အထင်ရှားဆုံး၊ အစည်ကားဆုံးစေတီတော် ဖြစ်ပါတယ်။ ဂျပန်က လာရောက်တည်ဆောက် ကိုးကွယ်ထားသော လျှောင်းတော်မူ (ပေါင်းလည်း) ရုပ်ပွားတော်ကြီးနှင့် ရုပ်တော်မူရုပ်တုတော်ကြီးလည်း ငွါးငွါးစွင့်စွင့် တည်ထား ကိုးကွယ်ထားပါတယ်။ ဧရာဝတီမြစ်ကမ်းနံဘေးတွင်ရှိ၍ အလွန်လှပသော ရှုမျှော်ခင်းတို့ကို စေတီတော်၏ အရှေ့ဘက်တွင် ကြည့်ရှုလိုက်ပါက တွေ့မြင်ခံစား သာယာနိုင်ပါတယ်။ "ဗျူးပွိုင့်" ဆိုနိုင်ပါတယ်။

* * *

## သွပ်မိုး ခေါင်မိုးတွင် အိပ်သူ

ဘိုးတော်အောင်မင်းခေါင်ဟာ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင်းသို့ လှည့်လည်သွားလာပြီး အလွန် အေးချမ်းသော ဆောင်းရာသီတွင် အိမ်ခေါင်မိုးသွပ်ပြားပေါ်၌ တစ်နေကုန် တစ်နေ ခန်း အိပ်စက်နားနေ၊ ထိုင်နေလျက်ရှိခဲ့ပါတယ်။ နွေရာသီပူပြင်းသော ကာလတွင်လည်း သွပ်မိုးပေါ်၌ အိပ်၊ လျောင်း၊ ထိုင်နေတတ်ပါတယ်။ လူများကို စကားမပြောပါ။

* * *

မရှိမဖြစ်စာပေတိုက်

## ရေနွေးကြမ်း ကြိုက်သော ဘိုးတော်

ဘိုးတော်အောင်မင်းခေါင်ဟာ တစ်နေ့သောအခါ အလှူမင်္ဂလာပွဲ မဏ္ဍပ်သို့ ရောက်လာပြီး ရေနွေးတောင်းသောက်ပါတယ်။ ခုနစ်ရက်သားသမီးတို့က ရေနွေးကြမ်းပန်းကန်နှင့်ငှဲ့ပေးရာ "ငါ မဝဘူး . . ခရားလိုက်ပေးပါ" ဆိုကာ လက်ဖက်ခြောက် မခတ်သေးတဲ့ ရေနွေး (ပွက်ပွက်ဆူ) အိုးထဲကို လက်ဖက်ခြောက် အမြန်ထည့်ပြီး မီးဖိုပေါ်မှာ ခဏနှပ်ထားစေပါတယ်။ ခဏကြာသော် ခရားလိုက် မော့သောက်သောကြောင့် လူများလန့်ဖျပ်ကုန်ကြပါတယ်။ ရေနွေးကြမ်းပန်းကန်ထဲ ငှဲ့ထည့်ထားတဲ့ ပူပူလောလော ရေနွေးကြမ်းကိုလည်း တစ်မော့တည်း မော့သောက်ပြီး "ကောင်းလိုက်တာကွယ် . . မြေးတို့ရယ်" ဟု ဆိုတတ်ပါတယ်။

* * *

## သတိပေး တရား

ဘိုးတော်အောင်မင်းခေါင်ဟာ အင်္ဂလိပ်ခေတ်နှောင်း ဂျပန်ခေတ်ဦး ကာလတွင် ရပ်/ကျေး၊ မြို့/ခရိုင်ရှိလူ အပေါင်းတို့အား "မျှစ်နဲ့ငါး ချက်စားကြ" ဟု ပြောဟောပါတယ်။ "ငါးပါးသီလလုံကြ၊ မေတ္တာပို့ကြ"ဟု အဓိပ္ပာယ်ရှိတယ် ဆိုပါတယ်။ တချို့လူတွေကျတော့ "မျှစ်နဲ့ငါးဟင်းချက်နည်းတစ်နည်း ရတာပဲ" လို့ ပြောကြပါတယ်။ ဤသို့ မျှစ်နဲ့ငါးဟင်း ချက်စားရန် ရောက်လေရာအရပ်၌ တွင်တွင် ပြောဆိုတဲ့အပြင် အတိတ်တဘောင်ရွတ်၍လည်း သတိပေးခဲ့တယ်။

* * *

# ရောမ ပြည်တော်သာ ရေတွင်းကြီး

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နမ္မားရွာ၊ ခရုကျောင်းတွင် ဘိုးတော်အောင်မင်းခေါင်သည် ဓာတ်ပန္နက်ကောင်းရိုက်ပြီး ဘူးဘုရား တည်ထားတယ်။

"ငါ့စကား နားမထောင် (ဘူး) ၊ သူတော်ကောင်းစကား နားဝယ်မထား (ဘူး)၊ ဘာသာရေးကိုမကြိုးစားကြ (ဘူး) . . . "

စသည်ဖြင့် ခေတ်လူသားတို့ရဲ့ ချို့ယွင်းချက်ကို သတိပေးတဲ့ အနေနဲ့ "ဘူး" ဘုရား ကိုတည်တာဖြစ်ပါတယ်။ အခုတော့ ထို "ဘူး" ဘုရားကို ငုံတည်လိုက်ပါပြီ။ ထီးတော်တင်လှူပြီးတာ နှစ်မကြာသေး ပါ။

ဤအဖြစ်အပျက်ကို ယခုထက်တိုင် နမ္မား၊ ခရုကျောင်းရွာမှာ သက်လတ်၊ သက်ကြီးတိုင်း တဖွဖွပြောဆိုနေကြ ပါတယ်။ ထိုခရု ကျောင်းရွာမှာပင် အလွန်ကြီးမားတဲ့ ရေတွင်းကိုတူးကြတယ်။ ဦးနု လက်ထက်တွင်ဖြစ်တယ်။ ရေတွင်း ရေမထွက်သောကြောင့် ဘယ်လိုမှ

မတတ်သာ၍ ဘိုးတော်အောင်မင်းခေါင်ကို တ(တ)တည်း (တ)ကြပါတယ်။ မကြာမတင်ခင် ဘိုးတော်ကြွလာပြီး ရှေ့ကပုဆိုးကို လှန်လိုက်တယ်။ မကြည့်ဝံ့သောသူများ မိန်းမ၊ ယောကျ်ားတို့ မျက်နှာလွှဲသွားကြပါတယ်။ အထူးသဖြင့် မိန်းကလေးများက ထွက်ပြေးသွားကြပါတယ်။ ထိုကာလ၌ ဘိုးတော်ဟာ စကားမပြောပါ။ ဝစီပိတ်ဖြစ်ပါတယ်။ ဘိုးတော်ကရေတွင်းထဲသို့ ရှူးရှူးပန်းထည့်လိုက်တယ်။ ချက်ချင်း ရေထွက်လာတော့တယ်။ ရေတွင်းတောင်လျှံသွားတယ်။ အံ့သြကြတယ်။

(ရေထွက်လာတဲ့ဟာကို) ရေထွက်လာတာကို ဘိုးတော်က ကြည့်ရှုပြီး အသာကလေး လှည့်ထွက်သွားပါတော့တယ်။

❊ ❊ ❊

# ကြက်ခေါင်းပွတ်ကြီး ကောင်းကောင်ပျံ

ဂျပန်ခေတ်ကြိုလား၊ ခေတ်ဟောင်းလား မမှတ်မိတော့ပါ။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဘူတာရုံရဲ့တောင်ဘက်တွင် နာမည်ကြီး တရုတ်ခေါက်ဆွဲဆိုင်ကြီး ရှိခဲ့တယ်။ ဆိုင်ပိုင်ရှင် တရုတ်ကြီးကိုယ်တိုင် ကြက်အရှင်ကို စဉ်းတီတုံးပေါ်တွင် တင်၍ ကြက်လည်ပင်းကို တောက်ခနဲခုတ်ဖြတ်လိုက်၊ တပည့်ကကောက်ယူ၍ အမွေးနုတ်လိုက်၊ နောက်တစ်ကောင်၊ နောက်တစ်ကောင်နဲ့ တစ်နေ့အကောင် ၂၀၊ ၃၀ သတ်တယ်။ နှစ်ကာလကြာလာတဲ့တစ်နေ့မှာ ဘိုးတော်အောင်မင်းခေါင်ကြွလာ၍ -

"ပေါက်ဖော် ပေါက်ဖက် မင်းတော်တော်ရက်စက်ပါလား၊ ကိုယ်ချင်းစာတရားမရှိဘူးလား၊ မင်းလူမှဟုတ်ရဲ့လား"

လို့မိန့်ပါတယ်။ တရုတ်ကြီးကပြောတယ်။

"ငေါ လူမီဟုဘူး၊ စီလုပ်ဟုလယ်၊ နင်ဘာလာပြူးတာလဲ"

လို့ဆိုတယ်။ ("ငါလူမဟုတ်ဘူး၊ တရုတ်ဟုတ်တယ်") လို့ဆိုလိုတယ်။

ဘိုးတော်က စိတ်ဆိုးဟန်နဲ့ -

"တယ် . . ငါလုပ်လိုက်ရ မကောင်းရှိတော့မယ်"

ဆိုကာ လက်တော်ကို ဆန့်လိုက်တဲ့အခါ ရခိုင်ငှက်ပျောရွက်လောက် ကြီးတဲ့ဓားကြီးဟာ လက်ထဲမှာပါလာတယ်။ '

'ကဲ . . ကဲ မင်းနောက်ထပ်ကြက်တစ် ကောင်ကိုလည်ပင်းဖြတ်လိုက်"

လို့ဆိုတော့ တရုတ်ကြီးကဆိုတယ်။

"ငေါ . . မီခုတ်ချင်တော့ဘူး၊ နင့်ကိုကြောက်တယ်"

ဆိုတယ်။ ဘိုးတော်က ဓားကိုဝင့်မြှောက်လိုက်ပြီး -

"မင်းမဖြတ်ရင် မင်းခေါင်းကိုငါဖြတ်ရလိမ့်မယ်"

ဆိုလိုက်တဲ့အခါ "ဟုကဲ့၊ ဟုကဲ့ ဖြတ်မယ်၊ ဖြတ်မယ်၊ ကြောက်တော့ ကြောက်တယ်"ဆိုတယ်။

ဘိုးတော်က မိန့်ကြားလိုက်တယ်။

"လိုက်ဆို . . . တပည့်တော် ဒီ ကြက်ခေါင်းဖြတ်တာနောက်ဆုံးပါ နောက်မဖြတ်တော့ပါ"

ဟု ပြောမိန့်တော့ တရုတ်ကြီးက လိုက်ဆိုတယ်။ နောက်ထပ်ပြီး "တပည့်တော်ဟာ နောက်နောင်ကိုဈေးထဲက သူများသတ်ပြီးသားပုံ့သကူကြက်သေကိုသာ ချွေးနည်းစာငွေနဲ့ဝယ်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်စားပါတော့မယ်" ဟု ချပေးတော့ တရုတ်ကြီးက လိုက်ဆိုတယ်။ ဘိုးတော်က ဆိုတယ်။

"ကဲ . . ကဲ နောက်ဆုံးအကောင်ကိုခုတ်ဖြတ်လိုက်တော့" ဆိုတာနဲ့ မရှေးမနှောင်း တရုတ်ကြီးက ခုတ်ဖြတ်လိုက်တော့တယ်။ ခေါင်းမပါတဲ့ ကြက်ခေါင်းပြတ်ကြီးက ကတော် . . ကတော်အော်ပြီး အထက်ကောင်းကင်ကို ပျံတက်သွားပါတော့တယ်။ ထိုကြက်ခေါင်းပြတ်ကြီးကို မော့ကြည့်၊ မော့ကြည့်လုပ်ရင်း တရုတ်ကြီးဟာ ပက်လက်လန်သွားတယ်။ တရုတ်ကြီးက အော်ပြောတယ်။ "အာရိုးရိုး . . ကြက်က တီကိုးကရီးတာလာ၊ လူကီးက တီကိုးကရီးတာလား" ဆိုတယ်။ (ကြက်ကတန်ခိုးကြီးတာလား၊ လူကြီးကတန်ခိုးကြီးတာလား)။

တရုတ်ကြီးနောက်ကို လှည့်ကြည့်တဲ့အခါ ဘိုးတော်က မရှိတော့ပါ။ ထွက်ခွာသွားပါပြီ။ ထိုနေ့မှစ၍ တရုတ်ကြီးဟာ မင်္ဂလာမရဘဲနဲ့ အကြွမ်းအားဖြင့် ကျွတ်တမ်းဝင်သွားတော့လေ၏။

* * *

၃၇

# ရွှေဖြစ် ငွေဖြစ် မလုပ်ရ

ကချင်ပြည်နယ်၊ နန်းစီးအောင်ရွာတွင် ရဟန်းတော်တစ်ပါး သည် အဂ္ဂိရတ် (ဖိုထိုး) ဝါသနာပါသောကြောင့် ဖိုထိုးလေ၏။ ထွက်ရပ်လမ်း ဝိဇ္ဇာလမ်း ဖိုထိုးလျှင် ဘိုးတော်က ခွင့်ပြု၏။ ရွှေဖြစ်လမ်း၊ ငွေဖြစ်လမ်းဆိုသည့် (စားလမ်း) ထိုးနည်းလုပ်နည်းကို ခွင့်မပြု ဆိုလေ၏။ ထိုကိုယ်တော်က စားလမ်းကိုသာ ဖိဖိစီးစီး ကြိုးစားလေ၏။ မကြာခင် အောင်မြင်သွားလေ၏။

ဘိုးတော်ကြီးကြွလာ၍ "ကိုယ်တော် . . စားလမ်းကို မလုပ်ပါနဲ့၊ တပည့်တော်ကန့်ကွက်ပါတယ်" ဆို၏။ ကိုယ်တော်က မလုပ်တော့ဘဲ ရပ်ထား၏။ သို့သော် မကြာခင်လအတွင်း ပြန်လုပ်၏။ ဘိုးတော်ကြွလာပြန်၍ "ကိုယ်တော် တပည့်တော် တားမြစ်တာ နားမထောင်ဘူး၊ ကိုယ်တော်ဒုက္ခရောက်ချင်လို့လား" ဆိုလေ၏။ ကိုယ်တော်က "ရပ်ထားပါမယ်" ဆိုလေ၏။ "ရပ်ထားပါမယ်ဆိုတာ

ခဏကြာရင် ပြန်လုပ်မယ်လို့ ဆိုတာလား၊ မရဘူး၊ တစ်သက်လုံး မလုပ်တော့ဘူးလို့ ပြောပါ။ ကတိပေးပါ” ဆိုလေ၏။ ကတိပေးလိုက်၏။

ကိုယ်တော်သည် အတော်ကြာရပ်ထားပြီး ခြောက်လခန့်ကြာသော် ပြန်လုပ်လေ၏။ ထိုအခါ ဘိုးတော်ရောက်လာပြန်၍ “ကိုယ်တော်က ပြောတာမရဘူး၊ ဆုံးမရလိမ့်မယ်” ဆိုကာ အနီးအနားတွင် ပေါက်နေသော ပုဆိုးတစ်ပိုက်ခန့်ရှိသည့် သစ်ပင်ကြီးကို လက်တစ်ဖက်တည်းနဲ့ နှုတ်ယူပြီး ရိုက်မည်ပြုလေ၏။ ကိုယ်တော်ကကတိပေးသောကြောင့် “ယုံရမှာလား၊ စောင့်ကြည့်မယ်” ဆိုကာ သစ်ပင်ကြီးကို လက်တစ်ဖက်တည်းကိုင်ပြီး မြေကြီးထဲသို့ ပြန်ဆောင့်စိုက်ထားခဲ့လေ၏။ ထိုသစ်ပင် မသေသွားဆို၏။

ထိုအပင်ကြီးသည် မသေဘဲ ခပ်ငိုက်ငိုက် ခပ်စောင်းစောင်းနဲ့ ကာလအတန်ကြာ ရှင်သန်ခဲ့သည်ဆိုလေ၏။ ဤအကြောင်းကို နန်းစီးအောင်ရွာက အသိ ဒကာ၊ ဒကာမတို့ကို မေးကြည့်ရာ ပုံပြင်လိုလို၊ ဘာလိုလိုတော့ကြားဖူးတယ်” ဆိုလေ၏။

✻ ✻ ✻

၃၉

# မော်လူး အရှေ့ကျောင်းက ဘိုးတော်ကြီး

စစ်ကိုင်းတိုင်း၊ အင်းတော်လေးမြို့နယ်၊ မော်လူးတောမြို့ကလေး၏ ဘူတာရုံအရှေ့ပိုင်းတွင် ဘုန်းကြီးကျောင်းကြီး တစ်ကျောင်း ရှိလေ၏။ ထိုကျောင်းကို "မော်လူးအရှေ့ကျောင်း" ဟု အခေါ်အပြောများ၏၊ ထင်ရှား၏။ ထိုကျောင်းတိုက်မှ ဆရာတော်သည်လည်း အဂ္ဂရတ်ဖိုထိုးလေ၏။ တစ်နေ့သောအခါ ဘိုးတော်အောင်မင်းခေါင် ရောက်လာ၍ "ကိုယ်တော့ ဓာတ်လုံးအောင်တော့မယ်၊ တပည့်တော် အားပေးပါတယ်" ဆိုလေ၏။ ထိုကျောင်းဆရာတော်သည် ဝမ်းသာ၍ ဘိုးတော်ကိုကျောင်း၌ ပျော်သရွှေ့ နေထိုင်စေ၏။

ဂျပန်ခေတ်ရောက်ခါနီးတွင် ဘိုးတော်သည် ခရီးသွားစရာ လိုသေးတယ်ဆိုပြီး ထွက်ခွာသွားတော့၏။ ဂျပန်ခေတ်ပြီးသောအခါ ဘိုးတော်သည် မော်လူးမြို့သို့ ပြန်ရောက်လာလေ၏။ ဤအချိန်တွင် မော်လူးအရှေ့ကျောင်းသို့ ခဏသာဝင်ရောက်ခိုနားပြီး မော်လူးမြို့၏ (     )ရပ်ကွက်က ဘိုးတော်၏ ငယ်သူငယ်ချင်း၏အိမ်တွင် တည်းခို

လေ၏။ အိမ်ရှင်က "တည်းခိုတယ်မပြောပါနဲ့ သူငယ်ချင်း၊ ငါနဲ့ အတူတူလာနေတယ်လို့ပြောပါ" ဆိုလေ၏။ ဘိုးတော်က ဝမ်းသာကြောင်းပြောလေ၏။

ထိုအိမ်တွင် ရက်အနည်းငယ်နေထိုင်ပြီး တစ်နေ့သ၌ အိမ်ရှင်များ လယ်တောသို့သွားသောအခါ ဘိုးတော်က အိမ်စောင့်ကျန်ရစ်ခဲ့လေ၏။ ထိုအိမ်တွင် တစ်ဦးတည်းသော သမီးပျိုတစ်ယောက်ရှိလေ၏။ တစ်နေ့ ညနေလယ်တောက ပြန်လာသော မိသားစုသုံးယောက်တို့က ဘိုးတော်ကို ညစာကျွေးပြီးစားနေစဉ် သမီးဖြစ်သူက ရေချိုးရန် ထမိန် (ထဘီ) ဟောင်းကို အိပ်ခန်းထဲမှ သွားယူ၏။ အိပ်ခန်းက သူသေတ္တာပွင့်နေသည် (သော့ပွင့်) ကို တွေ့ရ၏။ ရှာဖွေကြည့်ရှုသော် နားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်း၊ ဆွဲကြိုးတစ်ကုံးပျောက်ဆုံးနေသည်ကို တွေ့ရ၍ ဖခင်ကိုပြောပြ၏။ ဖခင်ကပြော၏ "ဘိုးတော် . . ဘိုးတော်နဲ့၊ သူငယ်ချင်း . . သူငယ်ချင်းနဲ့ ယုံကြည်မိတယ်၊ ငါ့သမီးပစ္စည်းယူသွားတယ်။ ခိုးတယ်၊ မင်းကို သတ်မယ်ဆိုလေ၏။ ထိုအခါ ဘိုးတော်ကပြော၏။ "ငါထမင်းဝအောင်စားနေတယ်၊ ထမင်းဝအောင်စားထားလို့ပြောပါ" ဆိုလေ၏။ "အေး . . ဝအောင်စားထား၊ စားစား"ဆိုလေ၏။

ထမင်းစားပြီးသောအခါ ဘိုးတော်ကို နှင်ချလိုက်၏။ ဘိုးတော် ကထွက်သွား၍ လမ်းကြားမြောင်းတစ်ခုအနီးသို့ ရောက်သော် အိမ်ရှင်သူငယ်ချင်း နောက်ကလိုက်လာ၍ ဝါးရင်းတုတ်နဲ့ ရိုက်ချလိုက်၏။ သေလောက်သောအခါ လမ်းဘေးကမြောင်းထဲသို့ ဆွဲချထားလိုက်ပြီး အလောင်းကိုသစ်ရွက်များနဲ့ ဖုံးထားလိုက်၏။ ညအိပ်မက်ထဲတွင် ဘိုးတော်ကလာ၍ "သူငယ်ချင်း မင်း သမီး ပစ္စည်း

မပျောက် ပါ ဘူးကွာ။ ငါကြည့်လိုက်တော့ လက်ကောက် လိုနေလို့ လက်ကောက်တောင် ငါထည့်ထားခဲ့သေးတယ်။ ပစ္စည်းကိုတော့ သေတ္တာထောင့်တစ်ထောင့်ကို ပြောင်းထားလိုက်တယ်။ မနက်ကျမှ ထကြည့်ပါ။ မင်းတို့အပေါ်မှာ ငါတင်ရှိတဲ့ ကျေးဇူးတရားနဲ့ ဝဋ်ကလည်းကျေပါပြီ" ဆိုလေ၏။ အိမ်ရှင် လန့်နိုးသွား၏။

ထိုနေ့၏ နောက်တစ်နေ့နံနက်တွင် သမီးပျိုကို ပြောပြရာ တကယ်ပင် ပစ္စည်းကိုတွေ့ရသည့်အပြင် ငါးမူးသားခန့်ရှိ လက်ကောက်တစ်ရန်လည်းတွေ့ရ၍ တစ်အိမ်လုံး ငိုပွဲဆင်နွှဲကြရလေတော့၏။ ထိုနေ့မှစ၍ ထိုအိမ်တွင် ဘိုးတော်အောင်မင်းခေါင်အား အုန်းပွဲ၊ ငှက်ပျောပွဲ မပြတ်ပူဇော်ကြလေ၏။ နောက်တစ်နေ့တွင် ဘိုးတော်၏ အလောင်းကိုသွားကြည့်သော် သစ်ရွက်သာရှိပြီး လူခန္ဓာကိုယ်မရှိတော့ပါ။ အိမ်ရှင်မိသားစုတို့သည် ငိုပွဲဆင်နွှဲ ကျင်းပကြလေ၏။

* * *

## ဟိုပင်ရောက် ဘိုးတော်အောင်မင်းခေါင်

တစ်နေ့သောအခါ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဟိုပင်မြို့သို့ ဘိုးတော် ရောက်လာသည်ဆို၏။ အိမ်တစ်အိမ်၌ တရားဟောစကားပြောနေစဉ် ကာလသားလူငယ်တို့လာ၍ ကြဲချောင်းနှင့် ပေါက်ကြ၏။ “ဘာဘိုးတော်လဲ၊ ဘာဘိုးတော်လဲ” ဆိုကြ၏။ ကြဲချောင်းသည် မှန်ပြတင်းပေါက်ကိုမှန်၍ ကွဲသွားပြီး ဘိုးတော်အနီးသို့ ကြဲချောင်းကျလာ၏။ ဘိုးတော်ကပြော၏။ “အကြဲအောင်ပြီ၊ ကြဲပေါက်၊ အကြဲပေါက်ပေါ့ကွာ၊ ဒီနေ့ကစပြီးတော့ မင်းတို့ဟိုပင်ကို (. . . . . ဘူး)” ဆိုသွား၏။

❋ ❋ ❋

# ကချင်ပြည်နယ်၊ မြစ်ကြီးနား တက္ကသိုလ် ကျောင်းအုပ် နှင့် ဘိုး တော်

မြစ်ကြီးနားတက္ကသိုလ် (ထိုစဉ်က ဒေသကောလိပ်) ကျောင်းအုပ်ကြီး ဦးစိုင်းအောင်ထွန်းသည် ဝိဇ္ဇာဘိုးတော်များ၊ ရဟန်းဘိုးတော်များကို အလွန်ကြည်ညိုသူဖြစ်၏။ အထူးသဖြင့် ရက်ကန်းစင်တောင်ဆရာတော်၊ ရာကျော်ဆရာတော်၊ ဘိုးဘိုးအောင်၊ ဘိုးတော်အောင်မင်းခေါင်၊ ကိုးမြို့ရှင်ဘိုးတော်တို့ကို ဆည်းကပ်ပူဇော်လေ၏။

ဤတွင်ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း၊ ပသခြင်း၊ ရိုသေ၊ မြတ်နိုး၊ လက်စုံမိုး၊ ရှိခိုး၊ ပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ဆုတောင်း၊ ပြည့်စုံဆိုသည့် ပုံသေနည်းကဲ့သို့ ဖြစ်နေသည်ကို သဘောကျနှစ်သက်မိပါသည်။ ကိုးကွယ်သည်မှာ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ခြင်းဖြစ်ပြီး ပူဇော်ခြင်းဆိုသည်မှာ ပူဇော်သင့်သူကို ပူဇော်ခြင်းသည် မင်္ဂလာတရားနှင့် ကိုက်ညီလေ၏။ ပမာဆိုရသော် "သက်ကြီးပူဇော်" ဆိုရာ၌ အသက်ကြီးသူတို့ကို ပူဇော်ခြင်းသာ ပီပြင်မှုရှိလေ၏။ "သက်ကြီးကန်တော့ပွဲ"၊ "သက်ကြီးကိုးကွယ်ပွဲ" ဟု မဆိုလိုသည်ကိုတွေ့ရ၏။

"အာစရိယပူဇော်ပွဲ" မှာ ဆရာသမားကို ပူဇော် ခြင်း၊ အလေးမူခြင်း အဓိပ္ပာယ်ကို ပီပြင်စေ၏။ "အာစရိယကိုးကွယ်ပွဲ" မဟုတ်ပါချေ။ အနန္တဂိုဏ်းဝင်ဆိုရာ၌ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို တစ်ဂိုဏ်းတည်းထား၍ ရိုသေရခြင်း၊ ပူဇော်ရခြင်း၊ အလေးထားခြင်း ဖြစ်၏။ ထို့ကြောင့်သာလျှင် ဗုဒ္ဓပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ၊ မာတာပိတုပူဇေမိ၊ အာစရိယပူဇေမိဆိုပြီး ပူဇော်ကြလေ၏။

ဗုဒ္ဓဂုဏောအနန္တော၊ ဓမ္မဂုဏောအနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏောအနန္တော၊ အာစရိယဂုဏော အနန္တော ဟုဆို၍ ပူဇော်လေ၏။ ကိုးကွယ်ခြင်း၌ကား ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဆိုတာပဲရှိတယ်။ မာတာပိတု သရဏံ ဂစ္ဆာမိ၊ အာစရိယ သရဏံ ဂစ္ဆာမိဆိုတာမရှိ ဖြစ်ပါတယ်။ ပြီးတော့လည်း ဗုဒ္ဓေါ မေ သရဏံ အညံနတ္ထိ - ဘုရားရှင်ကလွဲလို့ အားကိုးရာမရှိ၊ ဓမ္မော မေ သရဏံ အညံနတ္ထိ - တရားတော်ကလွဲလို့ အားကိုးရာမရှိ၊ သံဃော မေ သရဏံ အညံနတ္ထိ - သံဃာတော်ကလွဲလို့ အားကိုးရာမရှိဆိုတာ ရှိပြန်တယ်။ မာတာပိတု မေ သရဏံ အညံနတ္ထိ - မိဘကလွဲလို့ အားကိုးရာမရှိကျတော့ မရှိပါ။ အာစရိယမေ သရဏံ အညံနတ္ထိ -ဆရာကလွဲလို့ အားကိုးရာမရှိ လည်း မရှိပါ။ မိဘနဲ့ဆရာတို့ဟာ ကျေးဇူးအနန္တဆိုသော်လည်း နိဗ္ဗာန် ရောက်အောင်ပို့ဆောင်မပေးနိုင်ဟုဆိုတယ်။ ဝိဇ္ဇာမိုရ်ဆိုတာ လောကီ ပဲဖြစ်တယ်။ ဒါကြောင့် ဝိဇ္ဇာမိုရ်ကို အလေးထားစရာသိပ်မလိုပါ" ဟု ကျောင်းအုပ်ဆရာကတော် ဒေါ်နန်းနွမ်ကယူဆပြီး ဝိပဿနာ တရားကိုသာ အဓိကထားတယ်။ ကျောင်းအုပ်ကြီး ဦးစိုင်းအောင်ထွန်း ကျတော့ "အရင် ကီမယ်၊ နောက်မှ ကုတ်မယ်၊ သို့မဟုတ် ကီနဲ့

ကုတ် တွဲကျင့်မယ်။ ဒါမှလောကီသာသနာပြုရော၊ လောကုတ္တရာ သာသနာပြုပါ နှစ်မျိုးစလုံးအဆင်ပြေမယ်” ဟု ယုံကြည်သူဖြစ်လေ၏။

အများကသူ့ကို “ဆရာကြီး” ဟုသာ ခေါ်ဝေါ်ကြ၏။ ဆရာကြီးက မာန်မာနမရှိသူဟုလည်း ယုံကြည်သူများ၏။ လူတိုင်းနှင့်အဆင်ပြေလေ၏။ ကိုယ့်ထက်အသက်ငယ်သူ၊ ရာထူးငယ်သူကိုလည်း “ခင်ဗျားနဲ့ ကျွန်တော်” ဟုသာ တွင်တွင် ခေါ်ဝေါ်ပြောဆိုဆက်ဆံလေ၏။ ဘာသာခြား၊ လူမျိုးခြားတို့နှင့်လည်း အဆင်ပြေလေ၏။ ထိုဆရာကြီး၏ “ဘိုးတော်” အတွေ့အကြုံမှာ ရေးဖွဲ့လို့မကုန်၊ ပြောပြလို့မကုန် ဖြစ်တော့၏။ အရိယာတို့သည် စေတီဘုရား တည်ထား ကိုးကွယ်ရန် အာရုံနည်းပါးကြ၍ ဝိဇ္ဇာမိုရ်တို့သည် စေတီ၊ ပုထိုးသစ်တည်ထားကိုးကွယ်ရန် စေတီဟောင်း၊ ကျောင်းဟောင်းကိုပြုပြင်ရန် အာသီသများတော်မူကြလေ၏။ ဦးစိုင်းအောင်ထွန်း (ခ) ဆရာကြီး စိုင်းအောင်ထွန်းသည် ဝိဇ္ဇာမိုရ်တို့နှင့် တွဲဖက်၍ စေတီသစ်၊ ဟောင်းတို့ကို တည်ထားကိုးကွယ်သောလုပ်ငန်းတွင် လူသားထဲက အလွန်အောင်မြင်သူဟု ယူဆပါ၏။ အောင်မြင်ခြင်းများလေ၏။

⁂

# ကိုတင်ဌေးနှင့် ဘိုးတော်အောင်မင်းခေါင်

ကိုတင်ဌေးသည် (အမည်လွှဲ) (B.A) ဘွဲ့ရ၍ အစိုးရအလုပ်ကို မလုပ်ဘဲ ရေဒီယိုပြင်စား၍ မြစ်ကြီးနားမြို့၊ ( ) ရပ်ကွက်တွင် နေထိုင်လေ၏။ မြစ်ကြီးနားသား ဗမာအမျိုးသားဖြစ်လေ၏။

တစ်နေ့သောအခါ ကုလားအရူးတစ်ယောက်က ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကိုတင်ဌေးကိုပေး၏။ ထိုရုပ်ပွားတော် ရောက်လာ၊ ကြွလာသည့်နေ့မှစ၍ ကွန်မြူနစ်ဆန်သူဟု မဆိုလိုသော်လည်း ကိုတင်ဌေးသည် ဘာသာရေး၌ အားနည်းလေသူဖြစ်၏။ ရုပ်ပွားတော် ကြွရောက်လာသည့်နေ့မှစ၍ ဘိုးတော် အောင်မင်းခေါင်သည် ကိုတင်ဌေးကို ခာတ်စီး (နာမ်ချင်း) ၍ တရားဟောခြင်း၊ အဆောင် ခာတ်လုံးပေးခြင်း၊ ဝိဇ္ဇာဆေးပေးခြင်း ပြုနေလေ၏။ ထိရောက် အောင်မြင်မှုလည်း ရှိလေ၏။ ကိုတင်ဌေး ခာတ်စီးတရားဟောရာသို့ ဆရာတော်တစ်ပါးလည်းကြွရောက်လာ၍ အားပေးလေ၏။ ထို

ဆရာတော်ကား ရဟန္တာလည်းသမုတ်သော၊ ဝိဇ္ဇာဓိုရ်လည်းသမုတ်ခံရသော၊ ပုဂ္ဂိုလ်ထူးလည်းသမုတ်ခံရသော စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လူးမြို့ "မော်လူးတောရကျောင်း" ဆရာတော် ဘဒ္ဒန္တဓာတုရ ဖြစ်လေ၏။ "မင်းခေါ်တစ်းတာ ငါယုံတယ်၊ ခေါ်တစ်းတာမှန်တယ်" ဆို၏။

ကိုတင်ဌေးကို ဘိုးတော်အောင်မင်းခေါင်က ခေါ်စီးပြီး "ကချင်ကလေးကို ခေါ်လုံးတစ်လုံး၊ ကွမ်းယာတစ်ယာ၊ ရေတစ်ခွက်ပေးစရာလိုတယ်" ဆိုပြီး ထိုကချင်ကလေးထံသွား၍ ထိုသုံးမျိုးကိုပေးလိုက်လေ၏။ ထိုကချင်ကလေးရဲ့အမည်မှာ မုန်ယာတူး (Mung Ya Tu) ဖြစ်လေ၏။ ထို့နောက် ကချင်ကလေးသည် စေတီသစ်တည်၊ စေတီဟောင်းတည် (ပြင်ဆင်) ရာ အရပ်သို့ လိုက်လံကူညီလေ၏။ စေတီအားလုံးတည်သမျှ၊ ပြင်သမျှအောင်မြင်လေ၏။ ဝိဇ္ဇာတို့ ကူညီမှုိင်းမလို့ အောင်မြင်ခြင်းပါ။

* * *

# ဦးတိုးအောင်နှင့် ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်တွင် ဦးတိုးအောင်ဆိုသူ ကချင်အမျိုးသားတစ်ယောက် ရှိလေ၏။ သူဟာ အစိုးရဝန်ထမ်း (အငြိမ်းစား) တစ်ယောက်ဖြစ်၏။ ဘိုးတော် အောင်မင်းခေါင်၊ ရက်ကန်းစင်တောင်ဆရာတော်တို့ရဲ့ခေတ်ကို အစီးခံ၍ ဆေးကု (ပယောဂ) ရာ၌ ကျွမ်းကျွမ်းကျင်ကျင်၊ မှန်မှန် ကန်ကန်၊ ထိထိရောက်ရောက် ကုသပေးနိုင်သောကြောင့် သတ္တဝါများ တော်တော်ချမ်းသာရာ ရသွားကြလေ၏။ "အနန္တော၊ အနန္တဂိုဏ်းတော်" ဟုသူကခံယူ ထား၏။

ကိုတိုးအောင်သည် ထိုစဉ်က သက်သတ်လွတ်စားလေ၏။ အာဂျီနိုမိုတို -ဟင်းချိုမှုန့်ကို သက်သတ်လွတ်မှတ်ပြီး တွင်တွင်စားရာမှ အူတွင် အနာဖြစ်၍ ကွယ်လွန်သွားရှာ၏။ အချို့က သူ့ကို "အသေထွက် ဝိဇ္ဇာ" ဖြစ်သွားတယ်ဟု ပြောကြလေ၏။ သူ မကွယ်လွန်ခင် ဘိုးတော် က မိန့်သည်ဆို၏။ "ဝိဇ္ဇာဆိုတာ လူတစ်ဦးတစ်ယောက်မှာ ကမ္မဝဋ်

ကြောင့်ဖြစ်တဲ့ရောဂါ၊ ကိလေသာဝဋ်ကြောင့်ဖြစ်တဲ့ရောဂါ၊ ဝိပါကဝဋ် ကြောင့်ဖြစ်တဲ့ရောဂါဆိုတဲ့ သုံးမျိုးသောရောဂါမှာ ကမ္မဝဋ်နဲ့ ကိလေသာဝဋ်ကြောင့်ဖြစ်တဲ့ ရောဂါကိုပဲနိုင်တယ်။ ဝိပါကဝဋ်ကြောင့် ဖြစ်တဲ့ရောဂါတော့ မနိုင်ဘူး။ ဘုရားတောင်မနိုင်ဘူး၊ မင်းက အမဲအူ၊ ဝက်အူ၊ ကြက်အူ၊ ငါးအူ . . စတဲ့ အူဟင်းကို ဗုဒ္ဓဘာသာမဝင်ခင် "ဟတ်" ခဲ့တယ်ဆိုတော့ ဒီရောဂါ ဝိပါကဝဋ် ခံရတာပေါ့။ မင်းသေ တဲ့နောက် (ဝိဇ္ဇာအဖြစ်) ဝိဇ္ဇာဖြစ်အောင် ဆက်ကျင့်ဖို့ပဲလိုတယ်" ဆိုလေ၏။ ဦးတိုးအောင် ကျေနပ်သွားတယ်ဆို၏။

* * *

# လွဲဆွန်းရွာ ဒေါ်တိုးနှင့် ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့ရဲ့ (အင်္ဂါထောင့်) အရှေ့တောင်အရပ်တွင် "လွဲဆွန်းရွာ" ရှိလေ၏။ ရှေးရှေးကတော့ "လွယ်ဆုံရွာ" ခေါ်ကြ၏။ ရှမ်းရွာကလေး ဖြစ်လေ၏။ လွယ် = တောင်၊ ဆုံ = အမြင့် (တောင်မြင့်မြင့်) ဟု အဓိပ္ပာယ် ရှိလေ၏။

ခေါင်လေးခေါင်တွင် အင်း၀ သတိုးမင်းခေါင်၊ ဓမ္မစေတီမင်းခေါင်၊ တိမ်ကြား မင်းခေါင်၊ ဘုမ္မိ မင်းခေါင်တို့ ဖြစ်သည်ဆို၏။ ဉာဏ်တော့ သိပ်မမီလှပါ။ သိပ်မွေ့နူးညံ့လှသောကြောင့် ဖြစ်လေ၏။ ထိုလွဲဆွန်းရွာတွင် "ဦးကြာလုံ" ဆိုသူရှိ၏။ သူ့တွင် နှမ (    ) ဆိုသူရှိ၏။ အမည်ကို မမှတ်မိ၍ "ဒေါ်တိုး" ဟု ယာယီမှည့်ပြီးရေးသားရခြင်းပါ။ ထို ဒေါ်တိုးသည် တစ်ခါအိပ်ရင် ၄၅ ရက်ကြာတတ်ပါတယ်။ အမြဲတမ်းတော့ဖြင့် မဟုတ်ဘဲ ငါးနှစ်ခန့်တွင် တစ်ကြိမ်ကျ ဤကဲ့သို့ အိပ်နေတတ်ပါသည်။ ဆွေမျိုးတို့က မြေမြှုပ်သင်္ဂြိုဟ်မည်ဆိုသော်လည်း ကိုယ်ခန္ဓာမှာ နွေးနွေးရှိခြင်း၊ အကြောအခြင် ပျော့ပျော့ ရှိခြင်းကြောင့်

မြေမြှုပ် မသင်္ဂြိုဟ်ကြပါ။ ၄၅ ရက်ကြာသော် ပကတိအိပ်ရာနိုးသကဲ့သို့ နိုးထလာတတ်ပါသည်။

သူ့ရဲ့လက်သုံးစကားကတော့ "ငါမနေ့ညက အိပ်မက်ထဲမှာ အထက်ဘိုးတော်နဲ့အတူ တန်ခိုးကြီးဘုရား လိုက်ဖူးနေတယ်" ဆို၏။ "မင်းအိပ်နေတာ ၄၅ ရက်ရှိပြီ ဆိုသော်" "လေးဆယ့်ငါးရက်က တစ်ညပေါ့ဟဲ့၊ မသိဘူးလား" ဟုသာ ပြောလေ့ပြောထရှိလေ၏။

☼ ☼ ☼

## လောင်ဝေါ် (ကချင်) အဘိုးကြီးနှင့်
## ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ရွာတစ်ရွာတွင် ထူးခြားသော "နတ်လူ" နတ်ဖြစ်နေသော လူတစ်ဦး ရောက်လာ၍ "မင်းတို့ နွား ခုနစ်ရက် ကျောင်းပေးမယ်။ ငါ့ကို ရေနွေးကြမ်းပဲတိုက်ပါ။ ထမင်း ကျွေးစရာမလိုဘူး" ဟု ဆိုသည် ဆို၏။ အိမ်ရှင်တို့က "ကျွန်တော်၊ ကျွန်မတို့က ဆင်းရဲလှပါတယ်။ ယခုလို နွားကျောင်းပေးမယ်ဆိုတော့ ဝမ်းသာကျေးဇူးတင်ပါတယ်"ဆို၏။

ထိုအခါ ဘိုးတော်ပြောသည်မှာ "ငါ့နာမည် အောင်မင်းခေါင် ခေါ်တယ်။ မင်းတို့နဲ့ ပဋ္ဌာန်းဆက်ရှိလို့ငါလာတယ်။ ငါ့ကို "အဘ" ခေါ်နိုင်တယ်" ဆို၏။ ဘိုးတော်က မိန့်တယ်၊ "မင်းတို့တောင်ယာကို ငါစောင့်ရှောက်ပေးမယ်၊ တောဝက်ဘေး၊ တောစာဘေး၊ ချိုးငှက်ဘေး၊ ဖြူကောင်ဘေး . . . ကလွတ်အောင် စောင့်ပေးမယ်ဆို၏။ ထို

တောင်ယာခင်းသည် စပါးအောင်၍ ထိုမိသားစုတစ်နှစ်စာ ဖူလုံသွားလေ၏။ အိမ်ရှင်အဘိုးကြီးက ပြော၏။ "အဘနတ်မင်း ကျွန်တော်ကျေးဇူးဆပ်ချင်တယ်၊ ဘယ်လိုဆပ်ရမလဲ" မေးရာ ဘိုးတော်က မိန့်၏။

"မင်းတို့တစ်ရွာလုံး နေ့ခင်းမှာ တောင်ယာသွား၊ လယ်တောသွား၊ ခရီးသွားရင် အိမ်တံခါးပဲစိထားတယ်။ ဧည့်သည်ကလာပြီး မင်းတို့ အိမ်ပေါ်မှာ ဝင်နားတယ်။ အိမ်မှာရှိတဲ့ အစားအစာလည်း စားသွားတယ်။ အိမ်တစ်အိမ်မှာ သာရေး၊ နာရေးရှိရင် ကူညီရိုင်းပင်းကြတယ်။ မင်းတို့ မခိုးမဝှက် မလိမ်မလည်ဖြူးဘူး၊ တံငါလုပ်လို့ ငါးရရင်လည်း တစ်ရွာလုံး ဝေမျှစားတယ်။ မုဆိုးလုပ်၊ တောလိုက်လို့ရတဲ့ တောကောင် အသားကိုလည်း ဝေစား မျှစားတယ်။ ရောင်းမစားဘူး၊ အသားတွေ၊ ငါးတွေကို ပိုပိုလျှံလျှံရရင် ဝေစား၊ မျှစားတာနဲ့ ကုန်သွားတယ်။ ကျန်တဲ့ အသား၊ ငါးတို့ကို ကျပ်ခိုးတင် အခြောက်လှန်းပြီး တစ်နှစ်လုံးမှာ လာရောက်တတ်တဲ့ဧည့်သည်များကို ကျွေးမွေးတယ်။ တောင်ယာခုတ်ရင်လည်း တစ်အိမ်ကခုတ်ရင် တစ်ရွာလုံးက ဝိုင်းကူညီတယ်။ ငွေမယူဘူး၊ စပါးရိတ်သိမ်း၊ စပါးနယ်ဖတ်၊ စပါးသယ်သိမ်းအထိ ဝိုင်းဝန်းကူညီတယ်။ ဒါတွေဟာ ချစ်စရာကောင်းတယ်။ ကုသိုလ်လည်း ရတယ်။ ဒီအချက်တွေကို ငါက သိပ်ကြည်ညိုတယ်။ ဒါကြောင့် ငါစောင့်ရှောက်ချင်တာပါ" ဆိုလေ၏။ "သြော် . . လူနတ်မင်းကြီးရယ်" ဟုဆိုကြ၏။

* * *

## ဦးလဗျတောင်နှင့် ဘိုးတော်အောင်မင်းခေါင်

ဦးလဗျတောင်ကို တချို့က ဦးလတောင်ခေါ်ကြတယ်။ သူက မြင်း၊ မြည်း၊ လားအကောင် ၂၀ ကျော် မွေးထားတယ်။ သူ့ထံသို့ ဘိုးတော်လာပြီး "မြင်းကျောင်းပေးတယ်၊ တစ်လခန့်ကြာအောင် ကျောင်းပေးတယ်။ ကျောင်းခ မယူပါ။ စေတနာနဲ့ကျောင်းပေးတယ်။ မြင်းမ၊ လားမတို့ကလေးမွေးရင် ကူညီမွေးပေးတယ်။ လားကို ဝန်စည် စလယ် နင့်နေအောင် တင်ဆောင်ထားပြီး ခရီးထွက်ရင် ဝန်ပေါ့ အောင် လုပ်ပေးတယ်။ ဘိုးတော်ပြောတာတစ်ခုက "မင်းတို့က နတ် ကိုးကွယ်ကြတယ်။ ငါလည်း နတ်တစ်မျိုးဆိုရင် မမှားပါဘူး။ ငါ တစ်ခု လိုချင်တယ်၊ ငါ့လူတွေရှင်ပြုရင် မင်းတို့မြင်းကိုငှားမယ်၊ တစ်မွန်းတည့် ကလေးပဲကြာမယ်၊ ငှားမလား" မေးတယ်။ "ငှားပေးပါ့မယ်"ဆိုတယ်။

ဒီလိုနဲ့ တစ်နေ့သ၌ ဆိုင်းမဆင့်ဗုံမဆင့် ဦးလတောင်ရဲ့ မြင်း လေးကောင် မြင်းဇောင်းထဲက ပျောက်ချင်းမလှ ပျောက်သွားတယ်။

နံနက် ၉ နာရီခန့်မှာ မြင်းသွားကျောင်းတော့မယ်လုပ်တဲ့အခါ မြင်းလေးကောင် ပျောက်နေတာ တွေ့ရတယ်။ အိမ်ရှင်မျာ မျက်ဖြူလန်အောင် ဝမ်းနည်း ငိုကြွေးကြတယ်။ ညနေ ၃ နာရီခန့်မှာ မြင်းများ မြင်းဇောင်းမှာ ရောက်နေကြတယ်။ ဝမ်းသာလွန်းလို့ ဝမ်းသာမျက်ရည်ကျရပြန်ပါတယ်။ ညနေကျတော့ ဘိုးတော်ရောက်လာပြီး ပြောပြတယ်။ "မင်းတို့မြင်းကို ငါငှားသွားတာပါ။ ငါတောင်ငူမြို့မှာ ရှင်ပြုပွဲလုပ်တယ်။ မြင်းကို ရှင်လောင်းလှည့်ပြီးတာနဲ့ ပြန် ပို့ပေးတာပါ။ မင်းတို့မြင်းပျောက်လို့ ဝမ်းနည်းလို့ငိုတဲ့ မျက်ရည်ပေါက် ၁၀၀၀ ကျော်ရယ်၊ မြင်းပြန်ရလို့ ဝမ်းသာလို့ကျတဲ့ မျက်ရည်ပေါက်ပေါင်း ၁၀၀၀ ကျော်အားလုံး ၂၀၀၀ ကျော်အတွက် ငါဂုဏ်ပြုဆုချလိုက်ပါတယ်။ မျက်ရည်တစ်ပေါက်  ငွေတစ်ကျပ်နှုန်းဆိုတော့ ကျပ် ၂၅၀၀ ဖြစ်တယ်။ ဒီငွေဟာ နည်းပေမယ့် မင်းတို့ရဲ့ တစ်နှစ်လုပ်စာထက်ပိုပါတယ်" ဆို၏။

အိမ်ရှင်တို့ကဆို၏ "အိုး . . အဘ လူနတ်- ကျေးဇူးကမ္ဘာ" ပါပဲ။

✳ ✳ ✳

# ဦးလုပ်ယော်နှင့် ဘိုးတော်

ဦးလုပ်ယော်ဟာ ဦးယော်လုပ်ရဲ့သား ဖြစ်လေ၏။ ကချင်မျိုးနွယ်စုထဲက မရူ (Ma Ru) လူမျိုးဖြစ်၏။ မရူလူမျိုးကို ယခုအခါ၌ "လောင်ဝေါ်" ခေါ်ကြ၏။ "လော်(ဝ်)ဝေါ်" လည်း ခေါ်ကြ၏။ အဓိပ္ပာယ်တော့မသိပါ။ ပြောင်းကောင်း၊ မပြောင်းကောင်းရှိ၏။

ထိုဦးလုပ်ယော်တွင် ဝက်နီအကောင် ၁၀ ကောင်၊ ဝက်ကြီးမျိုး ခုနစ်ကောင်ရှိလေ၏။ ကျွဲလည်း လေး၊ ငါးကောင်ရှိ၏။ သူဟာ ဝက်နီကို အလွန်ချစ်၏။ ဂရုစိုက်မွေးမြူ၏။ ဝက်ကြီးမျိုးကိုသတ်လည်း စား၏၊ ရောင်းလည်း ရောင်းစား၏။ ဝက်နီကိုကား သတ်မစားဘဲ ရောင်းသာ ရောင်းစားလေ၏။ ချစ်လို့သတ်မစားဟုဆို၏။ ဘိုးတော် ရောက်လာ၍ ကျွဲကျောင်းပေး၏။ သူ့ကျွဲတင်မကဘဲ တစ်ရွာလုံးက ကျွဲများကိုစုပေါင်း၍ တစ်စုတစ်စည်းတည်း ကျောင်းပေးခြင်းဖြစ်၏။ အကြာဆုံး ၄၅ ရက်ဖြစ်၏။ ဤကဲ့သို့ ကျွဲကျောင်းရာ၌ ဘိုးတော်သည်

အယားဆုံးပိန်းမဟော်များ၊ တောပိန်းများ၊ အင်းအိုင်က ကြာရွက်များ ကိုသာ စားလေ၏။ ထို့ကြောင့် "အဘနတ်လူ" ခေါ်ကြလေ၏။ နောက်ပိုင်းတွင် "အဘနတ်လူမင်း" ခေါ်လာကြ၏။

* * *

# ဗန်းမော်မြို့က မြင်းကျောင်းသား ဘိုးတော်

အင်္ဂလိပ် ကျွန်လက်ထက်က ဖြစ်၏။ ဗန်းမော်အရေးပိုင် မြို့ပိုင်၊ အင်စပက်တော်တို့သည် မျက်နှာဖြူကုလားခေါ်သော အင်္ဂလိပ်များသာဖြစ်ကြ၏။ အခြေအနေ မကောင်းသောကြောင့် ဗန်းမော်မြို့တွင် "အောက်တူဘောင်း" "မာရှယ်လော" ထုတ်ထား၏။ သို့ရာတွင် ဘိုးတော်အောင်မင်းခေါင် ရောက်လာ၍ "အောက်တူဘောင်း မြက်တောတွင် မြင်းကျောင်းနေလေ၏။ အင်္ဂလိပ်အစိုးရက ဖမ်းသော်လည်း ကျောင်းမြဲကျောင်းနေလေ၏။ ဘိုးတော်ကို ချုပ်ထား၏။ သို့သော် မြင်းကျောင်းနေတဲ့ ဘိုးတော်လည်းရှိနေ၏။ အချုပ်ထဲမှာလည်း ဘိုးတော်ရှိနေ၏။ လက်ဖက်ရည်ဆိုင်မှာလည်း ဘိုးတော်ရှိနေ၏။

အချုပ်ခန်းထဲက အချိန်မရွေးအပြင်ထွက်လာပြီး အချုပ်ခန်းအနီးက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်၏။ ဆိုင်ရှင်က

ငွေတောင်းတဲ့အခါ “ထောင်ပိုင်ကပေးလိမ့်မယ်” ဆိုလေ၏။ တစ်နေ့သောအခါ ထောင်မှူးက ထောင်ကိုစစ်ဆေးရန် ရောက်လာ၏။ ထောင်သားများအစုံအလင်ရှိနေကြ၏။ ထိုစဉ်တွင် ထောင် လက်ဖက်ရည် ဆိုင်တွင်း၌ ဘိုးတော်သည် လက်ဖက်ရည်သောက်နေလေ၏။ ထောင်မှူးတွေ့မြင်သွား၍ပြော၏ “ယူဘာလက်ဒီဖူးလ် -မင်းကို ဘယ်သူ လွှတ်လိုက်တာလဲ” ထိုအခါ ဘိုးတော်က “ငါ့ကိုထောင်မှူးက လွှတ်လိုက်တယ်” ငါမလွှတ်ပါဘူး” “ထောင်ပုလိပ် တွေကိုခေါ်စမ်း၊ လာကြစမ်း ရယ်ဖရီမှုတ်၏။ ထောင်ပုလိပ်များ ရောက်လာသော် “ဒီကောင်ကြီးကို မင်းတို့လွှတ်လိုက်တာလား”၊ “မလွှတ်ပေးပါဘူး၊ အချုပ်ထဲမှာရှိနေပါတယ်”ဆို၏။ ထောင်မှူးက သွားကြည့်သော် အချုပ်ထဲမှာလည်း ဘိုးတော်ရှိနေတာကိုတွေ့ရသောအခါ “အိုး . . မိုင်ဂေါ့ ခရေဇီ” ဆိုလေ၏။ ဖတ်ကမင်း (Fuckaman) ငါ ဲ့းမှ ဆဲ၏။

ထောင်မှူးက လက်ဖက်ရည်ဆိုင်သို့ ပြန်လာကြည့်ရှုသော် ဘိုးတော်က ရေနွေးကြမ်းသောက်နေ၏။ “ထောင်မှူး လက်ဖက်ရည် ဖိုးရှင်းလိုက်ပါ” ဆိုသော် ရှင်းပေးလိုက်၏။ ထိုအကြောင်းကို အစီရင်ခံပြီးနောက် ဘိုးတော်ကိုလွှတ်လိုက်တော့၏။

* * *

# အင်္ဂလိပ် လဖ္ဖတင်နင်ဗိုလ်၊ ဦးဘအေးနှင့် ဘိုးတော်အောင်မင်းခေါင်

ဘိုးတော်အောင်မင်းခေါင်ဟာ ဇန်းမော်အချုပ်မှလွတ်လာသော်လည်း အင်္ဂလိပ်အရေးပိုင်က သူ့သား စစ်ဗိုလ် လဖ္ဖတင်နင်တစ်ယောက်အား ဘိုးတော်ရဲ့နေပုံထိုင်ပုံ၊ သွားလာပုံ၊ စားသောက်ပုံစတဲ့ အခြေအနေအရပ်ရပ်ကို စုံစမ်းစေ၏။ ထိုစစ်ဗိုလ်က မြေစာရင်းဌာနက အင်စပက်တော် ဦးဘအေးကို အဖော်ခေါ်သွားလေ၏။ နေ့စဉ် ညစဉ် အချိန်နဲ့အမျှ ထက်ကြပ်မကွာလိုက်၍ မျက်ခြည်မပြတ်စောင့်ကြည့်၏။ ခုတ်ပုံရိုက် မှတ်တမ်းရေး၏။

ဘိုးတော်သည် အားလျှင်ကျွဲများနှင့်အတူတူ ရွှံ့လူးနေ၏။ ကျွဲများထမှသူလည်းထ၏။ ကျွဲများအစားစားလျှင် ဘိုးတော်က ပိန်းမဟော်ရာဥကိုစား၏။ မဟော်ရာသည် အလွန်ယား၏။ အင်္ဂလိပ်အစိုးရ စစ်ဗိုလ်လည်းစားသော်ယားသောကြောင့် နှုတ်ခမ်း၊ လျှာ

ဖောရောင် နာကျင်သွားလေ၏။ ဦးဘအေးကတော့ ဘိုးတော် အောင်မင်းခေါင်စားပြီး အကျန်ကို စားကြည့်သော် စိမ်းစားဥကဲ့သို့ ကန်စွန်းဥကဲ့သို့ချိုတဲ့အပြင် ပို၍မွှေးကြိုင်၊ ပိုဆိမ့်နေသည်ကိုတွေ့ရ၏။ အင်္ဂလိပ်စစ်ဗိုလ်လည်း စားကြည့်၍ "အိုး . . ဂျီးဆပ်စ် (Oh Jesus) ဟုအော်၏။ အံ့ဩခြင်း ကမ်းကုန်သွား၏။

ဘိုးတော်သည် သွပ်မိုးအိမ်၌ နေဘယ်လောက်ပူပူ အိပ်နေခြင်း၊ မိုးရွာလျှင်လည်း ခမောက် မဆောင်း၊ ထီးမဆောင်းခြင်း ဆောင်းတွင်း၌လည်း သွပ်မိုးအိမ်ပေါ်၌ အိပ်ခြင်း၊ ပိန်းမဟော်စားခြင်း၊ ကျွဲတို့နှင့်အတူ ရွှံ့လူးခြင်းစသည်ကို သာနေ့စဉ် ပြုလုပ်နေသဖြင့် မြေစာရင်း အင်စပက်တော် ဦးဘအေးက အင်္ဂလိပ်စစ်ဗိုလ်အား အကြံပေးလေတော့၏။ "သခင် ကျွန်တော်မျိုးတို့နှစ်ယောက် ဒီပုဂ္ဂိုလ် နောက်ကို လိုက်စုံစမ်းစစ်ဆေးနေတာ သုံးလကျော်သွားပြီ၊ ထမင်း မစားရတာလည်း များလာပြီ။ လမ်းတောင် မလျှောက်ချင်တော့ဘူး၊ ကျွဲများနဲ့အတူ "ကျွဲလူ" လုပ်ပြီး ရွှံ့လူးနေတာ နှစ်နာရီကြာတာကို ထိုင်ကြည့်တော့လည်း နှစ်နာရီညောင်းတာပဲ။ အညောင်းမိတာပဲ။ သူက ညမအိပ်ဘူး။ သူ မအိပ်တာကို ကျွန်တော် မျိုးတို့ ထိုင်ကြည့်နေရင် အိပ်ရေးပျက်တာပဲ၊ ဒီတော့ဒီပုဂ္ဂိုလ်ဟာ လူလိုမလုပ်၊ လူလိုမနေ၊ မပြောတဲ့အတွက် "ဖူးလ်မင်း" အရူးစာရင်းထဲထည့်ဖို့ကောင်းတယ်လို့ အစီရင်ခံရင် မကောင်းဘူးလား"ဆို၏။

လဖွတင်နှင်ဗိုလ်က "အိုး . . ဂွတ် . . ဂွတ် အိုင်ဒီယား"၊ "ကောင်းတယ်၊ ကောင်းတဲ့အတွေးအခေါ်ပဲ" ဆိုကာ အစီရင်ခံလိုက်တော့မှ မကြာခင်ရက်အတွင်း သူတို့နှစ်ယောက်သည် အိမ်ပြန်နိုင်ကြတော့၏။

(ဦးဘအေးသည် ရာထူးတက်၍ လယ်ဝန်ထောက်ဖြစ်ကာ အငြိမ်းစားယူ၍ အသက် (၈၆)နှစ်တွင် ကွယ်လွန်လေ၏။ မြစ်ကြီးနားမြို့၊ အောင်မော်စံဆရာတော်၏ ရဟန်းဒကာ မဖြစ်လာလေ၏။)

❊ ❊ ❊

# ဦးလဖျဲ (LA HPYE)နှင့်
## ဘိုးတော်အောင်မင်းခေါင်

ဦးလဖျဲသည် ကချင်အမျိုးကြီး ချင်းဖော်အမျိုးသားဖြစ်လေ၏။ ဦးလဖျဲ၌ လယ်ကွင်းတစ်ကွင်း၊ တောင်ယာတစ်ခင်း၊ ခြံတစ်ခြံ ရှိလေ၏။ ထို့ကြောင့် ရာသီတစ်ရာသီထဲမှာပင် လက်မလည်အောင် အလုပ်များနေလေ၏။ တရုတ်ပြည် နယ်စပ်တစ်ရွာတွင်နေထိုင်သူ ဖြစ်၏။ သူ၌ ကလေးခြောက်ယောက်ရှိ၏။ ပထမဦးဆုံး သားဦးက ယောကျာ်းကလေး ဖြစ်၏။ ဒုတိယကလေးက မိန်းကလေး၊ တတိယက ယောကျာ်းကလေး၊ စတုတ္ထကလေးက မိန်းကလေး၊ ပဥ္စမ ကလေးက ယောကျာ်းကလေး၊ ဆဋ္ဌမ (အထွေး)က မိန်းကလေးဖြစ်၍ တစ်စုံ၊ တစ်တွဲကျားမ မောင်နှမဖြစ်နေ၍ သူတို့မောင်နှမ ခြောက်ယောက်ကို ရွာသူရွာသားများက “စကေးကိုက်မောင်နှမ” ဆိုကြလေ၏။ (ကျားနဲ့မ) (ကျားနဲ့မ) (ကျားနဲ့မ) ဖြစ်နေ၏။

ထူးခြားသည်မှာ ပထမ သားဦးနဲ့ အထွေး မိန်းကလေး မောင်နှမတို့က မတည့်ကြဘဲ အမြဲတမ်းတကျက်ကျက်ဖြစ် နေကြရာ သူတို့နှစ်ယောက်ကို ထိန်းနေရ၍ လုပ်ငန်းကိုင်ငန်းပင် ထိခိုက်လာလေ၏။ တစ်နေ့သောအခါ စိတ်ပျက်လက်ပျက်ဖြစ်လှသော ဦးလဖျဲနဲ့ ဇနီးဒေါ်လည္ဘယ်တို့ လင်မယားတို့နှစ်ယောက် တိုင်ပင်ကြသည်မှာ- "ညောင်ပင်စောင့်နတ်ကို ကြက်ဥနဲ့ငါးခြောက်လက်ဆောင်မပေးတာ ဟာ အထွေးမတစ်သက်ဖြစ်ခဲ့ပြီရှိခဲ့ပြီ။ ငါးခြောက်တော့မရှိဘူး။ ကြက်ဥတော့ ရှိတယ်။ လက်ဆောင်သွားပေးပြီး တိုင်တည်ပါစို့" ဆိုကြ၏။ သွားပေးကြ၏။

ထိုနေ့ညတွင် အိပ်မက်ထဲ၌ ဘိုးတော်အောင်မင်းကလာ၍ ပြော၏။ "ခေါင်လေးခေါင်ထဲမှာ ငါက ကချင်ဘိုးမင်းခေါင်ကွ၊ ဗမာမင်းခေါင်၊ ရှမ်းမင်းခေါင်၊ ကုလားမင်းခေါင်၊ တရုတ်မင်းခေါင်၊ ပအိုဝ်ပလောင်မင်းခေါင်၊ ကရင်-ကယား မင်းခေါင်၊ မွန်မင်းခေါင်၊ ထားဝယ်မင်းခေါင် . . စတဲ့လူမျိုးပေါင်း ၁၀၁ ပါး၊ မင်းခေါင်တွေပေါ့ကွာ၊ ဒီအကြောင်းကို လူတိုင်းမသိဘူးကွ။ လူမျိုးက (၁၀၁) ပါးပဲ ရှိတယ်။ ငါတို့ဝိဇ္ဇာတွေက တစ်ပါးကို အပါး (၉၉၉) ယောက်အထိ ဖန်ဆင်းလို့ ရတယ်ကွ၊ မစောင့်ရှောက်ဘဲနေတာလည်းရှိတယ်။ စောင့်ရှောက်နိုင်တာလည်း ရှိတယ်။ မင်းတို့ကို စောင့်ရှောက်လို့ မရဘူး။ ဒါပေမယ့် အကျိုးအကြောင်းနည်းနည်းတော့ ပြောပြချင်တယ်။ ဒီလိုရှိတယ်ကွ သားဦး မရှူး၊ သားထွေး ရှူးဆိုတယ်။ အခန့်မသင့်ရင်တော့ သားဦးရော သားထွေးရော ရှူးတတ်တယ်ကွ။ မင်းတို့အိမ်ကအကြီးရော၊ အထွေးရော ရှူးနေတာကွ။ ဒီလိုလုပ်ကွာ သင်္ဘောသီးပင်က အပေါ်ဆုံးအသီးကွ၊ အသေးက အထွေးပေါ့ကွ၊ အောက်ဆုံးကအသီးက အကြီး

ဆုံး၊ အကြီးဆုံးထဲက အမှည့်ကအကြီးဆုံးပေါ့ကွ။ သဘော်သီးအမှည့်ကို အပေါက်ဖောက်၊ အပေါက်ထဲက အပေါ်ဆုံးက အသေးငယ်ဆုံး သဘော်သီးတစ်လုံးကို ထိုးထည့်၊ ပေါင်းချောင်နဲ့ပေါင်းပြီးတော့ မိသားစုစားကြ၊ အကြီးကောင်ကို အရင်စားခိုင်း၊ အထွေးမကို ဒုတိယ စားခိုင်းပြီးတော့ ပါးစပ်က "စားလို့ကောင်းတယ် ပြောကြ၊ ပြတ် ကရော"

ထိုနည်းကိုလုပ်ကြည့်သော် အဆင်ပြေသွားသည်ဆို၏။ "တတ်နိုင်ရင် တစ်လတစ်ကြိမ်တော့ လက်ဆောင်ပေးစေလိုတယ်"ဟု ဆိုသွား၏။ "ငါ ကချင်ဘိုးတော်မင်းခေါင်ပော့" ဟု ပြောသွား၏။

* * *

# ကိုလထော်လဆန် (LA HTAW LASENG)နှင့်

## ဘိုးတော်အောင်မင်းခေါင်

အသက် (၃၀)ကျော်လထော်က ကြက်၊ ဝက်၊ နွားမွေးမြူ၏။ အရက်ချက်ရောင်း၏။ စီးပွားရေး ဖြောင့်တန်းနေလေ၏။ သို့ရာတွင် အိမ်ထောင်ရေးကံ မကောင်းရှာပါ။ သူ့ဇနီးချောသည် စိတ်မချော သောကြောင့် မိတ္တပေါ၊ နိပ်ဟချော လိုက်တာဆိုတဲ့ဝါစာ အပြောခံရ လေ၏။ မသိတဲ့ကာလသားသူစိမ်းတို့က စစ်ကြောကြတာက ကညာ ကလေးထင်တယ်၊ လိုက်မှရမယ်၊ ရရ မရရ ရအောင်လုပ်ရင်၊ လိုက် ရင်၊ ရရင်အမြတ် မရရင် အရင်းဆိုပြီး သူတို့လင်မယားကိုယ်တိုင် ချက်တဲ့ သူရာအရည်ကို သောက်တတ်သူများနဲ့ မသောက်တတ်တဲ့ ကာလမောင်များက ဆွမ်းဆန်ထဲက ပါလာတဲ့စပါးလုံးလို အိမ်က အမြည်းယူလာကာ အရက်သောက် ထရိန်နင်တက်ကြလေ၏။ သင်တန်းတက်ကြ၏။

မဇ္ဈိမအာနေပတိုက်

ရက်၊ လ၊ နှစ်အတန်ကြာသော် လထော်ရဲ့ဇနီးချောကလေး တစ်ယောက် မိခင်နဲ့တစ်ရွာခြား ကာလသားနဲ့ညားသွားလို့ မဟား တရားဖြစ်ကာ လင်နဲ့စကားများလို့မို့ ကြင်နာတရားတွေပျက်ပြယ်ကာ ဖက်ဖယ်ရွက်နဲ့မျှစ်ချဉ်စားသလို ခံတွင်းမတွေ့ဖြစ်သွားတော့၏။ နှစ်ဦး နှစ်ဖက် ခမည်းခမက်တို့လည်း သမီး၊ သားမက်ကိစ္စမြားမြောင် လူတို့ ဘောင် ဖြစ်သွားတော့၏။ ကချင်ထုံးစံအရ ညှိနှိုင်းသော်လည်း စိတ်တိုင်းမကျဖြစ်ရလေ၏။ မည်ကဲ့သို့သော မှိုင်းမိသွားတယ်လို့ ယုံမှား ဖွယ်မရှိပါ။ တစ်ထောင့်ငါးရာ ပါဝါခတ်လိုက်သွားပြီး မတတ်သာတဲ့ အဆုံး မိန်းမဘက်က ယောက္ခမတို့က ယောက်ဖ၊ ခမည်းခမက် ဘယ့်နှယ် လုပ်ကြမတုန်းဟု ခေါင်းချင်းရိုက်ဆွေးနွေးပြီး အချည်းနှီး မဖြစ်စေရန် မန်ကျည်းသီး မသီးတော့တဲ့ ပင်အိုကို မန်ကျည်းရွက်နု ခူးရောင်းရင် တစ်မူး တစ်မတ် မြတ်ပါသေးတယ်ဆိုပြီး ထိုကိစ္စကို နေ့နေ့ညည တိုင်ပင်ကာ ဖျောင်းဖျတန် ဖျောင်းဖျ၊ ရောင်းရရင် အမြတ်မြင်၊ မရောင်းရရင်လည်း အကြွေးမတင်အောင် ဆုံးဖြတ်ပြီး သုံးသပ်လိုက်ကြတော့သည်။

သမီးက လင်ဟောင်းနဲ့မပေါင်းလို၊ တွင်တွင်ငြင်းလို့ မိန်းမ ဘက်က လျော်ကြေးနှစ်ဆပေး ကွာရှင်းလိုက်ရသည်။ ငိုချင်းနဲ့ တြာချင်း သတင်းလွှေ့လွှေ့ဖြစ်သွားသည်။ ခယ်မချောက အိမ်ထောင် မကျသေးတဲ့အပျိုစင်၊ နဂိုယဉ်၊ အစ်မနဲ့ ခဲအို ဆဲဆိုရင်း မွေးထားတဲ့ ကလေးက ငါ့တူကလေး၊ ရှေ့ရေးကိုတွေးထင်ပြီး ခဲအိုနဲ့လက်ဆက် လိုက်ရသည်။ တစ်ခုလပ် ခဲအိုနဲ့ တဲအိုကိုအနည်းငယ်ပြီး စလွယ် ပြုပြင်ပြီး မင်္ဂလာဆောင်၊ ဇရာသောင်ကိုဝင်၊ အပျိုစင်ဘဝကို စွန့်လိုက်ပြီး မိန်းကလေးက မူးဝေအိပ်ပျော်သွား၏။

မင်္ဂလာဆောင်တဲ့ညမှာ အိပ်မက်မက်တယ်၊ ပုဆိုး ကွက်ထောက် ဝတ်ပြီး တိုက်ပုံအင်္ကျီရင်ဘတ်ဟပြဲနဲ့ "ငါနဲ့မင်းတို့ လင်မယား အထုံ ဆက်ပါရမီဆက်ရှိခဲ့တယ်။ ဒီညမင်္ဂလာဦးညဆိုပေမယ့် ရှောင်ကြဉ်ကြ ပါ။ ရက်ရာဇာညကျမှ မင်္ဂလာဦးည ကျင်းပကြကွယ့်။ ငါ့ကို သတိမမေ့ကြနဲ့ အိမ်ထောင်ပျက်သွားတာမဟုတ်ဘူး၊ "ခါတ်မတူ နတ်ကူလို့ ခွဲလိုက်တာကွယ့်၊ နောက်မှပဲ လိပ်ပတ်လည်သွားမယ်၊ စောင့်ကြည့်ပါ။ "လိပ်ပတ်လည်တယ်" ဆိုတဲ့ အဓိပ္ပာယ်က ရှင်းပါ တယ်။ "လိပ်ခွံပတ်ပတ်လည် အကွက်ကလေးနဲ့ လိပ်ကျောကုန်းက အကွက်ဟာ မတူပေမယ့် ပနာစားလှပစွာတည်ရှိတယ်ကွယ့်။ မင်းတို့ ခေတ်စကားနဲ့ဆိုရင် ဒီဇိုင်းကောင်းတာပေါ့" ဆိုလေ၏။ မင်္ဂလာ ဆောင်တဲ့ညမှာ သတို့သမီးက မူးဝေပြီး မိုးမချုပ်ခင်ကတည်းက အိပ်ပျော်သွားတာကို သတို့သားနဲ့ဆွေမျိုးတို့က ဝေယျာဝစ္စပင်ပန်း သွားတာပါ။ အိပ်ပါစေဆိုကြ၏။

ရက်ရာဇာရွေးပြီး မင်္ဂလာဦး ကျင်းပတဲ့ညမှ သူရာအရည် မရောင်းရန် မှာထား၍ မရောင်းကြပါ။ ဤသို့နှင့် ဒုတိယ အိမ်ထောင် သာယာသွားလေတော့၏။ သူရာကိုလည်း ရာသက်ပန် အရောင်း အဝယ် မလုပ်ကြ၊ ကိုယ်တိုင်လည်း မသုံးဆောင်ကြတော့ပါ။ နွားကလွဲ လို့ ကြက်၊ ဝက်တို့ကိုလည်း မမွေးကြတော့ပါ။ သူတို့စုံတွဲသည် ရွာမျက်နှာဖုံးဖြစ်သွားကြတော့၏။ ကချင်တောင်တန်းနဲ့ ဘိုးတော် အကြောင်း ဤမျှနဲ့မပြီးပါ။ များလွန်း၍ မရေးနိုင်တော့ပါ။

* * *

# မော်လူးကျောင်းဆရာတော်နှင့်
## ဘိုးတော်အောင်မင်းခေါင်

လယ်ကွက်ထဲက ရေကို ဟိုဘက် ပက်သွင်းလိုက်၊ ဒီဘက် အကွက်ထဲ ပက်သွင်းလိုက်လုပ်နေတဲ့ ဘိုးတော်အောင်မင်းခေါင်ကို မော်လူးအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဓာတုရက နေ့စဉ်လိုလို မြင်တွေ့နေရလေ၏။ ဘာဖြစ်လို့မှန်း မသိရပါ။

ထမင်းကျွေးရင်လည်း ကြေးလင်ပန်းနဲ့မဟုတ်ရင် မစားပါ။ တရားစကားပြောကြား၊ ဟောထားတာက "တစ်ခါလာလည်း မဲပြာပုဆိုး"၊ "မျှစ်နဲ့ငါးချက်စား"၊ "တံခါးဝမှာ မယားအလှကို မတ်တတ် မရပ်စေနဲ့"၊ "အကျင့်မသန့်ရင် မရင့်သန့်ဘူး" ဒီစကားကိုပဲ ထပ်ခါ ထပ်ခါ ဟောမိန့်လေ့ရှိပါတယ်။ မော်လူးအရှေ့ကျောင်းဆရာတော်ကိုတော့ "ကိုယ်တော်မွေးနေ့မှာ ကြက်မ လွှတ်ပါ။ တပည့်တော် ပြန်တော့မယ်" ဆိုပြီး ပျောက်သွားတော့၏။ နောင်တစ်ချိန်တွင် အရှေ့

ကျောင်းဆရာတော်သည် တောရကျောင်းဆောက်တည်ပြီး ကမ္မဋ္ဌာန်း ပြုလေ၏။ အနယ်နယ်အရပ်ရပ်မှ ပရိသတ်တို့ တရားလာရောက် အားထုတ်ကြ၏။ ကြက်ပျံမကျဖြစ်သွားသည်ဟု အဓိပ္ပာယ်ကောက်ယူ ကြလေ၏။ "သဲအင်းဂူတရား" ရိပ်သာ ဖွင့်ခြင်းဖြစ်၏။

* * *

## ဒေါ်ဖွားရွှေနှင့် ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ အရှေ့ဘက် (ဧရာဝတီမြစ်ကမ်း) ဝိုင်းမော်မြို့နယ်၊ ခတ်ချိုရွာကြီးတွင် ရှမ်း၊ ဗမာအမျိုးသမီးကြီး ဒေါ်ဖွားရွှေဆိုသူရှိလေ၏။ သူသည် ဝိပဿနာတရားအမြဲမပြတ်အားထုတ်၏။ "ဝိပဿနာ တရားက နိဗ္ဗာန်အထိပို့တယ်" ဆိုတတ်၏။ ပုတီးစိပ်၏။ "ပုတီးစိပ်ရင် အန္တရာယ်ကင်းတယ်။ အသက်ရှည်တယ်" ပြောလေ့ရှိ၏။ သူမသည် ဘိုးတော်အောင်မင်းခေါင်နဲ့ ဘိုးဘိုးအောင်တို့ကိုပင့်ဖိတ်၍ ဆွမ်းကပ်၊ သစ်သီးဆွမ်းကပ်လေ့ရှိ၏။ သက္ကရာဇ် ၂၀၁၁၊ ဒီဇင်ဘာလတွင် ကွယ်လွန်သွားလေ၏။ အသက် (၈၅)နှစ်တွင် ကွယ်လွန်၏။ သူ့ရဲ့ဈာပနပွဲမှာ စည်ကားသိုက် မြိုက်လှလေ၏။ ကရဝိက်မဏ္ဍပ်ပြုလုပ်၍ လှည်းပေါ်တင်က အလောင်း လွန်ဆွဲကြလေ၏။ မီးသဂြိုဟ်ရန်မှာထားခဲ့၏။ မှာထားသည့်အတိုင်း မီးသဂြိုဟ်လိုက်ကြ၏။

မီးသဂြိုဟ်စဉ် သူစိပ်သွားသော ပုတီးပါထည့်သဂြိုဟ်ကြ၏။ ထိုပုတီးက မီးမလောင်ပါ။ မလောင်မချင်း မီးရှို့ကြရာ ပုတီးလုံးတို့သည် မည်းရာမှ ဖြူသွား၏။ ဓာတ်တော်ကဲ့သို့ဖြစ်ပေါ်ပုံဆောင်သွားလေ၏။ သူ၏အရိုးပြာအချို့လည်း ထူးခြားလေ၏။ ထူးခြားပုံမှာ "နန်းကြိုးခေါက်ဆွဲ၊ မုန့်တီအရှည်ချောင်းကို ဓားနှင့် တောက်တောက်စင်းထားလျှင် အပိုင်းပိုင်း အစစမြင်ရသကဲ့သို့ ရှိလေ၏။ ဤအပိုင်းအစများကို တချို့လူတို့က လူအရိယာမရဲ့ဓာတ်တော်များဖြစ်နေမလားဘဲ၊ ဉာဏ်တော့မမီပါ" ဆိုကြလေ၏။

* * *

# ဆလကာ အရာရှိကတော်နှင့်
## ဘိုးတော်အောင်မင်းခေါင်

မြစ်ကြီးနားမြို့၊ ရောရပ်ကွက်တွင် နေထိုင်သော (ဆလကာ) အရာရှိ (      ) ၏ဇနီး (      ) သည် ဘိုး တော်အောင်မင်းခေါင်ကို အလွန်ကြည်ညိုလေ၏။ သူ၏စရဏမှာ ဘုရားခန်းကို ကြီးကြီးခံ့ခံ့ ပြုလုပ်စီစဉ်ကာ တစ်နေရာတွင် ခုတင်တစ်လုံးထား၍ တကယ့် ပုဂ္ဂိုလ်ထူးများကို ရည်စူး၍ (ဘိုးတော်အတွက်) ထားရှိ၏။ ခေါင်းအုံး၊ အိပ်ရာခင်း၊ စောင်၊ ခြင်ထောင်၊ အနေကထိုင်၊ ထွေးခံ၊ ပန်းအိုး၊ ပုတီး၊ ကွမ်းအစ်၊ လက်ဖက်အုပ်၊ ဆေးပြင်းလိပ်၊ ဒူးယားစီးကရက်၊ သောက်တော်ရေအိုး၊ ရေခွက်တို့ကိုထားလေ၏။

တစ်ခါတစ်ရံ ကြွလာ၍ ဆေးလိပ်အနံ့၊ ကွမ်းယာအနံ့၊ ပန်း (အမွှေး)နံ့၊ ရေမွှေးနံ့လည်းမဟုတ်ဘဲ အမည်နာမ မသိတတ်တဲ့အနံ့တို့ကို ပေးလေ၏။ ချောင်းဟန့် အသံပေးတတ်၏။ ဝင်၍ကြည့်သော် မည်သူ့ကိုမျှ မတွေ့ရ။ ခင်းထားသော ခြေသုတ်ခုံ အခင်းတစ်ဖက်တွင်

ခြေရာထင်နေတတ်သည်ဟု သူကပြောလေ၏။ များသောအားဖြင့် အိပ်မက်ပေးသည်ဆိုလေ၏။

ဗြင်းမိသားစုတို့သည် စိတ်ချမ်းသာသော အိမ်ထောင်သီရိ ဂေဟာပိုင်ရှင်ကဲ့သို့ ဖြစ်တည်ကြလေ၏။

* * *

# အရိုက်ခံရလေလေ လာဘ်ရလေလေ

ကချင်ပြည်နယ်၏ ရွာတစ်ရွာတွင် 'မိစိုး'ဆိုသူ အပျိုကြီး တစ်ယောက်ရှိခဲ့လေ၏။ မျှစ်ပေါ်ချိန်တွင် မျှစ်ချိုး ရောင်းလေ့ရှိ၏။ နှစ်စဉ်ဤကဲ့သို့ မျှစ်ချိုးရောင်းစားလေ၏။ တစ်နေ့သောအခါ မိစိုး သည် သူငယ်ချင်းတို့နှင့် ထင်းခွေသွားစဉ် တောစပ်ထဲရောက်တယ် ဆိုရုံရှိသေးသည် ထင်းခြောက်များကိုတွေ့၍ သူမရဲ့တစ်နိုင်တစ်ရွက် ကို ခဏနှင့်ရသွားလေ၏။ တောစပ်ထဲရောက်လျှင် "ညည်းတို့ နှစ်ယောက်က ဟိုဘက်သွားရှာ၊ ငါတို့နှစ်ယောက်က ဒီဘက်ရှာမယ်၊ ဝူး. . ဝူး . . ဝဲ . . ဝဲ. . ဟေး . . ဟေး အသံပြုကြ၊ အဝေးကြီးကို မသွားကြစတမ်း"ဟု (ပတ်စ်ဝပ်) စကားဝှက်ပေးကြ၏။

ဤသို့နှင့် တစ်နာရီခန့် ထင်းခွေချိန်တွင် ထင်းကောင်းမရ တဲ့အဆုံး လက်မလက်ညှိုးခန့် အကိုင်းခြောက်များကိုသာ ကောက်၍ ပြန်ကြ၏။ လမ်းတစ်ထောက်နားလျှင် သူငယ်ချင်းမ တစ်ယောက် ကပြော၏ "ကြည့်စမ်း . . ကြည့်စမ်း မိစိုးရတဲ့ထင်းက အကောင်းစား

ပါကလား၊ ဘယ်နားကခွေတာလဲ” ဆိုလေ၏။ ကျန်မိန်းကလေးတို့ ကလည်း သေချာကြည့်ပြီး “ဟုတ်ပါ့တော်၊ မိစိုးထင်းခွေတော်လိုက်တာ၊ ဧကန္တနတ်ကကူခွေတယ်ထင်တယ်” ဆိုကြ၏။

နောက်တစ်နေ့တွင်လည်း သွားခွေကြပြန်၏။ ဒီတစ်ခါတော့ မိစိုးနဲ့ တတွဲတွဲထင်းရှာကြ၏။ ရှေ့တစ်နေရာတွင် ငန်းမြွေတစ်ကောင် ကို တွေ့လေရာ ထွက်ပြေးကြ၏။ အဖော်ကွဲသွားမည်လို့ မိစိုးက ပြော၏။ “ညည်းတို့ မြွေကိုတွေ့လို့လား၊ ငါဖြင့် မတွေ့လို့မပြေးဘူး၊ ဒီနားမှာပဲ ထင်းကောင်းရလိုက်တယ်။ ဟောဒီမှာကြည့်” ဆိုကာ သူ့ ထင်းစည်းကိုပြ၏။ “ဟုတ်ပါ့တော် မိစိုးကတော့ ကံကောင်းလိုက်တာ။ ငါတို့ကိုလည်း ထင်းကောင်းတွေ့ရင် ပြောပေးပါ” ဆိုကြ၏။ မိစိုးက တစ်ခါတစ်လေ ပြပေး၏။ ညအိပ်မက်ထဲတွင် ဘိုးတော်ကလာ၍ “ထင်းကိုသူများကိုပြပေးဦးမလား၊ ထင်းပြပေးလို့ ရိုက်မယ်”ဆိုကာ ကြိမ်တုတ်နှင့်အရိုက်ခံရ၏။ “မပြောပြတော့ဘူး” ဟုလည်း ကတိပေး ၏။ ဤသို့ဖြင့် ထင်းခွေ၍ရရှိသော ထင်းကိုစုဆောင်းမိလျှင် ရောင်း စားရလောက်အောင် ဖြစ်လာ၍ ငွေရလာလေ၏။ ငွေရလာသော် ကုသိုလ်ကောင်းမှု မလုပ်လို့ အိပ်မက်ထဲတွင် အရိုက်ခံရပြန်၏။ ထိုအခါ မိစိုးစိတ်ထဲ၌ “ဘိုးတော်ရဲ့ အရိုက်ခံလေလေ လာဘ်လာဘ ရလေလေ ပါကလား” ဟု ဆင်ခြင်ပြီး ဝမ်းသာလေ၏။ မကြာခင် ဆယ်စုနှစ် အတွင်း မိစိုးသည် ရွာမျက်နှာဖုံး ဖြစ်လာလေတော့၏။ သားရေမှာ လည်း မိစိုး၊ နာရေးမှာလည်း မိစိုးဖြစ်ရ၏။

✲ ✲ ✲

# ကျောက်ပန်းတောင်း (ကျောက်ပတောင်း) က
## အာပျို့ကြီး

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့သည် ထူးခြားသော မြို့ဖြစ်ပါသည်။ အဓိပတိ ပုပ္ပားတောင်ကလပ်ရှိခြင်း၊ ပုပ္ပားတောင်မကြီးရှိခြင်း၊ ပုပ္ပားနယ်တွင် သဘာဝဘေဒ ဆေးထူး ဆေးမြတ်များ ပေါက်ရောက်ခြင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ ထွက်ရပ်စခန်းကို ကြွမြန်း (ပြည်တော်ထွက်ရော ပြည်တော်ပြန်ပါ) သွား၊ ထွက်ရပ်ပေါက်ပြီး ပြန် ဝင်လာသောဒေသထူး၊ ဌာနထူးဖြစ်ခြင်း၊ ကမ္ဘာ့အဏုမြူဓာတ်ကို မသိရသောအင်အား၊ မမြင်ရသော အင်အား နှင့် ထိန်းသိမ်းထားသောဌာန (ဓာတ်စခန်း) ရှိခြင်း . . . စသည့် အချက်ထူးအချက်မြတ်နှင့် ပြည့်စုံသောမြို့ဖြစ်လေ၏။ ထိုမြို့တွင် လူတိုင်းမသိရသောအချက်ရှိ၏။ ထိုအချက်မထူးသော်လည်း ထူးသော အချက်ဖြစ်၏။ အစ္စလာမ် (ခ) မွတ်စလင် (ခ) မဟာမေဒင် ဘာသာ ဝင် ဗလီကျောင်း လုံးဝမရှိခြင်းပင်ဖြစ်၏။ မည်သည့်အကြောင်း ကြောင့် မရှိသည်ကား မသိရသေးပါ။

ထိုတောင်ကလပ်တွင် ဘိုးတော်အောင်မင်းခေါင် ထွက်ရပ်ပေါက်လေ၏။ ဘိုးတော်ထွက်ရပ်ပေါက်သော အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်မပျက်မကွက် ကျင်းပကြ၏။ ဘိုးတော်၏ သာဝကများ၊ ဝေနေယျများ၊ ပဋ္ဌာန်းဆက်များ၊ အထုံဆက်များ၊ ပါရမီဆက်များလည်း ကျောက်ပန်းတောင်းမြို့တွင် များပြား၊ မြားမြောင်စွာရှိကြသည်ဟု သိရလေ၏။

ထိုပုပ္ပားတောင်သည် ကျောက်ပန်းတောင်းမြို့နယ်ဖြစ်၏။ ထိုမြို့မှတစ်ဆင့် ပုပ္ပားတောင်သို့ သွားရလေ၏။ ထိုလမ်းခွဲမှာပင် ယခင့်ယခင်တစ်ခေတ်တုန်းက အပျိုကြီးတစ်ယောက်ရှိခဲ့၏။ ဘယာကြော်ကြော်၍ အသက်ဝမ်း ကျောင်း၏။ သူ့၌တူကလေးများ ရှိ၏။ ဆင်းရဲသောကြောင့် ရှင်မပြုနိုင်ဖြစ်နေလေ၏။ ဘိုးတော်ကို သူကြော်သည့် အကြော်ကပ်လှူလေ့ရှိ၏။ ဘိုးဘွားမိဘစဉ်ဆက်ဘိုးတော်ကို ကိုးကွယ်ဆည်းကပ်ကြသူများဖြစ်ကြ၏။

တစ်နေ့သောအခါ ဘိုးတော်က ထိုအကြော်ဆိုင်တွင် အကြော်ဝင်စား၏။ ထိုအခါအပျိုကြီးက တစ်ကြိမ်တစ်ခါမှ မတောင်းဆိုဘူးသော တောင်းဆိုမှုကို တောင်းဆိုလိုက်၏။ တူကလေးများကို ရှင်ပြုလိုပါကြောင်း၊ ဘိုးတော် မ,စသင့်လျှင် မ,စရန် တောင်းဆိုလိုက်၏။ ထိုအခါ ဘိုးတော်က စိတ်ဆိုးသလိုလိုဖြစ်သွားပြီး လက်ဝါးခန့်ရှိ၍ တောင်ဆုတ်ခန့်ရှည်သည့် အနှစ်ကောင်းသည့် ထင်းခြမ်းနှင့် အပျိုကြီးကို ရိုက်၏။ ရိုက်ပြီးသောအခါ "နင့်ကိုရိုက်တဲ့ ထင်းခြမ်းကို ဘုရားစင်မှာ တင်ထားလိုက်၊ ခုနစ်ရက်ကြာလျှင် ကိုင်ကြည့်" ဆိုပြီး ပုပ္ပားတောင်သို့ကြွသွား၏။ ခုနစ်ရက်ကြာသွားသော်လည်း မကြည့်ဖြစ်ဘဲ တစ်လခန့်ကြာမှ ဘိုးတော်ကြွလာ၍ အကြော်လာစားတော့မှ သတိရ

၏။ ဘိုးတော်ကပြော၏ "နင်က သတိတော်တော်ကင်းတဲ့ကောင်မပဲ၊ ထပ်ရိုက်ရမလား" ဟုဆိုလေ၏။ အပျိုကြီးက ပျာပျာသလဲနှင့်ပြော၏။ "အခုမကြာခင် ဆိုင်သိမ်းတော့မှာပါ အဘ၊ အိမ်ရောက်ရင် ဆက်ဆက်ကြည့်ပါမယ်" ဆို၏။ အိမ်ရောက်၍ ထိုထင်းခြမ်းကို ကိုင်ကြည့်သည့်အခါ လေးလေးကြီးဖြစ်နေ၍ လက်တစ်ဖက်နဲ့မနိုင်၍ လက်နှစ်ဖက်နှင့်မ,ကြည့်မှ ကြွလာလေ၏။ အပေါ်ယံက ထင်း၏အခေါက် ဖုံးနေ၏။ ခွာကြည့်သော် ဗုဒ္ဓဟူးနံ (ရွှေ) အတိဖြစ်နေသည်ကိုတွေ့ရ၏။

အပျိုကြီးလည်း ဝမ်းသာလုံးဆို့သွား၍ လဲပြိုသွားမည်ကဲ့သို့ဖြစ်သွားလေ၏။ တူကလေးများကို ရှင်ပြု၊ အခြား ဆင်းရဲသားတို့၏သားတို့ကိုလည်းရှင်ပြု ရဟန်းခံသည့်အပြင် ကျောင်းဆောက် ဘုရားတည်၊ သိမ်ဆောက်၊ တန်ဆောင်းဆောက်စသည့် သာသနာပြုလုပ်ငန်းဖြစ်သည့် သာသနိက အဆောက်အအုံတို့ကို ဆောက်လုပ်လှူဒါန်းခြင်းများစွာပြုသည့်အပြင် မြို့ထဲက သာရေး၊ နာရေးကိစ္စကို ထိထိ ရောက်ရောက်စွမ်းဆောင်နိုင်သောကြောင့် မြို့မျက်နှာဖုံး၊ မြို့ကျက်သရေ၊ မြို့မိ၊ မြို့ဖ၊ မြို့ရဲ့အဓိပတိပုဂ္ဂိုလ်အမျိုးသမီးဖြစ်သွားလေ၏။

* * *

# ဆင်းရဲသား၏ အကြွေးကို
## ဘိုးတော်အောင်မင်းခေါင် ပေးဆပ်ပြီ

ရှမ်းပြည်နယ် (မြောက်ပိုင်း)က ရှမ်းတစ်ပိုင်း၊ ကချင်တစ်ပိုင်း (        )ရွာတွင် အလွန်ဆင်းရဲသော ရှမ်းမိသား စုတစ်စု (တစ်အိမ်)နှင့် လူတန်းစေ့နေနိုင်သည့် ကချင်အမျိုးမိသားစုတို့ ရှိလေ၏။ သူတို့ အိမ်နီးနားချင်းတို့သည် ချစ်ခင်စွာနေထိုင်ကြသော်လည်း ရှမ်းမိသားစု၌ သမီးချောရှိသောကြောင့် ကချင်မိသားစုတို့၏ သားကာလသားက (ယဲ့သိသိ) လုပ်လေ့လုပ်ထရှိ၏။ ဤအခြင်းအရာကို ရှမ်းအိမ်က အသုံးချတော့၏။ ချုပ်ကား . . .

ပိုက်ဆံလိုလျှင် ကချင်အိမ်မှငွေချေးလေ၏။ ပြန်မဆပ်ပါ။ ဆပ်နိုင်သည့်အခြေအနေရှိလျှင်လည်း မဆပ်ပါ။ လိုလျှင်လည်းချေး၊ မလိုလျှင်လည်းချေးဖြစ်လာလေ၏။ နောက်ပိုင်းတော့ “ချေးတာ ဝါသနာပါတယ်၊ ဆပ်တာဝါသနာ မပါဘူး” ဖြစ်လာ၏။ ကချင်အိမ်က လည်း မတောင်းပါ။ မဆပ်နိုင်လျှင် သမီးကိုတောင်းယူမယ်၊ အကြွေး

ကို လျှော် (ရှော်) ပစ်မယ်ဟုစိတ်ကူး၏။ မကြာခင်ကာလအတွင်း မိန်းကလေးကို ရှမ်းအချင်းချင်း တောင်းယူသွားတော့၏။ ထိုအခါ ကချင်အိမ်က မျှော်လင့်ချက်မရှိတော့၍ အကြွေးဖိတောင်းတော့၏။ အိမ်ရှင်အဘိုးကြီးက မအိပ်နိုင်၊ မစားနိုင်ဖြစ်၍ ပိန်လှီခြောက်ကပ်လာလေ၏။ ထိုအခါ အိမ်ရှင်အဘွားကြီးကဆို၏ "ဗမာလူမျိုးတွေဆီကို သွားလည်တုန်းက အုန်းပွဲ၊ ငှက်ပျောပွဲတင်ပြီး ဘိုးတော်အောင်မင်းခေါင်ကို အကြွေးဆပ်ပေးခိုင်းတယ်လို့ ကြားဖူးတယ်။ ကျွန်မတို့လည်း လုပ်ကြည့်ရအောင်" ဆိုလေ၏။

လင်ယောကျ်ားက "လုပ်ကြည့်လေကွာ၊ ခြံထဲမှာ ငှက်ပျောပင် စိုက်ထားတာ အများကြီးပဲ။ အုန်းသီးပဲလိုတယ်" ဆိုလေ၏။ အုန်းပွဲတင်လျှ၍ပြောသည်မှာ "ကချင်ထံမှ၊ အမြင်မှန်မရလို့၊ အရင်က အကြွေးယူ၊ ယခုတော့အကြွေးထူ၊ ကူပါဘိုးတော်" ဟု အဓိပ္ပာယ်ရှိသည့် ရှမ်းကဗျာရွတ်၍ တင်လျှူလေ၏။

ထိုညတွင် အိပ်မက်ထဲ၌ ဘိုးတော်ကြွလာ၍ လက်ာနှင့်ပင် "သုံးဆယ့်ခြောက်ကောင်၊ အမြီးထောင်၊ အောင်စေသတည်း"ဟုဆို၏။ ထိုအခါ ရှမ်းအဘိုးကြီးကပြော၏။ "အမြီးထောင်တာဘာကောင်းလဲ ခွေးလား၊ မျောက်လား" ဆို၏။ ထိုအခါ အဘွားကြီးကဆိုလေ၏။ "ခွေးကအမြီးတော့ထောင်တယ်၊ ကောက်သွားတယ်။ မျောက်ကအမြီးပဲ ထောင်တယ် မကောက်ဘူး" ဆိုလေ၏။ ထိုအခါအဘိုးကြီးက "ဒီလိုဆိုရင် (မျောက်) အတိတ်ယူပြီး (၃၆) ကောင် သွားထိုးကွာ (၁၀၀၀) ဖိုးထိုးပါ" ဆို၏။ ထိုညနေတွင် (၃၆) ကောင်ပေါက်လာသောကြောင့် ကချင်မိသားစုအကြွေးကို အပြီးအပြတ်ဆပ်လိုက်နိုင်လေသတည်း။

အိမ်ရှင်တို့လည်း ဘိုးတော်အောင်မင်းခေါင် အကြွေးဆပ်

ပေးတာပဲဆိုပြီး ဘိုးတော်ကို သုံးလတစ်ကြိမ် အုန်းပွဲ၊ ငှက်ပျောပွဲ ရာသက်ပန်တင်လှူကြ၏။ နောက်ပိုင်းတွင် ကချင်မိသားစုတို့ကဲ့သို့ တန်းတူရည်တူဖြစ်သွား၊ ချမ်းသာသွားကြလေ၏။

သို့သော် နောက်ပိုင်းတွင် ဘိုးတော် မ,နိုးနိုးနှင့် (၃၆) ကောင် ထိုးထိုးနေကြ၏။ ဘိုးတော်က အိပ်မက်ထဲတွင် မိန့်၏။ "အကြွေး မဆပ်နိုင်လို့ စိတ်ဖိစီးရောဂါနဲ့သေမယ့်ဘေးကပဲ ကယ်ခွင့်ရှိတယ်။ ချမ်းသာအောင်ပေးခွင့် ငါ့မှာမရှိဘူး၊ လူ့အလို နတ်မလိုက်နိုင်ဘူး" ဆိုလေ၏။

* * *

# မိုးရထားကို သံလမ်းပေါ် ပြန်တင်ပေးတယ်

ဂျပန်ခေတ်ကြိုချိန်တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့အနီး ရထားလမ်းတွင် လမ်းချော် (ရှော်) လို့ ခရီးမသွား နိုင်တဲ့ ရထားကြောင့် ခရီးသည်များ ဒုက္ခရောက်နေကြတယ်။

ခရီးသည်တချို့က ဘုရား တတယ်၊ ခရီးသည်တချို့က အမိ တတယ်၊ တချို့က ဘိုးတော်အောင်မင်းခေါင်ကို တကြတယ်။

ခဏကြာသော် ဘိုးတော်အောင်မင်းခေါင် ရောက်လာပြီး ပြောတယ် "ငါက ဘုရားမဟုတ်၊ တရား မဟုတ်၊ သံဃာ မဟုတ်၊ မိဘမဟုတ်ဘူး၊ ဆရာဖြစ်တယ်" ဆိုကာ ပါလာတဲ့ကြိမ်တုတ်နဲ့ ရထားသံဘီး (ဘိန်း) ထဲ ထိုးသွင်းကာ "သံလမ်းပေါ်တက်၊ တက် ခရီးသည်များဒုက္ခရောက်တယ်၊ အထူးသဖြင့် ငါ့တပည့်တွေ ဒုက္ခရောက်တယ်" ဟု ဆိုလိုက်ရာ ရထားကြီးက သံလမ်းပေါ် ပြန်တက်၍ (တည့်သွား) သူ့ဟာသူ မောင်းထွက်သွားတယ်။ ရထားမောင်းသူနဲ့ ဂါတ်ဗိုလ်တို့က ကမန်းကတန်းအပြေးအလွှား လိုက်တက်သွားရတယ်။

"ဘိုးတော်ကွ၊ အဘကွ၊ အဘိုးကွ"ဟု အော်ဟစ်သံ ညံသွားတယ်။

* * *

# ဧရာဝတီမြစ်နဲ့ ချင်းတွင်းမြစ်ဆုံက ကျွန်းတုံးကြီး

ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ် ဆုံတဲ့နေရာမှာ ကျွန်းတုံး တစ်တုံးဟာ ကန့်လန့်ကြီးခံ (ပိတ်)နေလို့ သင်္ဘော၊ လှေ စတဲ့ ရေယာဉ် ကြီးငယ်များ ကောင်းကောင်း မသွားလာနိုင်လို့ ဘိုးတော်အောင်မင်းခေါင် ကို တကြတယ်။ ဘိုးတော် ရောက်ရောက်လာပြီး ကြိမ်တုတ်နဲ့ရိုက် တော့မှ ကျွန်းတုံးကြီး ဖယ်ရှားသွားတယ်။ ဘိုးတော်အောင်မင်းခေါင် က ကျွန်းတုံးကြီးကို တက်စီးပြီး "ငါဘုရားတည်မယ့်နေရာမှာရပ်" လို့ အမိန့်ပေးတယ်။ ကျွန်းတုံးကြီးစီးပြီး ဆန်တက်သွားပြီး ရပ်တန့် သွားတဲ့နေရာဟာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ဆုတောင်းပြည့် စေတီတော်ကြီး ဖြစ်သွားတယ်။ ထို ဆုတောင်းပြည့်စေတီတော်ဟာ ဆုတောင်းရင် အထူးပြည့်တယ်လို့ ဆိုကြတယ်။ မြစ်ကြီးနားမြို့ရဲ့ အရှေ့မြောက်အရပ်မှာ တည်ရှိတယ်။ စည်ကားတယ်။

* * *

# အင်းတော်ကြီးလမ်း ပိတ်နေတဲ့ သစ်ပင်ကြီး

ကချင်ပြည်နယ်၊ အင်းတော်ကြီး ရွှေမဥ္ဇူစေတီ၊ ရေလည်ဘုရားကို သွားတဲ့လမ်းမှာ တောင်ပြိုလို့ သစ်ပင်ကြီး တစ်ပင်လဲကျပြီး ကန့်လန့်ခံနေတယ်။ သွားလာလို့ မရတော့ပါ။ ထိုအခါ ဘိုးတော်ကို တကြတယ်။ ဘိုးတော်ရောက်လာ၍ "မင်းကွာ ကံခေလိုက်တာ မင်းပေါက်နေတဲ့ မြေကြီးလည်း ဆုံး၊ မင်းဘဝလည်း ဆုံး၊ မင်းတစ်ကိုယ်လုံး ထင်းဖြစ်တော့မှာ။ တိုင်းပြည်ကိုလုပ်ကျွေးချင်ရင် ထင်းဖြစ်၊ ထင်းဖြစ်။ မလုပ်ကျွေးချင်ရင် နဂိုအတိုင်း တောင်ကမ်းပါးယံ (ကဘရဲ) မှာ ပြန်နေ" ဟု ပြောလိုက်ရာ သစ်ပင်ကြီးသည် နဂိုအတိုင်းပြန်မတ်၍ နေလိုက်တယ်။ ဘိုးတော်ကလည်း "နောက်ဒီလို မဖြစ်စေနဲ့" ဆိုသွားတယ်။ အင်းတော်ကြီးတစ်ကြောမှာ ရှမ်းလူမျိုးနဲ့ ကချင်လူမျိုးတို့ နေထိုင်ကြရာမှာ လူမျိုးဘာသာမရွေးတို့ လိုအပ်ရင်လိုအပ်သလို ဘိုးတော်က ကူညီတယ်။ ရှမ်းတို့က ဘိုးတော်ကို ပူဇော်ကြတယ်။ ကချင်တို့က "နတ်လူ" လူကဖြစ်တဲ့နတ်လို့ ပြောကြတယ်။ မပူဇော်ကြပါ။ "နတ်ကျော့" ခေါ်တဲ့ နတ်စားကချင်တို့တော့ ပူဇော်ကြတယ်။

❋ ❋ ❋

# ကျောက်တုံး၊ ကျောက်ခဲ၊ သံတိုသံစ၊ ဘာလိပ်ဓား စားတဲ့သူ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်မှာ မကြာခင်နှစ်အတွင်းက လူငယ်ကာလသားတစ်ယောက်ဟာ သံတိုသံစတွေ စား၊ ကျောက်စရစ်တွေ မျိုချ၊ ကျောက်ခဲ ကျောက်တုံးကို စိမ်းစားဥကိုက်စားသလို ကိုက်စား၊ မောင်းချဓား (ခ) ဘာလိတ်ဓားကို စားလိုစား ဖြစ်နေတာကို လူတွေက ကြည့်ကြတယ်။ “ဒီကောင်က လူမဟုတ်ဘူး၊ လူနဲ့တူတဲ့နတ်၊ နတ်နဲ့တူတဲ့လူ၊ သံစားတဲ့လူဘီလူး၊ ကျောက်စားတဲ့ ကျောက်ဘီလူး၊ သံလမ်းဟောင်းသံတုံးကြီးပေါ်ကို တံထွေးထွေးလိုက်ရာ ခဏကြာတဲ့အခါ သံလမ်းကပြတ်သွားတာ တွေ့ရတယ်။ ထင်းခွဲတဲ့ဓားမကြီးကိုင်ပြီး ထင်းခွဲခိုင်းရာ ဓားကြီးက ငှက်ပျောပင် (အပြင်) ငှက်ပျောဖတ်လိုဖြစ်သွား၊ ပျော့ပြဲသွားလို့ ခွဲလို့ မရ ဖြစ်သွားတယ်။ ထင်းခွဲပေါက်ဆိန်ကိုကိုင်လိုက်လျှင် ထင်းတုံးနဲ့ လုပ်ထားတဲ့ “ဆောက်ပုတ်” ဖြစ်သွားတယ်။

သူ့ကိုငွေပေးတော့လည်း ငွေကိုမယူပါ။ အစားအစာကို ကျွေးရင်စားတယ်။ ဘယ်သူ့မှသူ့ကို ဂရုတစိုက် မလုပ်ကြပါ။ ဘိုးတော် အောင်မင်းခေါင်နဲ့ သူနဲ့စကားပြောတယ်။ "ဘိုးတော် ကျွန်တော့်ကို ဒီလိုသံစားခိုင်း၊ ကျောက်စားခိုင်းတာ (၄×၁၂=၁၀၈) ရက်ရှိပြီ၊ ဘာ အကျိုးမှမရှိဘူး၊ မလုပ်ချင်မစားချင်တော့ဘူး" ဆိုလေ၏။ ထိုအခါ ဘိုးတော်ကပြော၏။ "နောက်နောင်ကို ဗုဒ္ဓဘာသာဝိဇ္ဇာအတတ်နဲ့ သိပ္ပံပညာပြိုင်တဲ့အခါမှ အလွန်မာတဲ့ သတ္တုစက်ကိရိယာတွေကို ဝိဇ္ဇာ ကထိကိုင်လိုက်တာနဲ့ အရည်ဖြစ်သွားမယ်။ သံမဏိဖျော်ရည် လုပ် သောက်ဖြစ်မယ့် အချိန်ရောက်လာမယ်၊ မင်းကို နမူနာပြခိုင်းတာပါ။ ငါ့မြေးက မစားချင်တော့ဘူးဆိုရင် မစားနဲ့တော့။ ဒီမှာလည်း မနေနဲ့ တော့" ဟု ပြောလိုက်တဲ့နောက် မကြာခင်ပျောက်သွားတော့တယ်။ တချို့ပြောတာက "အောက်ဗမာပြည်က ဗမာအမျိုးသားတစ်ယောက် ခေါ်သွားတယ်" ဆိုကြတယ်။

* * *

# အင်းဝိဇ္ဇာ ကိုလလုံနော်

ကချင်ပြည်နယ်၊ မြစ်ကြီးနား ( ) ရပ်ကွက်မှ ကိုလလုံနော် (LALUNG NAW) ဆိုသူ ကချင်အမျိုးသားတစ်ယောက်ရှိတယ်။ ဘိုးတော်အောင်မင်းခေါင်နဲ့ ပဋ္ဌာန်းဆက် (အနွယ်ဝင်) ရှိတယ်လို့ သူက အိပ်မက်မက်တယ်။ သူဟာ အားရင်အားသလို တုတ်နဲ့မြေကြီးမှာ အင်းကွက်ရေးခြစ်လေ့ရှိတယ်။ ရက်၊ လ၊ နှစ်ကြာလာသော် ရေးခြစ်နေတဲ့မြေကြီး အင်းကွက်ပေါက်ကွဲတယ်။ ထို့နောက် သူ့မျက်စိထဲမှာ အင်းတွေကိုပဲ မြင်ရတယ်။ မြင်တဲ့အင်းကွက်အတိုင်း အင်းချ၍ သောက်တယ်။ နောက်မကြာခင် ကိုလလုံနော် ပျောက်သွားတယ်။ ထွက်ရက်ပေါက်သွားတာလား၊ သေသွားတာလား မသိပါ။ တချို့ပြောတာက အသေထွက်အင်းဝိဇ္ဇာ ဖြစ်သွားတယ်ဆိုကြတယ်။

ကိုလလုံနော်ဟာ သေသွားသည်လား၊ ထွက်ရပ်ပေါက်သည်လား သိချင်ဇောနဲ့ လိုက်လံစုံစမ်းရာ ဦးကြီးတစ်ယောက်က ပြော၏။ "လလုံအမျိုးမှာ လလုံနော် နာမည်က အများကြီးပဲ၊ လလုံနော် တော်တော်များများကို မေးကြည့်တယ်၊ ဘာသာခြားတွေပဲ၊ ဗုဒ္ဓဘာသာဝင် မဟုတ်ကြဘူး" ဟုဆို၍ မစုံစမ်းဖြစ်တော့ပါ။

✳ ✳ ✳

# ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်

(　　)ပြည်နယ်၊ (　　)မြို့နယ်၊ (　　)ရပ်ကွက်တွင် အလွန်ချော၊ အလွန်လှသော မိန်းကလေးတစ်ယောက်ရှိ၏။ တရုတ်နှင့်ရှမ်းကပြားမလေးဖြစ်၍ အထူးကြည်လင်သည့် ရုပ်သဏ္ဌာန်ပိုင်ရှင်ဖြစ်၏။ ပီယရုပ်ဆိုတဲ့ ရူပါရုံပိုင်ရှင်ဖြစ်၏။

ရှမ်းလူမျိုးကလည်း အသားဖြူ၊ တရုတ်လူမျိုးလည်းအသားဖြူ ကပြားဖြစ်၍ အဖြူပေါ်အဖြူဆင့်ကာ အဖြူအားလုံး၏ ဘိုးတော်၊ ဘွားတော်လို့ ခေါ်ယူရလောက်အောင် ဖြူစင်နေထွတ်သည့် ထိုမိန်းကလေး တို့အိမ်ရှေ့တွင် ပေါက်ပြားနှင့်မြက်ပေါက် ရှင်းပစ်စရာမလိုဘဲ အမြဲတမ်း ပြောင်နေ၏။ အဘယ်ကြောင့်ဆိုသော် လူပျိုကာလသားများ အဝင်အထွက်များသောကြောင့် မြက်ပင်များ နာလန် မထူနိုင်တော့သောကြောင့် ဖြစ်၏။ အိမ်၏ဘေးစောင်း ထောင့်တစ်နေရာတွင် တူးထားသောရေတွင်းကလေးလည်း ရေအထွက်နည်းလာ၏။ အဘယ်ကြောင့်ဆိုသော် -

ကိုးကန့်လက်ဖက်ခြောက်လည်း ရောင်းကောင်းလှ၏။ ပဲလှော်သည်မလေးလည်း လက်မလည်အောင် ရောင်းရလေ၏။ ရေတွင်းကရေကို နံနက်၊ နေ့၊ ည ခပ်ယူ ရေနွေးတည်၊ ကိုးကန့်လက်ဖက်ခြောက်ခတ်၊ ရေနွေးကြမ်းသောက်၊ ပဲလှော်ဆီဆမ်းနှင့် မြည်းသောကြောင့်တည်း။ ပထမတွင်အိမ်ရှင်က ကိုယ့်ဟာကိုယ် ရေခပ်၊ ရေနွေးတည်၊ လက်ဖက်ခြောက်ဝယ်၊ ပဲလှော်ဝယ်ရသော်လည်း ကြာလာသော် ထိခိုက်လာလေ၏။ "အဘ ကျွန်တော်ရေခပ်မယ်၊ အဘ ကျွန်တော် ရေနွေးတည်မယ်၊ အဘ ကျွန်တော်ပဲလှော်ဒကာ ခံမယ်" ဟု ဆိုကြ၏။ အိမ်ရှင်တို့ ထိခိုက်လာသော်လည်း မနစ်နာစေရန် သိတတ်သည့်ကာလသားတချို့က ဝင်၍ တာဝန်ခံ ပခုံးလွှဲယူကြတော့၏။ ထိုကာလသားများထဲတွင် ရေနွေးကြမ်းလည်း မသောက်၊ ပဲလှော်လည်းမစားဘဲ ငူတူတူ၊ ငိုင်တိုင်တိုင်နှင့် သူများစကားပြောသည်ကိုသာ ပါးစပ်ဟပြီး နားထောင်နေတတ်သည့် "ဆိုင်လုံ" ဆိုသည့် ကာလသားတစ်ယောက်ပါလေ၏။ ဆိုင်လုံက စာမတတ်ပါ။ ကိုယ်ကာယ ဖွံ့ထွား၏။ အသားညို၏၊ သူဆင်းရဲသားဖြစ်၏၊ ရိုးသား၏။

ဆိုင်လုံသည် ထူးခြားသောလူငယ်ဖြစ်၏။ ရွာထဲတွင် နာရေးပေါ်တော့မယ်ဆိုလျှင် ကြိုတင်သိ၍ ရွာသူများ၊ ရွာသားများကို ပြောပြ၏။ ပထမတော့ မယုံကြပါ၊ အကြိမ်ပေါင်းကြာလာသော် တိုက်ဆိုင်မှုများလာလေ၏။ ထိုအခါ ယုံကြည်လာကြ၏။ သူ့ကိုလည်း ရွာသူ၊ ရွာသားတို့က ရွံ့ကြောက်ဖြစ်လာ၏။ ဆိုင်လုံ အနေရကျပ်လာ၏။ အခြားရွာသို့ ပြောင်းရွှေ့နေထိုင်မှုဖြစ်တော့မည်ဟု စိတ်ကူးလာ၏။ စိတ်ညစ်လာ၏။

ထိုအတောအတွင်း၌ မိန်းမချောလေး မယုယုအခြေအနေလည်း သိပ်ပြင်းထန်လာပြီး၊ ကာလသားများအချစ် စစ်ပွဲဆင်နွှဲလို့ဖြစ်လာပြီ၊ ယုယုလည်း ဘယ်ကာလသားကို အတည်တကျမရွေးတတ်တော့ပါ။ ထို့နောက် မကြာခင်ရက် အတွင်း ပုဆိုးကွက်ကျား၊ တိုက်ပုံအင်္ကျီဟောင်းဝတ်ထား၊ ရှပ်အင်္ကျီမပါ၊ စွပ်ကျယ်လေးဝတ်ထားသည့် အဘိုးကြီးရောက်လာ၍ မိန်းကလေးကိုပြော၏။ "ငါ့မြေးကလေးကလှတော့၊ ပွကြောလန်တော့မယ်၊ ဒုက္ခအတိဖြစ်တော့မယ်။ စိတ်ကူးမလွဲနဲ့ ငါ့သားတပည့် ဆိုင်လုံနဲ့ လက်ဆက်လိုက်၊ အဘစောင့်ရှောက်မယ်။ စိတ်ကူးလွဲရင် မိတ်ဖူးစွဲသွားမယ်"ဟု ဆိုလေ၏။ ယုယုမိဘနှင့် ဆိုင်လုံမိဘကိုလည်း အလားတူနားချလိုက်သည်ရှိသော် "ဆိုင်လုံနဲ့ ယုယု၊ ယုယုနဲ့ဆိုင်လုံ" ဖြစ်သွားလေတော့၏။ ကာလသားအပေါင်း နောက်ကြောင်း လှည့်သွားကြ၏။

မင်္ဂလာဆောင်သောနေ့တွင် ရှေးရှေးက မင်းသားလိုဝတ်ထားသည့် လူကြီးတစ်ယောက်ရောက်လာ၍ အော်ပြောသွားသည်မှာ "ဖိတ်မှဖိတ် ကိုယ့်အိတ်ထဲမှာဖိတ်တော့ မဆုံးရှုံးဘူးပေါ့ကွယ်" ဆိုလေ၏။

* * *

# ရွှေအိုး ယူမလား ငွေအိုးယူမလား

"ဆင်းရဲပေမယ့် မမွဲစေနဲ့၊ မွဲပေမယ့် မတေစေနဲ့၊ တေပေမယ့် မလေစေနဲ့ကွယ့်။ ဆင်းရဲပေမယ့် စေတနာမမွဲ ရဘူး၊ မွဲပေမယ့် စိတ်အလေအလွင့်မဖြစ်စေရဘူး။ တေလေဖြစ်မသွားအောင် ဆင်ခြင်ပါတော့လား"

"အထက်ပါအဆုံးအမစကားကို ထွေးမောင် အိပ်မက်ထဲတွင် အဘိုးကြီးတစ်ယောက်နှင့်တွေ့၍ ခံယူလိုက်သည့် ဩဝါဒစကားဖြစ်၏။ သူ သဘောကျသွား၏။ နိုးထလာသည့် ထိုနေ့မှစ၍ တံငါမလုပ်တော့ပါ။ တံငါလုပ်သည့်အခါ ရေနှင့် ထိတွေ့သဖြင့် အရက်သောက်ရ၏။ ငါးကင် ငါးကြော်နှင့်မြည်း၏။ တံငါမလုပ်တော့သဖြင့် အရက်လည်းမသောက်တော့ဘဲ ခြံလုပ်ယာလုပ်စားတော့၏။ အဆင်တော့သိပ်မပြေသေးပါ။

တစ်နေ့သောအခါ ဘိုးတော်တစ်ပါးခြံထဲရောက်လာ၍ "ငါ လုပ်အားပေးမလို့လာတယ်။ ဘာလုပ်ရမလဲ ပေါင်းပင်နှုတ်ကူရမလား၊ ခြံကာကူရမလား" ဆိုလေ၏။ ထွေးမောင်ကပြော၏။ "အဘိုး

မလုပ်ပါနဲ့ တဲထဲမှာသွားထိုင်နေပါ၊ စားစရာလည်းရှိတယ်။ ယူစားပါ" ဆိုလေ၏။ ထိုအခါ ဘိုးတော်က ဆိုပြန်၏ "ကောင်းကင်မှာ ရတနာ နက္ခတ်ပေါ်နေတယ်။ ငါ့မြေး ခြံကာဖို့ ဟောဒီမှာကျင်းတူး၊ အခုတူး" ဟုဆို၍ တူးရာ တစ်ထွာကျော်တူးမိလျှင် ငွေအိုးရလေ၏။ ဒင်္ဂါးပြား သုံးပိဿာရလေ၏။ ထိုစဉ်က ဒင်္ဂါးတစ်ပြားကို တစ်ကျပ်၊ ဆယ်ပြားကို တစ်ဆယ်သား၊ ပြားတစ်ရာကို တစ်ပိဿာ ခေါ်ကြ၏။

"ငါ့မြေး အဲဒီငွေအိုးအောက်မှာ ရွှေအိုးရှိသေးတယ်။ မယူနဲ့ ယူရင် ငါ့မြေး အခုချမ်းသာ၊ အခုသေဖြစ်သွားမယ်" ဟု ဆိုလေ၏။ မောင်ထွေးမောင်ကလည်း "ကျွန်တော် ဒီငွေရတာနဲ့ကျေနပ်ပါပြီ။ တစ်ဝက်ကိုလှူမယ်၊ တစ်ဝက်ကိုသုံးမယ်" ဆိုလေ၏။ အဘိုးကြီး ဘိုးတော်ကပြော၏ "မင်းထိုက်တန်တဲ့ တစ်နေ့တော့ အဲဒီရွှေအိုးလည်း ရမှာပါ။ မင်းပစ္စည်းပါ" ဟုဆို၏။

* * *

# ဒေါက်တာတီအင်လား (Dr. TNLAL)နှင့် ဘိုးတော်အောင်မင်းခေါင်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်တွင် ဒေါက်တာတီအင်လား (Dr. TNLAL) ဆိုသူရှိလေ၏။ သူသည် အိန္ဒိယပြည်က ပန်ချာပီလူမျိုးဖြစ်လေ၏။ မလေးရီးယား ငှက်ဖျား အထူးကုဆရာဝန်ဖြစ်၏။ ငှက်ဖျားအကုကောင်းသောကြောင့် နာမည် ကောင်းလက်မှတ် (၁၆) တစ်ဆယ့်ခြောက်ခုရရှိထားသူဖြစ်၏။ ဒုတိယ ကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်တပ်နှင့်အတူ အိန္ဒိယစစ်သားများ နှင့်အတူ မြန်မာပြည်သို့ ဝင်ရောက်လာသောအခါ ဒေါက်တာလား သည် လေထီးခုန်၍ ဝင်လာ၏။ ဂျပန်ကိုတိုက်ထုတ်ပြီးနောက် အိန္ဒိယ ကို မပြန်တော့ဘဲ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တစ်သက်လုံး နေထိုင်သွားလေ၏။ သူသည် ဘာသာခြားဖြစ်၏။ သူ့ကို ဝိဇ္ဇာဂိုဏ်းချုပ် ဆရာတော်ဖြစ်သော ရက်ကန်းစင်တောင်ဆရာတော်နှင့် ရာကျော် ဆရာတော်၊ ဘိုးတော်အောင်မင်းခေါင်၊ မယ်ဒလင်ကိုင်ထားသည့်

ဆာဒူးဘာဘာတို့က ချွတ်၍လည်းကောင်း၊ နာမည်ကြီးဆရာတော် တရားဟောဓမ္မကထိက ဆရာတော်တို့ဟောသော တရားကို နာကြား၍ လည်းကောင်း၊ ကောင်းသောဓမ္မမိတ်ဆွေတို့နှင့်ဆွေးနွေး၍ လည်းကောင်း၊ ဗုဒ္ဓဘာသာသို့ ဝင်ရောက်လာ၍ ဘုရားတည်၊ ကျောင်းဆောက်၊ သိမ်ဆောက်၊ စေတီဟောင်းပြင်၊ ကျောင်းဟောင်းပြင်၊ ရှင်ပြုရဟန်းခံပြုလုပ်သာသနာပြုလေ၏။ အောင်မြင်လေ၏။

တစ်နေ့သောအခါ ဘိုးတော်အောင်မင်းခေါင်ဓာတ်စီး၍ တရားဟောလေ့ဟောထရှိသော လူငယ်တစ်ယောက် နှင့်တွေ့ဆုံလေ၏။ ဒေါက်တာလားက လူငယ်အား ပြော၏။ "လုပ်စမ်းပါဦး မင်း ဓာတ်စီးတရားဟောတယ်ဆိုတာ ကြားဖူးတယ်။ အခု ဓာတ်စီး တရားဟောစမ်းပါ" ဆိုလေ၏။ လူငယ်က ပြော၏။ "ဒေါက်တာရဲ့အိမ်က ဘုရားခန်းက ဘိုးတော် ဓာတ်ခန်းထဲမှာ ဟောမှဖြစ်မယ်ခင်ဗျာ" ဆိုလေ၏။ သူကဆက်၍ "ကောင်းပြီ ဒီညငါ့အိမ်ကိုလာခဲ့၊ ဆက်ဆက်လာခဲ့၊ မအားဘူးလို့မပြောနဲ့" ဆိုလေ၏။

ထိုညတွင် ဓာတ်စီးလူငယ်ကရောက်လာ၏။ အံ့ဩလည်း အံ့ဩသွားလေ၏။ အဘယ်ကြောင့်ဆိုသော် ဒေါက်တာလားက သူ၏ ဂုဏ်သရေရှိ အရာရှိလူကြီးများ၊ ကျောင်းဆရာ၊ ဆရာမများကိုပါ ခေါ် ထား၊ ဖိတ်ထားသောကြောင့်ဖြစ်၏။ အထူးမှာ မြစ်ကြီးနား တက္ကသိုလ် (ထိုစဉ်က ဒေသကောလိပ်) ကျောင်းအုပ်ကြီး ဦးစိုင်းအောင်ထွန်းလည်း ပါဝင်နေသည် ကိုတွေ့ရ၏။ လူစုံသောအခါ ဒေါက်တာလားက ပြော၏။ "ကျွန်တော် ဒီညမှာ ဘိုးတော် အောင်မင်းခေါင်ထံမှ ဓာတ်စီး တရားနာချင်တယ်။ ကျွန်တော်နဲ့အတူ ခင်ဗျားတို့ကိုလည်း နာစေချင်လို့ဖိတ်တာပါ" ဆိုလေ၏။ ထို့နောက်

ခါတ်စီးခံသူ လူငယ်က ဘိုးတော်ကိုပင့်ရန် ဘုရားရှိခိုးကန်တော့လေ၏။ ပြီးမှ ဘိုးတော်ကိုပင့်၏။ ကုလားစကားလိုလို၊ ပါဠိလိုလို၊ မာကထလိုလိုဟော၏။ ထိုအခါ ဒေါက်တာလားက ပြောသည်မှာ "ကျွန်တော်ဟာ ကုလားစကား (ခြောက်) မျိုး တတ်ပါတယ်။ အခုအသံက ဘယ်ကုလားစကားနဲ့မှမတူဘူး၊ အဓိပ္ပာယ်လည်းမသိဘူး၊ ဒါကြောင့် မယုံဘူး၊ ယုံအောင်ဟောပြပါ" ဆိုလေ၏။ ထိုအခါ ခါတ်စီးသည့်လူငယ်၏လက်တစ်ဖက်ကိုဆန့်၍ လက်ဝါးဖြန့်ကာ ပါးစပ်ထဲက အရာဝတ္ထုတစ်ခုခုကို ဆုပ်ယူ၊ ထွေးထုတ်ယူသကဲ့သို့ယူ၍ ဒေါက်တာလား၏ပါးစပ်ထဲသို့ ထည့်ပေးသွင်းပေးလိုက်လေ၏။ ဒေါက်တာလားသည်ကောက်ကာငင်ကာ ခါတ်စီးသွား၍ ကုလားစကားလိုလို၊ ပါဠိလိုလိုပြောတော့၏။

ထိုကဲ့သို့ ၁၀ မိနစ်ခန့်ကြာသော် "တော်ပါပြီဗျာ၊ ယုံပါပြီဗျာ။ ခါတ်ကိုပြန်သိမ်းပါတော့၊ မသိမ်းရင်တော့ နောက်မကြာခင် မောလို့ဆိုသေရချည်ရဲ့" ဆိုလေ၏။ ထိုအခါ ခါတ်စီးခံသည့် လူငယ်ကလက်ဝါးဖြန့်ကာ ဒေါက်တာလား၏ ပါးစပ်ကို အုပ်လိုက်၏။ လက်ဝါးကို ဆုပ်လိုက်၏။ ဒေါက်တာ၏ပါးစပ်က ခါတ်ကိုယူ ပါးစပ်ထဲပြန်ထည့်လိုက်ပြီး ကုလားလို၊ ပါဠိလို ပြောပြန်၏။ မမောမပန်းတာတွေ့ရလို့ အံ့သြကြ၏။ လူငယ်က ဘာသာပြန်၍ တရားဟောလေ၏။ ဒေါက်တာလားတို့က ကောက်ညှင်းပေါင်းနှင့်လက်ဖက်ရည် အချိုဖြင့်ဧည့်ခံလေ၏။ "ဘိုးတော် မ,စပါ"ဟု ဒေါက်တာလားကပြော၏။

✳ ✳ ✳

# မတရားစစ်မတိုက်နဲ့ဆိုတဲ့ ဘိုးတော်

ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ) အင်အားကြီးထွားနေတဲ့ ခေတ်ကာလရဲ့ တစ်နေ့သောအခါသမယမှာ ရှေ့ တန်းစစ်မျက်နှာသို့ တိုက်ပွဲဆင်နွှဲရန် ထွက်ခွာမယ့်ဆဲဆဲ နာရီပိုင်းတွင် ဗမာ့တပ်မတော်က ဗိုလ်ကြီး (   ) ဟာ ဘိုးတော် အောင်မင်းခေါင် ဓာတ်ခန်းတစ်ခုသို့ ဆိုက်ဆိုက်မြိုက်မြိုက်ဝင်လာလေ၏။ ဓာတ်ခန်းတွင် ဘိုးတော်ဟာ လူတစ်ယောက်၏ ကုပ်ကို ခွစီးထားတာကိုတွေ့ရ၏။ ဖခင်၏ကုပ်မှာ သားကလေးခွစီးထားသကဲ့သို့ဖြစ်နေတာကို တွေ့ရ၏။ စစ်ဗိုလ်က ထင်၏ "ဓာတ်စီးတယ်ဆိုတာ ဒါများလား"

ဘိုးတော်က ပါးစပ်လှုပ်၍ သူ့အောက်ကလူရဲ့ ပါးစပ်က အသံထွက် (စကားလုံးထွက်) လေ၏။ အသံထွက်တဲ့ ပါးစပ် လှုပ်ရှားပုံနဲ့ ဘိုးတော်ရဲ့အသံမထွက်တဲ့ ပါးစပ်လှုပ်ရှားပုံနဲ့အတူတူဖြစ်နေတာကို အံ့သြမိလေ၏။ "ဩော် . . တိုက်ပွဲသွားမှာမို့လို့ အဆောင် လာတောင်းတာပေါ့လေ။ ငါ့ကိုတော့ ရေအေးတစ်ခွက်၊ ရေနွေးကြမ်း

တစ်ခွက်၊ ပန်းတစ်ပွင့်၊ သစ်သီးတစ်လုံး၊ ဖယောင်းတစ်တိုင်၊ အမွှေးတိုင်၊ ကွမ်းယာတစ်ယာ၊ ဆေးလိပ်တစ်လိပ်၊ ထမင်းဖြူ သကြားဖြူးတစ်လုတ်၊ ထမင်းဖြူထန်းလျက်ခဲငါးလုံးထည့်၊ အုန်းပွဲငှက်ပျောပွဲတစ်ပွဲတောင်မပေးဘူး။ မလှူဘူးဘဲနဲ့ အဆောင်ကောင်းလိုချင်တယ် ဆိုတော့ မတရားလိုက်တာကွယ်" ဟု ဆိုလေ၏။ ထိုအခါ ဗိုလ်ကြီးက ပြောလေ၏။ "ကျွန်တော်က စစ်သားဆိုတော့ ဒါန၊ သီလ၊ ဘာဝနာ၊ သီလ၊ သမာဓိ၊ ပညာသမားမဟုတ်လို့ ချို့ယွင်း၊ တိမ်းစောင်းခြင်းများစွာနဲ့ပါ ခင်ဗျား" ဆိုလေ၏။ ထိုအခါ ဘိုးတော်က "မင်းဟာ မြန်မာစာအဓိကနဲ့ဘွဲ့ရတယ်ထင်တယ်။ ဒါပေမယ့် ဘိုးတော်နဲ့စကားပြောတဲ့အခါမှာ "သားတော်၊ မြေးတော်ဆိုတဲ့ ဝေါဟာရကိုသုံးရတယ်ကွယ့်" ဆိုလေ၏။ ထိုအခါ ဗိုလ်ကြီးက "ဟုတ် . . ဟုတ် . . ဟုတ်ကဲ့အဘ၊ အဲ . . အဲ ကျွန်တော် . . ကျွန်ုပ် . . အဲ . . အဲ သားတော် . . မြေးတော် . . နောက် . . နောက်ကို သဘောထားပါမယ်၊ ဆင်ခြင်ပါ့မယ်" ဆိုလေ၏။ ဘိုးတော်က "ဝန်ခံတယ်ဆိုတော့ သူတော်ကောင်းဖြစ်မသွားပေမယ့် သူတော်ကောင်း အလုပ်ဖြစ်သွားတယ်။ သာဓု . . သာဓု . . သာဓုဆိုလေ၏။ ပြီးတော့မှ "လိုရင်းကိုတိုရှင်း၊ မှုရင်းကျကျ ပြောစမ်းပါ" ဆိုလေ၏။ ထိုအခါ "မြေးတော် မနက်ဖြန်မနက် ရှေ့တန်းသွားရမှာမို့ အန္တရာယ်ကင်း အဆောင်တစ်ခုတော့ ချီးမြှင့်ပါ ဘိုးတော်" ဆိုလေ၏။

ထိုအခါ ဘိုးတော်ကဆိုပြန်၏။ "အဆောင်ကောင်းရရင် ဘယ်လိုဖြစ်ချင်တာလဲ" ဆိုလေ၏။ ဗိုလ်ကြီးကဆို၏။ "တိုက်တိုင်းအောင်ချင်လို့ပါဘိုးတော်" ဆိုလေ၏။ ဘိုးတော်က မိန့်ပြန်၏။ "မင်းမတရားမလုပ်၊ မပြောနဲ့ကွ၊ ရန်သူတိုင်း မကောင်းတာမဟုတ်ဘူး၊

ရန်သူဘက်က စိတ်မနော မကောင်းတဲ့သူတွေရှိသလို စိတ်မနော ကောင်းတဲ့ရန်သူလည်း ရှိတယ်။ ကိုယ့်ဘက်က တပ်မတော်သားတိုင်း လည်း ကောင်းတာမဟုတ်ဘူး၊ ကောင်းတဲ့စစ်သားပါသလို၊ မကောင်း တဲ့ စစ်သားလည်းပါတယ်။ စစ်တိုက်တဲ့အခါ ဟိုတစ်ဖက်သားက မကောင်းတဲ့ဟာတွေ သေ၊ ကောင်းတဲ့ဟာတွေ ကျန်၊ ကိုယ့်ဘက် ကလည်း မကောင်းတဲ့ဟာတွေ သေ၊ ကောင်းတဲ့ဟာတွေကျန်မှဖြစ် မယ်။ လိုရင်းက ငါ့မြေး အန္တရာယ် ကင်းဖို့ပဲမဟုတ်လား" ဆိုလေ၏။ ထိုအခါ ဗိုလ်ကြီးကဆို၏ "ဟုတ် . . ဟုတ်ကဲ့ မြေးကမပြောတတ် လို့ပါ" ဆိုလေ၏။ "ရော့ . . ရော့ ဒီဆေးလိပ်တိုယူသွား၊ အကြောင်း သိလိမ့်မယ်"ဆို၏ တစ်လကျော်ကျော်ကြာသော် ထိုစစ်ဗိုလ် ပြန် ရောက်လာ၍ "အားလုံးက ဘိုးတော်ပြောတဲ့အတိုင်း ဖြစ်သွားတယ်။ မြေးတော် လွတ်တယ်။ အခုမြေးတော် စစ်မတိုက်ချင်တော့ဘူး၊ စစ် မတိုက်ရတဲ့တပ်ကိုပြောင်းသွားတော့မယ်" ဟု ဆိုလေ၏။

* * *

# ရွှေသုံးပိဿာပေးတဲ့ ဘိုးတော်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ မြောက်ဘက်မှာ ထူးခြားတဲ့ တောင်ကြီးတစ်လုံးကို ထီးထီးကြီး၊ မားမားကြီး တွေ့ရတယ်။ အင်ခိုင်ဘွမ်တောင် (NHKAI BUM) လို့အမည်ရှိတယ်။ တောင်ထိပ်ထိ ၁၈ နာရီခန့်ကြာတက်ရတယ်။ ထိုတောင်ထိပ်မှာ ရေကန်ကြီးရှိတယ်။ အလွန်ထူးဆန်းတဲ့ ရေနေသတ္တဝါကြီးတွေ အများကြီးရှိတယ်ဆိုကြတယ်။ ရေနေသတ္တဝါများကို ဖမ်းစားသူများ ဒုက္ခအမျိုးမျိုးတွေ့ကြတယ်။ ထိုအင်ခိုင်ဘွမ် တောင်ထိပ်တည့်တည့်ကနေပြီး ဘယ်အခါမှ လေယာဉ်ဖြတ်ပျံသန်းခြင်းမပြုကြပါ။ ဒုတိယကမ္ဘာစစ်တုန်းက စပေးစစ်တိုက်လေယာဉ်နဲ့ ဒါကိုတာလေယာဉ်များဖြတ်သန်း ပျံသွားလို့ ထိုလေယာဉ်များ ပျောက်သွားတယ်။ ဒါကြောင့် "ဘာမြူဒါတောင်" လည်း ခေါ်ကြတယ်။ ယခုအခါ "ကျည်ကာ အင်္ကျီ" ထုတ်လုပ်တဲ့ ကျောက်ဂွမ်းထွက်ရှိပါတယ်။ ပြည်သူလူထုတို့ အပိုအလုပ် စီးပွားရေးဈေးကွက် ထွက်ပေါ်နေတယ်။ တိုင်းရင်းဆေး၊ ဘယဆေး

အမျိုးမျိုးလည်း အံ့ဩယူရလောက်အောင် ပေါများတဲ့တောင်ဖြစ်တယ်။ ရေးသားလိုရင်းက ဘိုးတော်အကြောင်းဖြစ်သော်လည်း ဗဟုသုတ အတိုအထွာ၊ အနည်းအကျဉ်း၊ တစ်ခြမ်းတစ်ဖဲ့ရစေလိုခြင်း အကျိုးငှာ ရေးလိုက်ခြင်းပါ။ ထိုတောင်ရဲ့တောင်ခြေပတ်ပတ်လည်မှာတော့ တောင်ယာမျိုးစုံလုပ်စားကြတယ်။ ဗမာ့တပ်မတော် အမှတ် ( ) ကချင်တပ်ရင်းက ထွက်လာတဲ့ ဦးရှရော့နော် (SHARAW NAW) ဆိုသူ ကချင်အမျိုးသားတစ်ယောက်လည်း တောင်ယာခုတ်စားပြီး အိမ်မပြန်ဘဲ တောင်ယာထဲမှာပဲ နေထိုင်တာများပါတယ်။ အားကိုးစရာဆွေမျိုးလည်း းမပြည့်စုံရှာပါ။

ဒါန၊ သီလ၊ သမာဓိလည်း မသိရှာပါ။ စာမတတ်လို့ဖြစ်တယ်၊ သူ့မှာ ထူးခြားချက်တစ်ခုရှိတာကတော့ တောင်ယာခင်းကို ကောင်းကောင်း ခြံရိုးမကာနိုင်တဲ့အတွက် စိုက်ပျိုးထားတဲ့ရာသီပေါ်သီးနှံတို့ကို တောတိရစ္ဆာန်၊ အိမ်တိရစ္ဆာန်တို့က စားကုန်တယ်။ လူတချို့ကလည်း လာခိုးစားကြတယ်။ ဒါကြောင့် ထွက်လာတဲ့သီးနှံကောက်ပဲရဲ့ ၂၅ ရာခိုင်နှုန်းခန့်ကိုသာ သူကခံစားရလို့ စားဝတ်နေရေးကိစ္စမှာ ဒုက္ခပင်လယ်မဟုတ်တော့ဘဲ ပင်လယ်ထက်နက်တဲ့ ဒုက္ခသမုဒ္ဒရာဖြစ်နေရှာပါတယ်။

ဒီလိုနဲ့တစ်နှစ်လည်းမက နှစ်တိုင်း၊ တစ်ရာသီလည်းမက ရာသီတိုင်းဖြစ်နေတယ်။ တဖြည်းဖြည်းဇရာထောင်း မသာလောင်း၊ ခေါင်းစပ်ဖို့အချိန်သာ နီးသထက်နီးလာသော တစ်နေ့မှာ အဘိုးကြီးလိုလို၊ တန်ခိုးကြီးပုဂ္ဂိုလ်လိုလို ဥပဓိရုပ်ရှိတဲ့ လူတစ်ယောက် ရောက်လာတယ်၊ သူကပြောတယ် "သူငယ်ချင်း မင်းငါ့ကို မှတ်မိမှာမဟုတ်ဘူး၊ ငါပဲမင်းကို မှတ်မိတယ်" လို့ဆိုတယ်။ ထိုအခါ ဦးရှရော့နော်က

"ငါမှတ်မိပါတယ်၊ မှတ်မိတာကမှ ဒီတောင်ရဲ့ဟိုဘက် ခန္တီးတောင် ကိုတောင် လွန်သွားသေးတယ်။ မင်းကိုငါအိပ်မက်ထဲမှာ ခဏခဏ မဟုတ်တောင် တစ်လတစ်ကြိမ်တော့ မက်ပါတယ်။ ဒါနဲ့ မင်း တောင်ယာခုတ်တာ စားဝတ်နေရေးလုံလောက်ရဲ့လား" ဆိုလေ၏။ ထိုအခါ ဦးရှုရော့ကဆို၏ "ငါလုပ်တဲ့တောင်ယာက သီးနှံတွေ ခိုးစား ခံရ၊ တိရစ္ဆာန်ရဲ့ဖျက်ဆီးစားသောက်ခံရတာဟာ ငါ့အတွက်မနစ်နာ ပါဘူး။ ဒါနဲ့အလျှုတစ်မျိုးပဲ။ မင်းလည်း ကြိုက်ရာခူးစားသွားပါ။ သူငယ်ချင်းကို ကျွေးဖို့မရှိဘူး၊ အသီးအနှံပဲ ခူးစားသွားပါ"ဆိုလေ၏။

ထိုဘိုးတော်က "ငါ့အတွက် စားဝတ်နေရေးမလိုအပ်ဘူး၊ မင်းစေတနာကို ဂုဏ်ပြုတဲ့အနေနဲ့ ရွှေဖရုံသီးနှစ်လုံး အလေးချိန် သုံးပိဿာခန့်ကို ငါယူသွားမယ်။ ဘုရားဆွမ်းတော်တင်ပေးမယ်" ဆိုလေ၏။ ထိုညတွင် ဦးရှုရော့အိပ်မက် မက်လေ၏။ အိပ်မက်ထဲမှာ သူ့သူငယ်ချင်းဘိုးတော်က "သူငယ်ချင်း ငါတောင် ခုလတ် တဲကျောင်း ကလေးနဲ့နေတယ်။ မနက်ဖြန် ငါ့ဆီကိုလာခဲ့၊ ဝါးတောင်ဝှေးကိုင်ပြီး ထောက်လာခဲ့၊ လမ်းနည်းနည်းဆိုးတယ်။ ဆက်ဆက်လာခဲ့၊ ငါ စောင့် နေမယ်" ဆိုလေ၏။ ဦးရှုရော့ အိပ်ရာကနိုးလာပြီး အရက်အဆာပြေ အဖြစ် မဟူရာအရောင်ရှိတဲ့ ပိန်းဥတစ်လုံး (ပိန်းဥနက်) ကို မီးအုံး စားသွား၏။ လမ်းတွင်ဆာလျှင်စားဖို့ မျောက်ဥမကြီး၊ မငယ်တစ်လုံးကို မီးအုံး၍ ယူသွားပြီး ဝါးလုံးတောင်ဝှေးထောက်သွားတာတောင် ခဏ ခဏ ချော်လဲပြီး ဒူးပြဲ၊ ပေါင်ပြဲ၊ ဟိုပြဲ၊ ဒီပြဲ ပြဲကုန်တယ်။ မွန်းလွဲခါနီးမှ ဘိုးတော်ရဲ့တဲကို ရောက်တယ်။ ဘိုးတော်က ပြောတယ်။ "သူငယ်ချင်း ရောက်ပြီးရင်ပြန်တော့ "ရောက်ပြန်" "ရန်ပျောက်" ပေါ့ကွာ။ ငါ မင်းဆီ ကိုလာတုန်းက ငါ့ကိုဘာမှ မကျွေးဘူး၊ ငါလည်း မင်းကို

ကျွေးစရာ မရှိဘူး၊ မင်းမြင်တဲ့အတိုင်းပဲ ငါ့မှာ ရေအိုးတစ်လုံးပဲရှိတယ်။ ဒီမှာငါနဲ့ရေအိုးပဲရှိတယ်။ ရေခပ်သောက်သွား၊ များများမသောက်နဲ့။ သုံးခွက်ပဲသောက်၊ သောက်ပြီးရင်ပြန်တော့၊ မင်းရဲ့တောင်ဝှေးကို မင်း ခေါင်းရင်းမှာထား၊ နောက်ခုနစ်ရက်ကြာမှ ခွဲကြည့်" လို့ဆိုတယ်။ ခုနစ်ရက်စေ့တော့ ဝါးတောင်ဝှေးကို ခွဲကြည့်တယ် ဝါးတောင်ဝှေးထဲမှာဝင်နေတဲ့ ရွှံ့တွေက "ရွှေ"တုံးဖြစ်နေတယ်။ အဲဒီညမှာ ဦးရှုရော့ အိပ်မက်တယ်။ "မင်းဆီက ရွှေဖရုံသီး နှစ်လုံး ငါယူသွားတယ်။ မင်းပေးလို့ မင်းရတဲ့ အဲဒီပစ္စည်းကလည်း သုံးပိဿာ ပိုသေးတယ်။ မင်းကောင်းမှုပြုပါ။ လူမျိုးမရွေး၊ ဘာသာမရွေးကို ပေးကမ်းစွန့်ကြဲပါ။ ငါ့ကိုလည်း အသိပေး (အမျှပေး) ပါ။ မင်းနဲ့ ငါလည်း နောက်ထပ်တွေ့စရာ၊ အိပ်မက်မက်စရာမလိုတော့ဘူး။ ဟိုဘဝက မင်းကငါ့ကို ကူညီပေးကမ်းခဲ့လို့ ယခုဘဝမှာ ငါမင်းကို ပြန်ကူညီတာဖြစ်တယ်" ဆိုလေ၏။

ဦးရှုရော့နေ့ဝ်လည်း ဘိုးတော်ပြောတဲ့အတိုင်း ဆောင်ရွက်ရင်း ဘဝကိုကုန်လွန်စေလိုက်တော့၏။

* * *

# မြစ်ကြီးနားမြို့ ဆုတောင်းပြည့်က

## ဘိုးတော်အောင်မင်းခေါင်မှ ပြု

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရဲ့ တနင်္ဂနွေထောင့်မှာ တည်ထားကိုးကွယ်ထားတဲ့ "ဆုတောင်းပြည့်စေတီတော်ကြီး" ရဲ့ ဝင်းထဲတွင် ရက်ကန်းစင်တောင် ဆရာတော်ရုပ်တု၊ ဘိုးဘိုးအောင်ရုပ်တု၊ ဘိုးမင်းခေါင်ရုပ်တု၊ ဆံရှည်ကိုယ်တော်ရုပ်တု . . စတာတွေကို ထုလုပ်ပူဇော်ထားတာရှိပါတယ်။ မြစ်ကြီးနားတက္ကသိုလ်က ဒုတိယနှစ်ကျောင်းသား ကျော်ကျော်ဆိုသူက ပညာမစုံခင် ကြင်ရာစုံသွားတဲ့အတွက် ဘဝလမ်းခရီးဟာ အရမ်းကြီးခက်ခဲလာတယ်။ ရှေ့အလားအလာလည်းကြာလေလေ မရေမရာ မသေမချာ၊ ဇဝေဇဝါဖြစ်လာပြီး ယောင်ချာချာဖြစ်၊ အစိန္တေယျာ မကယ်နိုင်ဘဲ ကိန္နရာမောင်နှံ နှစ် (၇၀၀) လွမ်းရမယ့်ကိန်းဆိုက်လာလို့ တစ်နေ့သ၌ ဆုတောင်းပြည့်စေတီသို့ ကိုယ့်အခြေအပေါ်မှာ သုံးသပ်ဆင်ခြင် အင်တင်တင် မလုပ်

တော့ဘဲ သွက်သွက်မြန်မြန်ထွက်လာပြီး စေတီတော်ကို ဖူးမြော်ကန်တော့ဆုတောင်းတယ်။

ပြီးတဲ့အခါ အသိဂေါပကလူကြီးနဲ့ စကားစမြည်ပြောတယ်။ ဘဝအခြေ၊ မလှပါလေ . . စတဲ့ ဒုက္ခသုက္ခအကြောင်းကို တင်ပြပြောဆိုတယ်။ ဂေါပကလူကြီးကပြောတယ် "ငါတော့ကွာ ဘိုးတော်အောင်မင်းခေါင်ကိုတတယ်။ အဘကယ်ပါလို့ တကြော်ကြော်အော်တိုင်တည်ပါတယ်။ ဘိုးတော်က မေတ္တာထားတာလား၊ နားငြီး (ညီး) လို့လား မပြောတတ်တော့ဘူး။ မကြာခင်၊ ဆန်ခါတင်ခံရသလို ပါပဲ အဆင်ပြေလာပါတယ်။ မင်းလည်းလုပ်ကြည့်ပါ။ ဒီလိုကြီးတော့ အချည်းနှီးမနေနဲ့၊ နိဿယချည်းကိုငါပေးလိုက်မယ်ဆိုပြီး နည်းနာနိဿယကို စနစ်ကျစွာပြောပြ၊ မနေ့က အကြည်ထားပေးလိုက်ပါတယ်။

ကိုကျော်ကျော်လည်း ယုံယုံကြည်ကြည်နဲ့ စုံစုံညီညီ လုပ်ဆောင်လိုက်တယ်ဆိုရင်ပဲ မကြာခင်မှာ အဆင်ပြေလာပါရော။ ဒါနလုပ်နိုင်တဲ့ဘဝကို တက်လှမ်းသွားနိုင်ပါတော့တယ်။

☼ ☼ ☼

## ဆေးနည်းပေးတဲ့ ဘိုးတော်အောင်မင်းခေါင်

ကချင်ကလေးတစ်ယောက်က ဒူလာသွေးဝမ်းဖြစ်လာလို့ စိတ်သောကရောက်နေပါတယ်။ သူတစ်ခါကပြော တာကြားဖူးတယ်။ အဘခေါင်ဆိုသူရှိတယ်။ သူ့ရုပ်ပုံက ဆုတောင်းပြည့်စေတီတော်မှာ ရှိတယ်ဆိုတာသိတယ်။ ဖယောင်းဆီမီး၊ အမွှေးတိုင်လောက်တော့ ပူဇော်ဖူးတယ်ရှိအောင် ပူဇော်မယ်ဆိုပြီး နံနက်၊ နေ့လယ်၊ ညနေ သုံးကြိမ်ပူဇော်လိုက်တယ်။ ညအိပ်မက်ထဲမှာ ဘိုးတော်ရောက်လာပြီး ပြောတယ်။ "တပင်ရွှေထီးအနွယ် ပဥ္စငါးပါး သုံးခွက်တစ်ခွက်တင် ပြုတ်သောက်၊ ရောဂါပျောက်" ဆိုတယ်။ တပင်ရွှေထီးတော့ မြစ်ကြီးနားမှာပေါမှပေါပါ။

သုံးခွက်တစ်ခွက်တင် ကျိုသောက်လိုက်တာ သုံးရက်မြောက်မှာ ရောဂါပျောက်သွားတယ်။ ရောဂါပျောက်လို့ သိန်းထီတောင် မပေါက်ချင်တော့လောက်အောင် ဝမ်းသာသွားပါတယ်။

* * *

## အိမ်ထောင်ဖက်ရှာပေးတဲ့ ဘိုးတော်

မြန်မာပြည်တစ်နေရာက ရွာတစ်ရွာမှာ ဆုတောင်းပြည့်တဲ့ စေတီဟောင်းတစ်ဆူရှိတယ်။ ဘယ်ခေတ်ရောက်ရောက် ပြုပြင်မယ့်သူ မရှိဘဲ ငုတ်တိုဖြစ်နေတယ်။ တစ်နေ့သောအခါ ဘိုးတော်က အပျိုကြီး (        ) ကို အိပ်မက်ပေးတယ်။ (ကို        ) ဆိုတဲ့ လူပျိုကြီးနဲ့ အိမ်ထောင်ပြုလိုက်ပြီးတော့ အဲဒီဘုရားကို ပြုပြင်ကြဆိုတယ်။ ထိုသို့ လူပျိုကြီး (ကို    )ကိုလည်း အိပ်မက်ပေးတယ်။ အိပ်မက်အရ သူ့ကို ကိုယ်ရှာ၊ ကိုယ့်ကိုသူရှာ ဖြစ်သွားတယ်။ နောက်တော့ အင်တာနက် ဖူးစာရှာရမလို ဖြစ်သွားတယ်။

မကြာခင်သူတို့ အဆင်ပြေသွားမယ်၊ ဘုရားငုတ်တိုလည်း ပြီးသွားတယ်၊ "စေတီက ငယ်သာငယ်၊ ကယ်မဲ့ဘုရား" ဖြစ်သွားတယ်၊ တွေ့ဆုံပုံကတော့ စေတီဟောင်းမှာ သန့်ရှင်းရေးလုပ်ရင်း တွေ့သွားကြတာဖြစ်တယ်။

## တစ်နေ့ရာသို့ ပြောင်းပေးသော ဘိုးတော်

အစိုးရဌာနတစ်ခုတွင် အနေကြာတဲ့ ဝန်ထမ်းတစ်ယောက်က ဘိုးတော်အောင်မင်းခေါင်ကို အကူအညီတောင်းသည်။ ထိုအခါ ဘိုးတော်ကပြောသည် "ဒယ်အိုးထဲမှာ မီးမှုတ်တဲ့ ပြောင်းထည့်ထားလိုက်၊ ပြီးတော့ပြောင်းရွှေ့လိုကြောင်း လျှောက်လွှာလည်းတင်ထား "ပြောင်းတယ်" ပေါ့ကွာ။ လွယ်ပါတယ် မြန်မြန်လုပ်" ဆိုလေ၏။ ထိုဝန်ထမ်းမကြာခင် အတွင်း၌ပြောင်းသွားတော့၏။

* * *

## မပြောင်းချင်တဲ့ ဝန်ထမ်းနဲ့ ဘိုးတော်

ဌာနတစ်ခုတွင် ဝန်ထမ်းတစ်ယောက်ဟာ ပျော်ပိုက်သောကြောင့် မပြောင်းမရွှေ့လိုသော်လည်း အထက်အမိန့် အရပြောင်းရွှေ့ရမည်ဖြစ်ကြောင်း အဆိုရှိနေရာ ထိုဝန်ထမ်းက ဘိုးတော်ထံသို့ တင်ပြအကူအညီတောင်း၏။

ဘိုးတော်ကပြော၏ "ပြောင်းဖူးယူပြီး အိမ်အပေါက်ဝမှာ ချိတ်ထားလိုက်၊ ပြောင်းဖူးဆိုတော့ "မပြောင်းဘူး" ဆိုတယ်ကွ၊ လွယ်ပါတယ်"ဆို၏။ မိန့်ကြားသည့်အတိုင်း လုပ်လိုက်ရာ မပြောင်းရတော့ပါ။ ရာထူးတက်ပြီးမှ နောက်ပိုင်းတွင် ပြောင်းသွားရလေ၏။ ထိုဝန်ထမ်းက ဘိုးတော်ကို "အဘ . . အဘ" ဟု တဘတည်း ဘနေတော့၏။

❋ ❋ ❋

# အရက်သမားကို ချတ်တဲ့ ဘိုးတော်

ဘိုးတော်အောင်မင်းခေါင်ဟာ အရပ်တကာ လှည့်လည်သွားလာရင်း ပဌာန်းဆက်ပါရမီဆက်၊ အထုံဆက် တပည့်များကို ရှာဖွေလေ၏။ လူတစ်သိန်းခန့်မှာ ပဌာန်းဆက်တစ်ယောက်ပင်ရရန် ခက်နေ၏။

တစ်ခါသော် မြို့ကြီးတစ်မြို့၏ သူရာဆိုင်များသို့ တမင်သက်သက်လိုက်လံကြည့်ရှုလေ၏။ ဆိုင်တစ်ဆိုင်တွင် ဝိုင်းဖွဲ့နေတဲ့ အရက်ဝိုင်းတွင် တပည့်ဟောင်းတစ်ယောက်ကို တွေ့ရ၍ ဝင်ထိုင်ပြီး "အရက်အကောင်းစား ခြောက်ပုလင်း ပေး၊ အမြည်းမလိုဘူး" ဆိုလေ၏။ ဆိုင်ရှင်က စဉ်းစား၏။ "ဒီလိုလမ်းမတော် ဘိုးတုတ်မျိုးတစ်ခါမှ မကြုံဖူးဘူး"ဟု စိတ်ထဲတွင် စဉ်းစား၏။ ထိုအခါ ဘိုးတော်ကပြော၏ "ဟေ့ . . ငါက နောက်ဆုံးပေါ် ဘိုးတုတ်ကွ" ဆိုလေ၏။ အရက်ပုလင်း ခြောက်ပုလင်း ရောက်လာတဲ့အခါ သူ့တပည့်ဟောင်း၏ ငယ်နာမည်ကိုခေါ်၍ "ရော့ . . ရော့ ဒီအရက်အကုန်လုံး သောက်တစ်ထိုင်တည်းသောက်"ဆို၏။ ဘိုးတော်ရဲ့ တပည့်ဟောင်းက

ငယ်စဉ်တုန်းက ဘိုးတော်နဲ့တွေ့ခဲ့ပုံကို သတိရ၍ ငိုယိုလေတော့၏။ အရက်မူးလည်းပြေသွား၏။ ထိုအခါ ဘိုးတော်ကဆို၏။ "အခုမှ အလွမ်းသယ်မနေနဲ့၊ ငါဖြင့် မင်းကိုရှာလိုက်ရတာ အခုတွေ့မှတွေ့ တော့ အရက်သမားဖြစ်နေတာကိုး၊ သောက် . . သောက်" ဆိုလေ၏။ တပည့်က မသောက်နိုင်ကြောင်းပြော၏။ ထိုအခါ ဘိုးတော်က "မင်း မသောက်ရင် ငါသောက်တယ်ကွာ" ဆိုကာ တစ်ပုလင်းပြီး တစ်ပုလင်း သောက်၏။ နောက်ဆုံးတစ်ခွက်စာကို သူ့တပည့်ကိုပေး၏။ "ဒါလေး တော့ လုပ်လိုက်ကွာ"၊ "မသောက်ပါရစေနဲ့။ နောက်ဘယ်တော့မှ လည်း မသောက်တော့ဘူး" ဆိုလေ၏။ ထိုအခါ ဘိုးတော်က အခြား အရက်သမားကို အရက်ခွက်ထိုးပေး၊ ထိုသူသောက်လိုက်၏။ "ဟာ . . ဟာ ဒါ . . ဒါအရက်မှ မဟုတ်တာ သကြားဖျော်ရည်ပဲ" ဆိုလေ ၏။

ထိုအခါ ဘိုးတော်ကပြော၏ "ဟေ့ . . အရက်ဆိုင်ရှင် ငါ့ကို ပေးတဲ့ ခြောက်ပုလင်းက အရက်ပုလင်းလား၊ သကြားဖျော်ရည်ပုလင်း လား" ဆို၏။ အရက်ဆိုင်ပိုင်ရှင်က "ကျွန် . . ကျွန်တော်ပေးလိုက်တာ အရက်ပုလင်းအစစ်ပါ။ သကြားဖျော်ရည်မဟုတ်ပါဘူး" ဆိုလေ၏။ ထိုအခါ ဘိုးတော်ကဆို၏ "မင်းလူလိမ်ပဲ၊ လိမ်ဦးကွာ၊ လိမ်ဦး (လိမ်ဦး) ဆိုပြီး ရိုက်၏။

ထိုနေ့မှစ၍ အရက်ဆိုင်ရှင်လည်း အရက်မရောင်းစားတော့ ပါ။ ထိုအရက်ဝိုင်းက အရက်သမားအားလုံးလည်း အရက်ပြတ်ကြ တော့၏။

* * *

# မုဆိုးကြီးလည်း ကျောက်ပြ

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးရွာကြီးဟာ ရွာတန်းရှည်ဖြစ်၏။ ရှမ်းဗမာ (ခ) တိုင်းလိုင် (ခ) ရှမ်းနီ (ခ) ကျားဖြူရှမ်းလူမျိုးတို့က အများစုဖြစ်ပြီး ဂျင်းဖော (ကချင်)နဲ့ လီစူးလူမျိုးများလည်းနေထိုင်ကြ၏။ တောင်ယာ၊ လယ်၊ တံငါ၊ မုဆိုးလုပ်ခြင်းဖြင့် အသက်မွေးကြ၏။

ကချင်နဲ့ ရှမ်းဗမာတို့ သွေးနှော၊ သွေးရောပြီး ကပြားလည်းရှိကြ၏။ ထိုရွာတွင် (ကချင်နဲ့ရှမ်းဗမာကပြား မုဆိုး) ကြီး တစ်ယောက်ရှိလေ၏။ အမည်နာမက "ဇော်ထုန်အောင်" (Zaw Htung Awng) ဖြစ်၏။ (ဤတွင် အယူအဆအသုံး အရေးအသားမှာ Aung ကို ကချင်တို့မသုံးမရေးကြပါ။ ကချင်လို (Aung) ကို အ- အုံးထွက်သောကြောင့်ဖြစ်၏ (Awng) ကို သုံးကြ၏)

ထိုတာလောကြီးရွာတွင် အရိန္ဒမာမြို့ဟောင်း ရှိလေ၏။ တောကောင်ဖြစ်သော သမင်၊ ဒရယ်၊ ချေ၊ ငယ်၊ စိုင်၊ ဆပ်၊ တောဝက်၊

သင်းခွေချပ်၊ အုပ်လိုက် အစုလိုက် ဖြူကောင်၊ တစ်ကိုယ်တော် ဖြူကောင်၊ မျောက်အမျိုးမျိုးနဲ့ ဒေါင်း၊ ရစ်၊ တောကြက်၊ ခွေးတူ၊ ဝက်တူ စတဲ့ တောတိရစ္ဆာန် သယံဇာတပေါ်များလှ၏။ တောလည်း ကြမ်း၏။ ထိုခေတ် ထိုအခါဟု ဆိုအပ်သော အင်္ဂလိပ်ခေတ်တွင် ထို ဇော်ထုန်အောင် မုဆိုးကလေးဟာ လူပျိုပေါက်ဘဝကတည်းက မုဆိုး လုပ်ခဲ့၏။ မုဆိုးစည်းကမ်းကို တိကျစွာလိုက်နာ၍ မုဆိုးကလေး ဘဝမှ မုဆိုးကြီးဘဝအထိ ရာထူးတက်သွား၏။ သူ့အနေနဲ့ အထူးရှောင်ကြဉ် တဲ့စည်းကမ်းတစ်ခုမှာ ထိုတောင်မြို့ဟောင်းတွင် ငွေနဲ့ပြုလုပ်ထားတဲ့ ငွေလှေကြီးတစ်စင်းတွင် ရှေး ငွေဒင်္ဂါးအပြည့်၊ ရွှေနှင့်ပြုလုပ်ထားတဲ့ ရွှေလှေတစ်စင်းတွင် ရွှေအပြည့်ရှိတာကို တွေ့ထား၊ တွေ့ဖူး၊ ကြုံဖူး ထားသော်လည်း လိုချင်ရမ္မက်မထားဘဲ တောကောင်တို့ကိုပစ်စား၊ ဖမ်းစားတဲ့မုဆိုးအလုပ်ကိုသာ ခုံမင်သူဖြစ်ကြောင်း သစ္စာပြုထားတယ် ဆို၏။ တစ်နေ့သောအခါ သမင်မကြီး၏ရင်ခွင်တွင် သမင်ကလေး တို့ကို နို့တိုက်နေသော သမင်မကြီး၏နို့ကို တောဝက်ကလေးများပါ ပါဝင်စို့နေကြတာကို တွေ့ရ၏။ အံ့ဩဝမ်းနည်းသွားရ၏။

သူသတ်လိုက်တဲ့ တောဝက်မကြီးရဲ့ကလေးများဖြစ်နေတာ ကိုတွေ့လိုက်ရ၏။ ဝက်မကြီးကို ပစ်ခတ်ရာတွင် နို့စို့ကလေးရှိမှန်း မသိလိုပစ်သတ်မိခြင်းဖြစ်တာကို သူသိ၏။ သူ၌ ကြက်သီးထခြင်း၊ မွေးညင်းထခြင်း အထူးတလည်ဖြစ် လာတာနဲ့တစ်ပြိုင်နက် “ဟေ့ . . ဟေ့ မင်းဘဝလည်း အဲဒီလိုဖြစ်ခါနီးပြီ။ မဖြစ်ချင်ရင် ပြင်လိုက်၊ မုဆိုးလုပ်သက်လည်း ရင့်လာပြီ။ အခြားအလုပ် အများကြီးပါ၊ ခြလုပ်စားပါ။ ကူညီပါမည်” ဆိုသော အသံကိုကြားရ၍ လှည့်ကြည့် သော် အဝတ်ဖြူဝတ်ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရ၏။ ထိုအခါ ပါလာသော

မုဆိုးကိုင်လက်နက်တို့ကို ပစ်ချခဲ့ကာ ထွက်ခွာသွားတော့၏။ ဘိုးတော်ဟာ ထိုမုဆိုးကြီးရဲ့ နောက်ကျောကုန်းကိုကြည့်ပြီး သာဓု . . သာဓု . . သာဓု သုံးကြိမ်ခေါ်ကာ ခေါင်းတညိတ်ညိတ် ဖြစ်ကျန်ရစ်လေတော့၏။

မကြာမတင်ခင် ၁၀ စုနှစ်မပြည့်၊ မရှိခင် ထိုမုဆိုးအငြိမ်းစားဟာ ကျောင်းဒကာ၊ ဘုရားဒကာ၊ ရဟန်းဒကာ ရှင်ဒကာဖြစ်လာလေတော့၏။

* * *

# အလုပ်မပြုတ်အောင် လုပ်နည်း

ကိုဘထွေးဆိုသူတစ်ယောက် ထမင်းနပ်မှန်အောင် မစားရတာ ကြာပါပြီ။ တနင်္ဂနွေတစ်ပတ်မှာ ထမင်းည၊ မနက် မမှန်တာ နှစ်ရက်ရှိတာ (တစ်လ) သုံးဆယ်မှာ နံနက်စာ၊ ညစာ၊ နေ့လယ်စာ မမှန်တာ ရက်ငါးရက်ရှိတယ်။ အနပ်တိုင်း ငတ်ပြတ်တာတော့ မဟုတ်ပါ။

သို့ပေမယ့် ကိုဘထွေးက ဒီအခြေအနေက လွတ်ချင်တယ်၊ ခက်တာက သူ့မှာ ပညာအရည်အချင်းက ဘုန်းကြီး ကျောင်းထွက်ဖြစ်နေတယ်။ ဘုန်းကြီးကျောင်းပညာ မကောင်းပါ။ ညံ့တယ်လို့တော့ မဆိုလိုပါ။ သူက "သင်ပုန်းကြီး" အဆင့်က ထွက်လာတယ်။ ဘုန်းကြီးကျောင်းက "သင်ပုန်းကြီး" အဆင့်ဖြစ်ခဲ့လို့သာ ဘုန်းကြီးကျောင်းထွက်လို့ ဆိုလိုက်တာပါ။ သူ့အဆင့်နဲ့အလုပ်ကောင်းမရနိုင်ပါ။

ဒါပေမယ့် သူကသဘောမနောမညံ့လှပါ။ စေတနာရှိတယ်။ သူတကာကို ကူညီရိုင်းပင်းတတ်တယ်။ ရှိတာ ကလေးမျှကျွေးလေ့ရှိတယ်။ နောက်တော့ ဒရဝမ် အလုပ်ရတယ်။ လူပုစိတ်တိုဖြစ်လို့

သူ့လုပ်ငန်းရှင်ကပြောတယ် "ခင်ဗျား စကားကောင်းကောင်းပြောပါ၊ ဒီပုံစံနဲ့ဆိုရင် နောက်တစ်လအထိ အလုပ်မပြန်နိုင်ဘူး" ဆိုလာတယ်။ သူနဲ့အိမ်နီးနားချင်းက ဘိုးတော်ယုံကြည်တယ်။ ဘိုးတော်ဓာတ်ခန်းရှိတယ်။ ကိုဘထွေးစိတ်ပျက်စွာနဲ့ ဖယောင်းဆီမီး အမွှေးတိုင် ပူဇော်လိုတယ်။ ကလေး မုန့်ဖိုးတောင်းသလို တတွတ်တွတ်လုပ်နေတယ်။ အိပ်မက်ထဲမှာ ဘိုးတော်ကြွလာပြီး ပြောတယ်။ "မပြုတ်ချင်ရင် အစိမ်းသုပ်စားပေါ့ကွာ" ကိုဘထွေး နံနက်စာကို မြင်းခွာရွက်သုပ်စားတယ်။ မစားခင်ပန်းကန်မြှောက်ပြီး "အဘိုး . . အဘိုး" ဟု အော်တယ်။ ကိုဘထွေးအလုပ်မြဲပြီး အလုပ်ကထွက်ချင်တာတောင် ထွက်ခွင့်မရပါ။ လစာတိုးပေးတာခံ စားရတယ်။

* * *

## အရှက်တကွဲ အကျိုးနည်း မဖြစ်အောင်

အစ်ကိုကာလသားတို့ကဆိုကြတယ်။ "ဒီကောင်မလေးဟာ နောက်ကကြည့်ကြည့်၊ ရှေ့ကကြည့်ကြည့်၊ ဘေးက ကြည့်ကြည့်၊ အဝေးကကြည့်ကြည့်၊ အနီးကပ်ကြည့်ကြည့် ဘယ်လိုကြည့်ကြည့်၊ ညာလိုကြည့်ကြည့်လှတယ်။ ယဉ်တယ်၊ ရင်အေးတယ်ကွာ သူ့ကိုကြည့်ရတာ" ဆိုကြတယ်။ အမည်နာမ သညာရတာက ထားထားမြဆိုတယ်။ သူကလည်း တာလောကြီးရွာသူပဲဖြစ်ပါတယ်။ ဖခင်မရှိရှာပါ၊ မိခင်နဲ့အတူနေထိုင်တယ်။ ဖခင် မရှိတော့ဘူးဆိုတာက ဖခင်ဟာ အရိန္ဒမာမြို့ဟောင်းတွင် ထင်းခွေရင်း ယခုထက်တိုင် အိမ်ပြန်မလာတော့လို့ ဖခင်မရှိလို့ ပြောရတာဖြစ်တယ်။

တစ်ခါတလေ တစ်ကြိမ်တစ်ခါမှာတော့ အခြားထင်းခွေသူများနဲ့ တွေ့ဆုံကြတယ် ဆိုကြတယ်။ ဒါပေမယ့် "မင်းတို့နဲ့ငါတွေ့တယ်လို့ မပြောကြနဲ့၊ ငါ့အကြောင်းနဲ့ ငါပါ၊ တစ်နေ့တော့ ငါပြန်လာမှာပါလို့သာ ပြောလိုက်ပါ" ဆိုလေ ၏။ သမီးကအရွယ် ရောက်လာ

တယ်။ မြင်ရတဲ့အန္တရာယ်၊ မမျှော်လင့်ထားတဲ့အန္တရာယ်၊ ကြိုတင်မသိရတဲ့ အန္တရာယ်၊ ကြိုသိနိုင်တဲ့အန္တရာယ်တွေ ဝိုင်းဝိုင်းလည်လာတယ်။ ကာလသားများ "ဝိုးပိုင်း"ကြတယ်။ "ဝစ်ချိုင်း" ကြတယ်။ "အချုလစ်" ကြတယ်။ ဒီစကားတွေက ကာလသားတို့ရဲ့ "စကားပန်း" ဖြစ်တယ်။ "စကားပင်" ကပွင့်တဲ့ "စကားပန်း" တော့ မဟုတ်ပါ။ ပါးစပ်မှာ ပြောလေ့ပြောထရှိတဲ့ "ပန်းစကား"၊ "ဘန်းစကား" စကားလိမ် ဖြစ်ပါတယ်။ မိန်းကလေးကလည်း အရွယ်ရဲ့လှခြင်း၊ ရုပါရုံရဲ့လှခြင်း၊ အမည်လှခြင်း၊ အမူအရာလှခြင်း၊ ယဉ်ကျေးဟန်လှပခြင်းဆိုတဲ့ အလှတန်ဆာကြွယ်တယ်။ လှလို့ကောင်းစားတာထက် အလှကြောင့် ဒုက္ခရောက်တာကများတယ်တဲ့ လူ့ဘဝရဲ့သဘောပီပြင်လာတယ်။

သူတို့သားအမိ နှစ်ယောက်တို့မှာ မိရိုးဖလာ အရိုးစွဲပူဇော်ကြတာတစ်ခုရှိတယ်။ အနန္တငါးပါး (၂)မျိုးကို ဦးထိပ်ထားတာပါပဲ။ ပထမ အနန္တငါးပါးက ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဖြစ်တယ်။ နောက် အနန္တငါးပါးကတော့ (၁) အထက် သုံးဆယ့်ခုနစ်မင်း၊ (၂) အောက် သုံးဆယ့်ခုနစ်မင်း၊ (၃)အပြင် သုံးဆယ့်ခုနစ်မင်း၊ (၄)အတွင်း သုံးဆယ့်ခုနစ်မင်း၊ (၅)ဗုဒ္ဓဘာသာသုံးဆယ့်ခုနစ်မင်း ဖြစ်ပါတယ်။ ဒီသုံးဆယ့်ခုနစ်မင်း ငါးမျိုးကို မကိုးကွယ်ပါ။ ပူဇော်တာဖြစ်တယ်၊ ပူဇော်တယ်ဆိုတဲ့ အင်္ဂုတ္တိုရ်ကျမ်း၊ ရတနသုတ်၊ အာဋာနာဋိယသုတ် အငယ်၊ အကြီး၊ မင်္ဂလာသုတ်၊ မေတ္တာသုတ်၊ မဟာသမယသုတ်တို့တွင် ဘုရားရှင် ညွှန်ပြတဲ့အတိုင်းမဟုတ်သော်လည်း မလိုက်နိုင်သော်လည်း တတ်အားသရွေ့ မေတ္တာပို့၍ နေထိုင်တဲ့ သားအမိဖြစ်တယ်။

သမီးကို ခိုးပြေးတော့မယ်၊ ဘယ်နေ့ဘယ်ရက်မှန်းမသိရပါ။

ဒါကြောင့် မိခင်က ခါတိုင်းထက်ပို၍ အနန္တငါးပါး နှစ်မျိုးစလုံးကို ပို၍ပူဇော်ကြတယ်။ လာပါပြီ တစ်ခုသောလကွယ်နေ့ ညတွင် အမှောင်အမိုက်ကို အားကိုးပြီး ငွေခိုးတော့ ငွေသူခိုး၊ ရွှေခိုးတော့ ရွှေသူခိုး၊ နွားခိုးတော့ နွားသူခိုး (နခိုး)၊ ကြက်ခိုးတော့ ကြက်သူခိုး၊ ခွေးခိုးတော့ ခွေးသူခိုး၊ လူခိုး တော့ လူသူခိုး၊ မိန်းမခိုးတော့ မိန်းမသူခိုး၊ မယားခိုးတော့ မယားသူခိုးဆိုကဲ့သို့ မိန်းမခိုးရန် လူတစ်စု ကာလသားတို့ အိမ်နံရံကို မသိမသာ ပုတ်နှိုးသံသဲ့သဲ့ပေါ်လာတယ်။ "လိုက်ရမယ်၊ မလိုက်ရင် နက်ဖြန်မိုးလင်းရင်သိမယ်" ဆိုသံကြားတယ်။ ထိုအခါ "မိုးလင်းအထိမစောင့်တော့ဘူး အခုပဲလိုက်မယ်" ဆိုတယ်။ "ဟာ . . ဟာ. . ဟာ မိန်းကလေးက ဘယ်လိုဖြစ်သွားတာလဲ ထန်းပင်နီးပါး အရပ်မြင့်နေပါလား၊ မဖြစ်ဘူး၊ သဘာဝလွန်ဖြစ်နေပြီ။ လစ်ကြစို့" ဆိုပြီး ထွက်ပြေးသွားကြသော ကာလသားသုံးယောက် ကသောကမျော ပြေး၊ ခလုတ်တိုက်လဲ၊ ခွေးကလန့်ဟောင်၊ သူ့မိခင်က လန့်နိုး၍ပီး "သူခိုး . . သူခိုးအော်၊ သမီးကတော့ အိပ်လို့ပျော်တုန်း၊ သမီးကဘာမှမဖြစ်တာ မြင်ရတော့မှ "ငါ အိပ်မက်မက်နေတာလား" ဆို၊ နောက်တစ်နေ့ကစပြီး ရွာထဲက ကာလသားများလောကတွင် သမိုင်းတွင်ရစ် "အဖြစ်က၊ မနှစ်ကနဲ့မတူ တစ်မူထူး၊ နဖူးအာလူးသီး ဟီး . . ဟီး . . ဟီး" ဆိုကြတော့၏။

* * *

# တံငါကြီးအတွက် နောက်ဆုံးငါး

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ရိုးဆင်ဘိုမြို့ရဲ့ အနီး ပတ်ဝန်းကျင်တွင် ရေနားပင်လုံရွာ၊ တောပင်လုံရွာ၊ မြင်သာရွာစတဲ့ ရှမ်းဗမာရွာများရှိလေ၏။ ထိုရွာများအနက် မြင်သာရွာအနီး တောစပ်တွင် ဧရာမ ကျောက်သေတ္တာကြီးတစ်လုံး ရှိ၏။ ထိုခေတ် ထိုအခါက ပွဲလမ်းသဘင်ကျရင် အလှုဝတ်ဆင်ရန် ဆွဲကြိုး၊ လက်ကောက်၊ ဘယက်၊ လက်စွပ်၊ နားတောင်း၊ ကြယ်သီး၊ ဆံထိုးတို့ကို ငှားဝတ်လို့ရ၏။ တစ်နေ့သောအခါ ကိုဘိုးလင်းဆိုသူ တံငါကြီးက လက်ဝတ်ရတနာ သွားငှား၍ ဘုရားပွဲသွားကြည့်လေ၏။ ထိုဘုရားပွဲ တွင် ဈေးတန်းအရောင်းအဝယ် စည်ကားလှလေ၏။ လက်ဝတ် ရတနာ ကြေးရွှေရည်စိမ်လည်း ပေါများလေ၏။ ကိုဘိုးလင်းက ဝယ်ယူ၍ ငှားဝတ်လာသော ရတနာတို့နှင့်လဲ၍ ကျောက်သေတ္တာ သို့ သွားပို့ပေးလေ၏။

ထိုနေ့မှစ၍ ငါးဖမ်းလို့မရတော့ပါ။ နဂိုကမှ ရရစားစား ဝါးဝါးမျိုမျိုဘဝဖြစ်နေရတဲ့အထဲ ယခုမှာ တစ်နေကုန်ဖမ်းရင်ပင် ငါး

ငါးဆယ်သားခန့်သာရပါတော့၏။ သူ့အပြစ်သူလည်းသိ၏။ သူယူထားသော ရတနာကိုရောင်းစားလို သော်လည်း လူများသိမည်စိုး၍ မရောင်း၊ ပွဲလမ်းသဘင်မှာလည်း မဝတ်ရဲဖြစ်လာ၏။ အိပ်မက်ထဲတွင် အဝတ်ဖြူဝတ် ဘိုးတော်တစ်ပါးလာ၍ "ပြန်ထားလိုက် ဒုက္ခရောက်သွားမယ်။ လက်စွပ်ကိုယူထားပါ။ ရောင်းမစားရဘူး၊ ငါ ငါးကြီးတစ်ကောင်ပေးမယ်။ တစ်နေ့နေ့မှာပေါ့ကွာ၊ မင်းစောင့်ကြည့်နေပါ" ဆို၏။ ကိုဘိုးလင်းကပြော၏ "ကျွန်တော် ငါးကြီး မရချင်ပါဘူး။ တစ်နေ့ကို ငါး ငါးပိဿာခန့် မှန်မှန်ဖမ်းမိရင် တော်ပါပြီ" ဆိုလေ၏။ နောက်တစ်နေ့တွင် ကိုဘိုးလင်း တံငါစခန်းသို့ ရောက်၏။

ဘိုးတော်ရောက်လာ၍ပြော၏ "အောက်နားက အိုက်ဝဲမှာသွားဖမ်းပါ။ ငါးကြီးတစ်ကောင်ရလိမ့်မယ်။ အဲဒီက ငါးကြီး ခုနစ်ကောင်ထဲက တစ်ကောင်ကို ငါကပေးတာဖြစ်တယ်။ အဲဒီငါးရောင်းရငွေနဲ့ မင်းအိမ်ဆောက်၊ ကတိတစ်ခု ပေးရမယ်၊ ငါးနှစ်တိတိ ငါးမဖမ်းပါဘူးလို့ ကတိပေးပါ" ဆိုလေ၏။ "ပေးပါတယ်" ဆို၏။ နောက်တစ်နေ့တွင် ငါးကြီး တစ်ကောင်ရ၏၊ နောက်တစ်ဖန်နောက်တစ်နေ့တွင်လည်း "ရော့ . . . ရော့ မင်းအတွက်နောက်ဆုံးငါး" ဆိုပြီး ပိဿာ ၁၀ ခန့်ရှိ ငါးကြီးနှစ်ကောင်ထပ်ရ၏။ ငါးကြီးနှစ်ကောင်ရပြီးနောက် အိပ်မက်ထဲတွင် ဘိုးတော်ကပြော၏။ "လက်စွပ် ပြန်ပေးစရာမလိုတော့ဘူး၊ ကတိတည်ရင်တော့ ဆွဲကြိုးမှန်မှန်ငှားဝတ်နိုင်တယ်။ ပွဲပြီးရင်ပြန်အပ်" ဆိုလေ၏။ ကိုဘိုးလင်းလည်း ငါးနှစ်မက ရာသက်ပန် တံငါမလုပ်တော့ဘဲ လူတန်းစေ့နေသွား၏။

* * *

## မယ်လိုရေးချ မယ်ပုံ

မိန်းကလေးတစ်ယောက်၊ မလှလို့မဆိုသာ၊ လှတယ်မဆိုသာ ရွှက်ကြမ်းရေကျိုပါ။ ပိုမိုကာအလှပြင်၊ ဆံပင် ကျစ်နှစ်ခွ၊ တုတ်ကွကွ ခန္ဓာ၊ သန့်မာလေစွဆိုပြီး ရွာထဲကကွက်စိပ်ဆရာ၊ ပန်းတြာကျောင်းထွက်၊ ကိုဖိုးမှတ်၊ ကြက်တိုက် လို့ ခဏခဏရှုံးသူက ရွှက်ကြမ်းရေကျိုမကို၊ လူပျိုလှည့်၊ အချိုမှာသကာထည့်ပြီး ပြောတာက "မိကြွယ်ရယ်၊ နင့်ကိုလေ ငါကမြင်ဖန်များလာတော့ ငါ့စိတ်ထဲမှာ ဟို . . ဟို . . ဟို" လို့ မဝံ့မရဲဆိုလာတယ်။

မိကြွယ်က ဖိုးမှတ်ပတ္တလားတီးကောင်းတာကို သဘောကျနေတာကို အခြေခံပြီး ဖိုးမှတ်အပေါ်မှာ ညွတ်ချင်သလိုလိုဖြစ်နေတဲ့ကြားထဲက အခုလို ဖိုးမှတ်ရဲ့စကားကို ကြားလိုက်တဲ့အခါမှာတော့ မိကြွယ်မှင်သက်သွားပြီး ငြိမ်သက် သွားဟယ်။ အဲဒီအခါမှာ ဖိုးချက်က "ဟို . . ဟို . . ဟို မိကြွယ် . . . ငါ . . ငါ . . ငါ ပြောတာကို စိတ်ဆိုးသွားသလားဟင်၊ နင် စိတ်ဆိုးရင်တော့ ငါ စိတ်မကောင်းပါ။

တောင်းပန်ပါတယ် မိကြွယ်၊ ငါသွားတော့မယ်၊ နင်လည်းပြန်တော့ ငါ့ကို တစ်ခုခုတော့ပြောပါဦး” ဆိုလိုက်တယ်။

မိကြွယ်က အိပ်မက်မက်ပြီး လန့်နိုးလာတဲ့ အမူအရာနဲ့ ပြောလိုက်တာက “မယုံရေးချမယုံ” ဆိုတယ်။ ဖိုးမှတ်ကလည်း “ဘာကို မယုံတာလဲဟ” ဆိုတယ်။ “ကိုဖိုးမှတ်ဒီလိုပြောလာမှာကို “မယုံရေးချမယုံ” လို့ ပြောတာပါ။ မနေ့က အိပ်မက် မှန်လိုက်တာ သွေးတောင် ထွက်သွားတယ်” ဆိုလေ၏။ ဖိုးမှတ်ကဆို၏ “နင့်ဟာကလဲ” “ဒီလိုကို ဖိုးမှတ်ရဲ့ အိပ်မက်ထဲကဘိုးတော်က ကျုပ်ကိုပြောတယ်၊ နင်နဲ့ဖိုးမှတ်နဲ့ အတိတ်ဘဝတုန်းက ကြင်ဖော်ကြင်ဖက်ဖြစ်တယ်။ အခုဘဝလည်း ဆက်ပြီးတော့ . . . အို ရှက်လိုက်တာတော်” ဆိုပြီး သူ့ကိုယ်လုံး ကျစ်ကျစ်ကလေးကို ဖိုးမှတ်ဘက်ကို ယိုင်တိုင်တိုင် ဖြစ်လာတယ်။ ဖိုးမှတ်ကလည်း အလိုက်သင့်ဆီးပွေ့လိုက်တယ်။ ဒီလိုနဲ့ပဲ . . ။

ဖိုးမှတ်က မှတ်ချက်ချတယ်။ “အော် . . ဘိုးတော်တို့ကလည်း အတိတ်၊ ပစ္စုပ္ပန်နည်းသုံးပြီး မိန်းမပေးစားတတ်တာကိုး” ဆိုလေ၏။ ဖိုးမှတ်နဲ့မိကြွယ်၊ မိကြွယ်နဲ့ဖိုးမှတ်တို့လည်း သစ္စာမဏ္ဍိုင်ခိုင်မြဲပြီး မယိုင်မလဲ ရပ်ကျိုးရွာကျိုး၊ သာရေး၊ နာရေး၊ ဘာသာ၊ သာသနာရေး ကို အလေးပေးပြီး ရာသက်ပန်၊ ဟန်ကျပန်ကျ ပေါင်းသွားကြလေ၏။

* * *

# မြစ်ကြီးနားတက္ကသိုလ် ကျောင်းအုပ်ကြီးနှင့်

ဘိုးတော်ကြီး

ကချင်ပြည်နယ်၊ မြစ်ကြီးနားတက္ကသိုလ် (ထိုစဉ်က ဒေသကောလိပ်) ကျောင်းအုပ်ကြီး ဦးစိုင်းအောင်ထွန်း၊ ဒေါ်နန်းနွမ်တို့ဟာ မယုံကြည်နိုင်လောက်အောင် စေတီတည်၊ စေတီဟောင်းပြင်၊ ရဟန်းခံ ရှင်ပြု စတဲ့ ဘာသာရေး၊ သာသနာရေးကို ဆောင်ရွက်ကြိုးပမ်းခဲ့ကြလေ၏။ "ဆရာကြီး"ဟု အများက ခေါ်ဆိုကြ၏။ သူ (ဆရာကြီး) ဦးဆောင်ဦးရွက်ပြုပြီး တည်ထားခဲ့တဲ့စေတီများကို မှတ်မိသရွေ့ပြောရရင် မြစ်ကြီးနားမြို့ အရှေ့ဘက်ကမ်း၊ ဝိုင်းမော်မြို့၊ မြို့မ ကျောင်းဝင်းထဲက စေတီတော်၊ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်၊ သီတာအေးကျောင်းဝင်းထဲက "ရန်အောင်မြင်စေတီတော်"၊ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်၊ နောင်ခမ်းကြီးရှမ်းရွာ "ကမ္ဘောဇမြေစေတီတော်"၊ ကချင်ပြည်နယ်၊ မိုးညှင်း မြို့၊ နန်းပုတ်ကျေးရွာအဝင်ဝ "စန့်ခေါ်ဖိတ် (ခ) စည်ခေါင်းပိတ်စေတီတော်"၊ မိုးကောင်းမြို့တွင် "ရွှေဝက်တိုး

မဇ္ဈိမဒေသပထိုက်

စေတီတော်” တို့ဖြစ်၏။ ရှမ်းပြည်နယ်ဘက်မှာလည်း တည်၏။ (ရက်ကန်းစင် တောင်ဆရာတော်၊ ရာကျော်ဆရာတော်၊ ဘိုးတော် အောင်မင်းခေါင်၊ မြနန်းနွယ် (ခ) မြစိမ်းရောင်မင်းသမီးတို့ အကူအညီနှင့်တည်ခြင်းဖြစ်၏)။

* * *

# ဂေါ့ဒ်ဦးကြွာ (God)

မောင်ယုဟာ မြန်မာခရစ်ယာန်ဖြစ်ပါတယ်။ ခရစ်ယာန်၊ မွတ်စလင်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာအပေါ်မှာ ဝေဖန်တာ လုပ်လေ့လုပ်ထ မရှိပါ။ မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးနဲ့ အိမ်ထောင်ကျပြီးတဲ့ နောက်မှာတော့ တစ်မျိုးတစ်မည်ပြောင်း သွားပါတော့တယ်။ ထာဝရ ဘုရား (ခရစ်ယာန်) ဘုရားစင်လည်းထားတယ်။ ဗုဒ္ဓဘုရားစင်လည်း ထားတယ်၊ ဟိန္ဒူဘာသာနဲ့ ဘိုးတော်ဓာတ်ခန်းကိုတော့ တစ်ခန်းထဲမှာ ထားရှိပါတယ်။

ဇနီးသည်ကလည်း မကန့်ကွက်ပါ။ သို့သော်လည်း ဇနီးသည် က ဗုဒ္ဓဘုရား၊ တရား၊ သံဃာတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ညောင်ရေ အိုး၊ ဖယောင်းဆီမီး၊ အမွှေးတိုင်၊ သစ်သီးဆွမ်း . . စသည်တို့ကို ကပ်လှူခြင်းအမြဲမပြတ် လုပ်ဆောင် စရဏအကျင့်ပြုလေ၏။ ထို အခြင်းအရာကို တွေ့ရှိနေတဲ့ ကိုမောင်ယုဟာ အံ့ဩမိခြင်း "အိုး . . မိုင်ဂေါ့ (Oh My God) အို ဘုရားသခင်ဟု ဆိုမိလေ၏။ ထိုညတွင်

ဘိုးတော်က အိပ်မက်ထဲတွင် အမိန့်ရှိလိုက်၏။ "မင်းက တဂေါ့ ဂေါ့ မလုပ်ပါနဲ့တော့ကွာ၊ အခြေအနေကပြောင်းနေပြီပဲ" ဆိုလေ၏။

နောက်နေ့မှစ၍ မောင်ယုဟာ (God) ဂေါ့ ဝေါဟာရကို မသုံးစွဲတော့ဘဲ ဗုဒ္ဓဘာသာတစ်မျိုးတည်းကိုသာ အာရုံဝင်စားတော့၏။ မကြာခင်လအတွင်း ကျပ်ငါးသောင်းပေါက်လေတော့၏။ "ဒါဟာ ဗောဓမြေ့ာရဲ့ သတ္တိလေလား၊ အာနုဘော်လေလား၊ တန်ခိုးလေလား" ဟု မှတ်ချက်ချမိလေတော့၏။ ထိုစဉ်က ဝီလီဂျစ်ကားတစ်ပတ်နွမ်းတစ်စီး ကျပ်ငါးထောင်သာရှိ၍ အသာလေး ဝယ်စီးနိုင်လေ၏။ ထွေလာပါသေး၏။

* * *

# အလစ်သုတ်ခိုင်းတဲ့ ဘိုးတော်ကြီး

"ဖယားပရဆပ်" ဆိုသူ ဂေါ်ရခါးလူမျိုး တစ်ယောက်ဟာ မြန်မာကလေးတို့နှင့် သူငယ်ချင်းဖြစ်ပြီး ဇာတ်ကြီး တဲ့ မိဘတို့၏ ပြုစုခြင်းကို အလိုမ့်လိုမ့်အလူးလူးခံနေရလေ၏။ ထမင်းတောင်မကျွေးသော မိခင်၊ ဖခင်တို့ထံ မပြန်တော့ဘဲ မြန်မာသူငယ်ချင်းတို့အိမ်တွင် အိပ်စားအလုပ်ကူညီနေလေ၏။ သူငယ်ချင်းတစ်ယောက်အိမ်တွင် အိပ်တဲ့ညတစ်ည တွင် မြန်မာသူငယ်ချင်းကပြော၏ "ပရဆပ် ငါက ဘိုးတော်ခေတ်ခန်းမှာ ညတိုင်းဘုရားရှိခိုးပုတီးစိပ်တယ်ကွ၊ ငါရှိခိုးသလို မင်းလိုက်ရှိခိုးပါ။ ပုတီးလည်းအပိုရှိတယ်။ ငါနဲ့အတူတူ ပုတီးစိပ်ရအောင်ကွာ" ဆိုလေ၏။

"ဖယားပရဆပ်"လည်း သူငယ်ချင်းပြောတဲ့အတိုင်း လိုက်လုပ်လေ၏။ ပြီးတဲ့အခါ ပရဆပ်က ပြော၏။ "သူငယ်ချင်း မင်းတို့ဘိုးတော်က ငါတို့အဖေရဲ့ သူငယ်ချင်း မန်းဗဟာဒူးရဲ့ ကုန်စုံဆိုင်ရဲ့

အရှေ့တောင်ထောင့်မှာရှိတဲ့ ထရံကိုဖြဲဝင်ပြီး ဖြဲဝင်တဲ့ အပေါက် တည့်တည့်က (      ) ပစ္စည်းကို အလစ်သုတ်ယူပါလို့ ပြောတယ် ကွ” ဟုဆိုလေ၏။

မြန်မာသူငယ်ချင်းကပြော၏ “ဘိုးတော်ခိုင်းရင်လုပ်ရတယ်။ ဘယ်တော့အလစ်သုတ်ရမလဲ” ဆိုလေ၏။ “မနက် ဖြန်နေ့လယ်တဲ့ကွ” ဆို၏။ ဆိုင်လည်းမနီးမဝေးတွင် ရှိသဖြင့် “ပရဆပ်” ဟာ အလစ်သုတ် တော့၏။ သူငယ်ချင်းကိုလည်း ခပ်လှမ်းလှမ်းက အကဲခတ်ကြည့်ပေး ရန် မှာထားလေ၏။ အလစ်သုတ်ဖြစ်၏။ သို့သော် အထွက်တွင် (ခြံဝ) ဆိုင်ရှင်၏ သားနှင့်ပက်ပင်းတွေ့ကြတော့၏။ ဆိုင်ရှင်၏သားက ပြော၏။ “ဟေ့ကောင် . . မင်း အဲဒီပစ္စည်းကို ဝယ်ခဲ့တာလား၊ အဖေ့ ဆီက တောင်းခဲ့တာလား” မေး၏။ ပရဆပ်က လိမ်ညာမပြောတတ်၍ မှန်တဲ့အတိုင်းပြော၏။ “ငါ့ကို အဲဒီပစ္စည်းကို ရအောင် အလစ်သုတ်ယူ ရမယ်လို့ ဘိုးတော်ကပြောလို့ အလစ်သုတ်လာခဲ့တာကွ”ဟုဆိုလေ၏။

ထိုအခါ ဆိုင်ရှင်ရဲ့သားက အော်၏။ “သူခိုးဗျို့၊ သူခိုးမိထား ပြီ၊ ရိုက်ဟာ၊ နှက်ဟာ၊ ဖမ်းဟာ” ဆို၏။ ပရဆပ်ကလေး ကလန့်အော်၏။ “သူငယ်ချင်းရေ လာပါဦး”ဟု ဆို၏။ သူငယ်ချင်းက ချက်ချင်းပြေး လာပြီး “နေ . . နေ နေပါဦးဗျာ။ သူသူက ကျွန်တော့်သူငယ်ချင်းပါ၊ ရိုးသားပါတယ်၊ မခိုးဖူးပါဘူး။ အခုဟာက ဘိုးတော်က သူ့ကိုစိတ်စမ်း တဲ့ အနေနဲ့ လုပ်ခိုင်းလို့ လုပ်တာပါ” ဆိုလေ၏။ ထိုအခါ ဆိုင်ရှင်က ထိုပစ္စည်းကို သေချာကြည့်၏။ “ဟာ . . ဒါဘိုးတော် မ,တာပဲ၊ ဒီပစ္စည်း ကို အထားမှားလို့ ရှာမတွေ့လို့ စိတ်ညစ်နေတာ၊ အခုတော့ အခြေ အနေ ကောင်းသွားပြီ၊ ဒါဘိုးတော်ရှာပေးတာ ကျေးဇူးတင်လိုက်တာ ကလေးတို့ရယ်” ဆိုလေ၏။ ဝမ်းသာလို့ မျက်ရည်တောင်ကျလေ၏။

ပရဆပ်တို့ သူငယ်ချင်းနှစ်ယောက်လည်း ကြောင်အမ်းအမ်းဖြစ်သွားကြ၏။ ဆိုင်ရှင်ကဆို၏ "မင်းတို့က ကျောင်းသားလား၊ အလုပ်ရှိသလား" ဆို၏။ ထိုအခါ မြန်မာကလေးက ဆိုလေ၏။ "ကျွန်တော်က ကျောင်းသားပါ။ ဒီသူငယ်ချင်းက မနှစ်ကတည်းက ပဲကျောင်းထွက်ပါတယ်။ အလုပ်မရှိလို့ သူ့မိဘတို့က အမြဲဆူပူကြိမ်းမောင်းပြီး ထမင်းတောင်မကျွေးပါဘူး။ ကျွန်တော်တို့အိမ်မှာ တစ်လည့်၊ အခြားသူငယ်ချင်းတို့အိမ်မှာ တစ်လှည့် နေထိုင်ပါတယ်။ အိမ်လည်း မပြန်ရဲတော့ဘူး"ဆိုလေ၏။ ဆိုင်ရှင်က ပြုံး၏။

ဆိုင်ရှင်ကဆို၏ "ဒီလိုဆိုရင် ငါ့ဆိုင်မှာလုပ်၊ ငါခိုင်းတာလုပ်၊ ငါပေးတာယူ၊ ငါကျွေးတာစား၊ ငါ့အိမ်မှာပဲနေ ဖြစ်မလား" ဆိုလေ၏။ ပရဆပ်ကဆို၏။ "လုပ်ချင်တယ်၊ အဖေကိုလည်း ကြောက်တယ်" ဆို၏။ ဆိုင်ရှင်က ဆိုပြန်၏ "အခုညတောင် အိမ်မပြန်နဲ့တော့၊ မင်းအဖေကို ငါကြည့်ပြောမယ်၊ ငါ့သူငယ်ချင်းပဲ" ဆိုလေ၏။ ပရဆပ်က သဘောတူ ဝမ်းမြောက်သွား၏။ ပရဆပ်ဟာ ထိုဆိုင်တွင် အလုပ်လုပ်ပြီး ကောင်းစားလာ၏။ သူငယ်ချင်းအိမ်က ဘိုးတော်အခန်းထဲတွင် အားလျှင်အားသလို ပုတီးဝင်စိပ်လေ၏။ သူ့အာရုံတွင် ဘိုးတော်ပေါ်လာပြီးပြော၏။ "ကလေးကို ဘိုးတော်က အလုပ်သစ်ရှာပေးတာကွယ့်၊ အခုဟန်ကျသွားပြီ 'အလစ်သုတ်လို့ အလုပ်သစ်'ရတာပဲမဟုတ်လား" ဆိုလေသတည်း။

* * *

# ဝိဇ္ဇာမှာ လိပ်စာမရှိ

ရွှေစက်တော်ပတ်ဝန်းကျင်က ရွာတစ်ရွာတွင် ဆင်းရဲသား ကိုဖိုးထိုက်ဆိုသူ လူလတ်ပိုင်းတစ်ယောက် ရှိခဲ့ဖူးလေ၏။ ကိုဖိုးထိုက်ဟာ ဖင်ပေါ့၊ လူပေါ့၊ စိတ်ပေါ့ သူဖြစ်၏။ မိဘမဲ့ဖြစ်၏။ ထို့ကြောင့် တစ်ရွာလုံး၏ ခိုင်းဖတ်ဖြစ်မှန်း မသိဖြစ်လာလေ၏။

"ဟေ့ . . ဖိုးထိုက် ငါ့ကိုရေခပ်ပေးဦးဆို ခပ်ပေးရ၊ ဟေ့ ဖိုးထိုက် ငါ့ကို ထင်းခွဲပေးဦးကွဆို ခွဲပေးရ၊ ထင်းခွေပေးအုံးဆို ခွေပေးရ၊ လယ်စိုက်ကူဆိုကူစိုက်ရ၊ အဝတ်လျှော်ပေးဆို လျှော်ပေးရ၊ ရွာကျောင်းသားကို ဆွမ်းချိုင့် ပို့ပေးဦးဆို ပို့ပေးရ။ မင်္ဂလာဆောင်မှာ ကူပါဦးဆို ကူရ၊ အသုဘကိစ္စမှာ ကူပေးရ၊ ယုတ်စွအဆုံး အပျိုကလေး၊ အပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးမတို့က သနပ်ခါးသွေးပေးဆိုရင် သွေးပေးရ၊ မိန်းကလေးတွေက ပိုခိုင်းတတ်တာခံရ၊ ဟိုရွာ၊ ဒီရွာသွားရင် မိန်းကလေးတို့ကို အဖော်ပြုလိုက်ပို့ရ၊ ကြိုရ . . . စတဲ့ စန္ဒကုတ်စစ်တိုက်သလို လက်မလည်နိုင်အောင် လုပ်ဆောင်နေရလေ၏။

မဈေးမအာ၊ငပေါက်

ဤကဲ့သို့ ကြာမြင့်လာသောကာလကို ဖြတ်ကျော်ခဲ့ဖန်များလာသော် စိတ်မောလူမောဖြစ်လာ၏။ မလုပ်လျှင်လည်း ထမင်းခေါ်ကျွေးခဲ့သူ မရှိလို့ ထမင်းငတ်ရမယ့် အခြေအနေဖြစ်နေတဲ့အတွက် မလှုပ်ရှား၊ မလုပ်ကိုင်လို့လည်း မဖြစ်တဲ့ အခက်အခဲ အကျပ်အတည်း တွေ့နေစဉ်တွင် တစ်နေ့သ၌ အရူးလိုလို၊ အကောင်းလိုလို အဘိုးကြီးတစ်ယောက် သူ့နားသို့ရောက်လာပြီး "အဘိုးထိုက်တဲ့ ဖိုးထိုက်၊ သူခိုး လိုက်ကူပါဦး၊ ဟိုနားမှာ နွားသူခိုး၊ ကြက်သူခိုး သုံးယောက် ချောင်းနေတယ်၊ မင်းနဲ့ငါနဲ့ တွဲလိုက်ကြစို့၊ နွှဲလိုက်ကြစို့ သူခိုးလိုက်ပွဲ သူခိုး၊ သူခိုး . . သူခိုး လိုက်ဟ . . လိုက်ဟ၊ ဖမ်းဟ . . ဆီးဟ၊ ရိုက်ဟ သေအောင်တော့မရိုက်နဲ့ ဟိုဘက်ကလိုက်၊ ဒီဘက်က ဝိုင်း . . ဝိုင်းဟ ကျူးအော်လိုက်တယ်ဆိုရင်ပဲ သူခိုးသုံးယောက်တို့က တင်ပါးနဲ့ဖနောင့် တစ်သားတည်းဖြစ်အောင် ပြေးရှောင်သွားကြတော့၏။ နွေခေါင်ခေါင်ကာလဖြစ်လို့ ဖုန်တထောင်းထောင်း ထသွား၏။

အော်သံဟစ်သံကြား၍ ရွာထဲကလူထုတစ်စု တုတ်၊ ဓား၊ လှံ၊ ဘတ်ခွ၊ လေးမြား၊ ကိုင်းလေးစတဲ့ တောလက် ကျေးရွာ လက်နက်အတိုအထွာဆွဲကိုင်ပြီး စုပြုံထွက်လာကြတော့၏။ "ဘယ်မှာလဲဟ သူခိုး၊ ဖိုးထိုက် မင်းအဖော် အဘိုးကြီးကော"ဟို . . ဟို ဒီနားမှာပဲ ပျောက်သွားတယ်"၊ "ဒီနားဆို ချုံတောမှမရှိတာ" နှမ်းရိပ်ပြီးစ နှမ်းတောတစ်မျှော်တစ်ခေါ်မှာ ပျောက်သွားတယ်ဆိုတော့ ဖိုးထိုက်ရာ ဟုတ်ရဲ့လားကွာ" ဆိုကြ၏။ ဖိုးထိုက်လည်း နားမလည်နိုင်အောင် ဖြစ်သွားပြီး မပြောတတ်၊မဆိုတတ်နေလေ၏။ ထိုအခါ လူတစ်ယောက်က ဆိုတယ်၊ "ခုနက ကျွန်တော်လည်း အဲဒီအဘိုးကြီးကို ရိပ်ခနဲမြင်

လိုက်တယ်ဗျ။ ဖိုးထိုက်ပြောတာဖြစ်နိုင်တယ်" ဆိုလေ၏။

ထို့နောက်တစ်နေ့မှစ၍ ဖိုးထိုက်ကို ရွာသူရွာသားများဟာ လေးစားလာ၊ အားကိုးလာကြ၍ မတရားဖြစ်ကတတ်ဆန်း မခိုင်း မစေကြတော့ပါ။ ဘိုးတော်ဆိုတဲ့ ပုဂ္ဂိုလ်ထူးရဲ့ တပည့်ဟုလည်း သမုတ်ကြလေ၏။ ဘိုးတော်လည်း သူနဲ့ ခဏခဏ လာဆုံးမလေ့ရှိ၏။ "ဘိုးတော် ဘယ်မှာနေသလဲ" မေး၏။ ဘိုးတော်ကပြော၏။ "ဝိဇ္ဇာမှာ လိပ်စာမရှိဘူး" ကွယ့် လိုရင်တလိုက်ကွယ့်။

* * *

# ဆေး တစ်ဆယ့်တစ်မျိုး ရှိတယ်

အညာဒေသတစ်ခုတွင် ရွာကြီးတစ်ရွာရှိတယ်။ (　　)ရွာ ခေါ်ကြတယ်။ ရွာကြီးဖြစ်၍ မြို့နယ်ရုံးစိုက် မြို့ ဖြစ်လိုသူက တစ်ဖက်၊ ရွာကြီးအတိုင်းပဲ အေးအေးဆေးဆေးနေလိုသူတို့ကတစ်ဖက် ဖြစ်နေ၍ မသင့်မမြတ်ဖြစ်နေကြလေ၏။ ထိုရွာကြီးတွင် မြွေပွေးလည်း ခါတိုင်းနှစ်ထက်ပို၍ ပေါလာနေတာကိုတွေ့ရ၏။ စပါးရိပ်၊ မြက်ရိပ်၊ ခြံလုပ်၊ ယာလုပ်ရင်း မြွေပွေးကိုက်၊ ပိုးထိတဲ့အတွက် သေသူ၊ မသေသူ များပေါများလာလေ၏။

ရွာသူရွာသားတို့မှာ ပိုးထိလျှင် အင်္ဂလိပ်ဆေး (ဆေးရုံဆေး) ကို အားထားကြ၏။ ဆေးရုံကဝေးလျှင်လည်းကောင်း၊ ကားမရှိလျှင် လည်းကောင်း အခက်အခဲတွေ့ကြ၏။ နွားလှည်းနှင့် လူနာကိုယူသွား၊ လူထမ်းစင်လုပ်၍ ယူသွားသော် ခရီးဝေးသဖြင့် လမ်းတွင်ပင် လူနာ က ပျက်စီးသေဆုံးတာက များလာလေ၏။ တိုင်းရင်းဆေး၊ ဆေးမြီးတို သုံး၍ အဆင်ပြေတာလည်းရှိ၏။ နယ်ရှင်နတ်၊ ပယ်ရှင်နတ်၊ ရိုးရာ

နတ်တို့ကို အားကိုးခြင်း၊ ဝိဇ္ဇာဘိုးတော်တို့ကို အားကိုးခြင်း၊ ရတနာသုံးပါး အနန္တော အနန္တငါးပါးကို အားကိုးခြင်း၊ (၃၇)မင်း၊ နတ်ငါးမျိုးကို အားကိုးခြင်းကိုကား မရှိသလောက် ဖြစ်နေကြ၏။ ခေတ်အလျောက်၊ ကာလအလျောက်ဖြစ်နေလေ၏။

တစ်နေ့သ၌ ကိုကျောက်ခဲဟာ ယာခင်းသို့အသွားလမ်းတွင် ပိုးထိခံ (မြွေကိုက်)ရလေ၏။ သူက ရွာမြောက်ပိုင်း မှာနေပေမယ့် သူ့အခင်းက ရွာတောင်ပိုင်းမှာ အတော်အတန်လှမ်းတဲ့ တောတွင်ရှိ၏။ ကိုကျော်ခဲက ထော့နဲ့ထော့နဲ့နှင့် ရွာလမ်းတစ်လျှောက် ပြန်လာတာကို သူသူငါငါ တွေ့ကြ၏။ "ကိုကျောက်ခဲ ခြေထောက် ဘာဖြစ်တာတုန်း"၊ "ငါ့ . . ငါ့ကို ပိုးထိထားတယ်ကွ၊ ခါတိုင်းတော့ ဆေးပါလာတယ်၊ ဒီနေ့ကျမှ ဆေးမပါလာဘူး၊ ကိစ္စမရှိပါဘူးကွာ၊ အိမ်ကျမှ ကုရတော့မှာပဲ၊ ပိုးကောင်က အတော်ကြီးတယ်ကွ၊ လက်ကောက်ဝတ်သာသာတောင် ရှိတာကွ၊ ငါတော်တော် ဒေါသထွက်သွားတယ်၊ ခေမတို့နဲ့ ခုတ်သတ်မယ်လို့လုပ်တုန်း ဘိုးတော်က ရောက်လာပြီး ပိုးကောင်ကိုချမ်းသာပေးဖို့ ပြောတာ နဲ့ ငါအသာကလေးပြန်လာတာ" ဆိုလေ၏။ ထိုစကားကိုကြားတဲ့ ရွာသူရွာသားတို့က ယုံကြည်ရခက်နေကြလေ၏။ ကို ကျောက်ခဲပြောပြန်၏။ "ကျုပ်က မြွေကိုက်ခံရတာ ဒီတစ်ကြိမ်မှမဟုတ်ဘူး၊ သုံးလေးခါရှိပါပြီ၊ ကိုယ့်ဗုဒ္ဓဘာသာဆေးနဲ့ ကိုယ်ကုယူတာပဲ၊ ပျောက်သွားတာပဲ" ဆိုလေ၏။ ထိုအခါ ရွာသားတို့ကမေးကြ၏။ "ကိုကျောက်ခဲက ရွာထဲမှာ ပိုးထိလို့ သေတဲ့လူမနည်းတော့ဘူး၊ တစ်နှစ်ကိုပိုးထိလို့ သေသူ နှစ်ယောက်ပဲထား ၁၀ နှစ်ဆိုရင် အယောက် ၂၀ တကယ်ဆို ဒီထက်တောင်များသေးတယ်၊ အဲဒါ ကိုကျောက်ခဲက ဘာဖြစ်လို့ မကုပေးတာလဲ" ဆိုလေ၏။ ကိုကျောက်ခဲ

က ပြောပြန်၏ "ငါ့ ဘိုးတော်က ငါ့ကိုဆေးကုခွင့်မပေးဘူး၊ ဘိုးတော်ကပြောတယ်၊ ဗုဒ္ဓဘာသာဆေးကိုးမျိုးရှိတယ်တဲ့။ ဒါပေမယ့် လူတွေမသုံးစားကြဘူး၊ ပြောရင်လည်း မယုံကြလို့ မကုခိုင်းတာတဲ့"

"ငါ့ ဘိုးတော်က ပြောဖူးတယ်။ ဗုဒ္ဓဆေးကိုးမျိုးဆိုတာက (၁) ဘုရားဆေး၊ (၂) တရားဆေး၊ (၃) သံဃာဆေး၊ (၄) မိဘဆေး၊ (၅) ဆရာဆေး၊ (၆) ပြဟ္မာဆေး၊ (၇) နတ်ဆေး၊ (၈) ဝိဇ္ဇာဘိုးတော်ဆေး၊ (၉) နဂါးဂဠုန်ဆေး ဆိုတယ်။ နောက်ထပ် နံပါတ်တိုးမယ်ဆိုရင် (၁၀) တိုင်းရင်းသားဆေး (ဗိန္ဒောဆေး)၊ (၁၁) အင်္ဂလိပ်ဆေး (သိပ္ပံ) ဆေးဖြစ်တယ်တဲ့၊ တကယ်ပြောမယ်ဆိုရင် အင်္ဂလိပ်ဆေးဟာ အညံ့ဆုံးဆေး၊ အလွယ်ဆုံးဆေးဖြစ်လို့ လူသုံးများတယ်ဆိုတယ်လို့ ဘိုးတော်က မိန့်ဖူးတယ်။ ဗုဒ္ဓဘာသာဆေးကိုးမျိုးကို လူတွေဟာ ၁၀ ရာခိုင်နှုန်းတောင် မသုံးမသိ နားမလည်ကြဘူးဆိုတယ်"။ ဗုဒ္ဓဘာသာဆေးအကြောင်း နောက်မှပြောမယ်ဆိုလေ၏။

ရှာသူ/ ရှာသားတို့သည် ခေါင်းကုတ်ကြလေ၏။

အောင်မော်စံဆရာတော်

၂၈၄၈၄
၇.၁၁.၂၀

✳ ✳



ပါဠိတော် အပါဒါန်တွင်လည်း အရှင်မဟာကစ္စည်းမထေရ်မြတ်၏ အလောင်းတော်ဝိဇ္ဇာမိုရ်သည်
သုမေဓာ ဘုရားရှင်နှင့် ကောင်းကင်ယံ၌ ဖူးတွေ့ရရာ ကြည်ညိုစိတ်ကြီးမားလှသဖြင့်
မဟာလှေခါးပန်းပွင့်ကို လှူပူဇော်ကြောင်း
ဥတ္တရသာမဏေ အလောင်းတော်ဝိဇ္ဇာသည် သုမေဓာဘုရားရှင်နှင့် ကောင်းကင်ယံ၌
ဖူးတွေ့ရရာ ပန်း၊ ထီးလှူပူဇော်ကြောင်း.....

ဝမ္မဒါနအလှူဖြင့်